ကြေးမုံ The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ စနေနေ့ (31-5-2014) (၇၇၅၇)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကျောက်ဖြူ	၂ ဒသမ ၁၆ လက်မ
တောင်ငူ	၁ ဒသမ ၅၇ လက်မ
ရွှေကျင်	၁ ဒသမ ၅၀ လက်မ
နေပြည်တော် (တပ်ကုန်း)	၁ ဒသမ ၃၀ လက်မ
နမ့်စန်	၁ ဒသမ ၃၀ လက်မ
ရမည်းသင်း	၁ ဒသမ ၂၂ လက်မ

ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်အတွင်းမှ ဥပဒေနှင့်အညီပြင်ဆင်နိုင်ဖို့ ဆွေးနွေးလျက်ရှိ

နိုင်ငံတော်သမ္မတ လစဉ်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

(၃၁-၅-၂၀၁၄)

မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း မေလအတွင်း မြန်မာနိုင်ငံရဲ့ အခြေအနေများနဲ့ပတ်သက်ပြီး အစိုးရရဲ့လုပ်ဆောင်ချက်များကို မိဘပြည်သူများထံ ယခုကဲ့သို့ ပုံမှန်တင်ပြရခြင်းဖြစ်ပါတယ်။

အာဆီယံဥက္ကဋ္ဌတာဝန်ကို ယူထားရတဲ့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို မေလ ၁၁ ရက်နေ့က နေပြည်တော်မှာ လက်ခံကျင်းပပေးခဲ့ပြီး ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီ၊ ကောင်းမွန်တဲ့အုပ်ချုပ်မှု၊ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်မှုစတဲ့ ဒေသတွင်းအရေးနဲ့ ပတ်သက်တဲ့ အရေးကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးမှုများကနေတစ်ဆင့် အာဆီယံနိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှုကို မြှင့်တင်ခြင်းနဲ့အတူ နိုင်ငံရေးအရ စည်းရုံးသော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေးအရ တာဝန်သိသော အာဆီယံအသိုက်အဝန်းဖြစ်ပေါ်ဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ အချက်(၂၈)ချက် ပါဝင်တဲ့ သဘောတူညီချက်ကို ထုတ်ပြန်ခဲ့ကြပါတယ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာ ဖြစ်ပွားခဲ့တဲ့ မော်တော်ယာဉ် မတော်တဆမှုများကြောင့် ပြည်သူတချို့ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရခဲ့တာကို ကြားသိရတဲ့အတွက် ကျွန်တော့်အနေနဲ့ ထိခိုက်ခံစားရသူ မိသားစုဝင်များနဲ့ ထပ်ထူထပ်မျှ ဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါတယ်။ ယခုလို

> "ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရာ၌ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူအားလုံး၏ အမြော်အမြင်ကြီးမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့်သာ ပြင်ဆင်သင့်။"

မကြာခဏဖြစ်ပွားနေရတဲ့ အကြောင်းအရင်းများကို သိရှိနိုင်ဖို့အတွက် ကျွန်တော်ကိုယ်တိုင် အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု အဖြစ်ပွားဆုံးနေရာများနဲ့၊ ဖြစ်ပွားနိုင်ခြေအရှိဆုံး နေရာများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့ အစီအမံတွေကို ဆောင်ရွက်ကြဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ရဲ့ တိုင်းတာချက်များ၊ အကြံပြုချက်များအရ လမ်းမကြီးရဲ့ ဦးစားပေးပြုပြင်ရမယ့် ၆ ရာခိုင်နှုန်းကို အမြန်ဆုံးပြုပြင်ဖို့၊ လမ်းမကြီးရဲ့ ကြံ့ခိုင်မှုနဲ့ အသုံးပြုနိုင်မှုကို အမြန်ဆုံးမြှင့်တင်ဖို့ လမ်းပိုင်းချွတ်ယွင်းမှုသာမကဘဲ ရာသီဥတုကြောင့်၊ ပေါ့လျော့စွာမောင်းနှင်မှုကြောင့် ဖြစ်ပေါ်နိုင်ခြေရှိတဲ့ အလားအလာများကိုပါ ကြိုတင်ကာကွယ်နိုင်ဖို့ အသိပညာပေးရေးလုပ်ငန်းများနဲ့ စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားကြဖို့ကိုလည်း ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဖော်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များနဲ့ပတ်သက်ပြီး ဖြစ်ပေါ်တိုးတက်မှုများကိုလည်း တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပညာရေးကဏ္ဍတိုးတက်လာရန် ပုဂ္ဂလိကပညာရေးကဏ္ဍကို ပိုမိုအားပေးရမည်

နေပြည်တော် မေ ၃၀

ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရန် တောင်ငူမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့တွင် ဖြူးမြို့နယ်နှင့် ပဲခူးမြို့နယ်တို့၌ ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ပညာရေးကဏ္ဍတွင် အခြေခံနှင့် အဆင့်မြင့်ပညာရေးကဏ္ဍဟူ၍ နှစ်ပိုင်းရှိပြီး အခြေခံပညာရေးကဏ္ဍ၌ ကျောင်းစတင်ဖွင့်လှစ်ချိန်တွင် ကျောင်းနေအရွယ် ကလေးတိုင်းကျောင်းအပ်နှံနိုင်ရန် အဘက်ဘက်မှ ကူညီပံ့ပိုး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပဲခူးမြို့ အောင်စေတီစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်းတွင် ကျောင်းသားကျောင်းသူလေးများအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

အနောက်တောင်မုတ်သုံလေဝင်ရောက်

နေပြည်တော် မေ ၃၀

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၃၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၅၁ မိနစ် ၂၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၃၅ မိုင်ခန့်ကွာဝေးသော တရုတ်-မြန်မာနယ်စပ် (မြစ်ကြီးနားမြို့၏ အရှေ့တောင်ဘက် ၃၈ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော ငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ စာတည်းရှုထောင့် ၃၁-၅-၂၀၁၄၊ စနေနေ့

ခရီးသွားပြည်သူများစိတ်ချမ်းသာရေး

အများပြည်သူတို့ နိစ္စဓူဝနေ့စဉ် လှုပ်ရှားနေရသောအလုပ်မှာ သွားရေးလာရေးပင်ဖြစ်သည်။ ထိုသွားလာရေးနှင့်ပတ်သက်လို့လည်း နေ့စဉ်အမြင်မတင့်ဖွယ်ရာများ၊ အဆင်မပြေမှု ညည်းတွားဖွယ်ရာများကိုလည်း မြင်တွေ့ကြားသိနေရပါသည်။

ထိုသို့ကြားသိနေရသော ခရီးသွားလာမှုမျိုးမှာ မြို့တွင်းကားလိုင်းဖြင့်သွားလာမှုမျိုးဖြစ်ပါသည်။ ယာဉ်များအပြိုင်အဆိုင်မောင်းနှင်ခြင်း၊ ခရီးသည်များကို အဆမတန်တင်ဆောင်ခြင်း၊ သတ်မှတ်မှတ်တိုင်တွင် ရပ်မပေးခြင်း၊ ယာဉ်စီးခပိုယူခြင်း၊ ခရီးသည်များကို မချေမငံဆက်ဆံခြင်း၊ ထိုထက်မက ရန်ပြုမှုသည်အထိကျူးလွန်တတ်သည်တို့ကို ကြားသိရဖူးသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ယာဉ်လိုင်းပေါင်းမှာ ၄၀၀ နီးပါးရှိပြီး ခရီးသွားပြည်သူများမှာ သန်းနှင့်ချီပြီး ရှိသည်။ ထိုခရီးသွားပြည်သူတို့၏ အခက်အခဲမှာ နေ့စဉ်နှင့်အမျှ ကားလိုင်းအမျိုးမျိုးတွင် ဖြစ်ပေါ်နေသည်။ ယာဉ်လိုင်းအားလုံးကိုမဆိုလိုသော်လည်း ယာဉ်အတော်များများတွင် ဖြစ်တတ်သည်။ ယခုအခါ အဆိုပါအခက်အခဲများကို ကျော်လွှားသွားနိုင်ရန်အတွက် အမျိုးသမီးယာဉ်နောက်လိုက်အချို့ကို စတင်စမ်းသပ် အကောင်အထည်ဖော်နေပြီဟု ကြားသိရသည်။

ခရီးသွားများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်းပေတည်း။ အဆိုပါယာဉ်လိုင်းပိုင်ရှင်၏ စေတနာဟုလည်း ဆိုနိုင်ပါသည်။ သူ၏အထူးယာဉ်လိုင်းတွင် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရန်အတွက် သတ်မှတ်ခရီးသည်အရေအတွက်နှင့် သက်သောင့်သက်သာ လိုက်ပါစီးနင်းနိုင်သော ခရီးစဉ်တစ်မျိုးကို စွန့်ဦးတီထွင်လိုက်ခြင်းဖြစ်သည်။

ထိုအစီအစဉ်မျိုးကို လွန်ခဲ့သည် အနှစ်လေးဆယ်ခန့်ကလည်း အကောင်အထည်ဖော်ခဲ့ဖူးသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ထိုအစီအစဉ်မှာ တာရှည်မခံပျက်သွားခဲ့သည်။ ယခုအခါ ခေတ်စနစ်အရ အဆိုပါအစီအစဉ်ကို ပြန်လည်အကောင်အထည်ဖော်လိုက်နိုင်ပြီဖြစ်သည်။ ယာဉ်လိုင်းပိုင်ရှင်ကလည်း စေတနာထက်သန်၊ ယာဉ်နောက်လိုက်အမျိုးသမီးများကလည်း တက်တက်ကြွကြွ ရဲရဲဝံ့ဝံ့လုပ်၊ ခရီးသည်များကလည်း နားလည်မှုရှိရှိ အသိတရားရှိရှိ ဆောင်ရွက်ကြမည်ဆိုပါလျှင် အဆိုပါအစီအစဉ် အောင်မြင်မည်မှာ မလွဲကေန် အမှန်ဖြစ်မည်။

ခရီးသည်များတွင် သတ်မှတ်ငွေကြေးဖြင့် သက်သောင့်သက်သာ စိတ်ချမ်းမြေ့စွာ သွားလာလိုသူများ ရှိပါသည်။ ယာဉ်ပိုင်ရှင်မှာလည်း ထိုက်သင့်သော အမြတ်အစွန်းရ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များလည်း မျှတသော အခကြေးငွေများရကြမည်ဆိုလျှင် ထိုအစီအစဉ်မှာ မအောင်မြင်စရာ အကြောင်းမရှိချေ။

ရန်ကုန်မြို့နေ ပြည်သူလူထုအများစုအနေဖြင့် နေ့စဉ်အသက်မွေးဝမ်းကျောင်းအလုပ်နှင့် အကြောင်းကိစ္စအမျိုးမျိုးအတွက် ရန်ကုန်မြို့တွင်း ယာဉ်လိုင်းများကိုသာ အားကိုးအားထားပြုသွားလာနေရသည်။ နေ့စဉ် ယာဉ်ကြောကြပ်ပိတ်ဆို့ကာ အချိန်ကြန့်ကြာမှုရှိရသည့်အထဲတွင် ယာဉ်လုပ်သားများ၏ ပြောဆိုဆက်ဆံမှုပုံစံနှင့် ခရီးသည်နှင့် ယာဉ်နောက်လိုက်ကြား အဆင်မပြေမှုအမျိုးမျိုးတို့အား ယခုအစီအစဉ်သစ်ဖြင့် ကျော်လွှားလွန်မြောက်အောင် ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုရမည်ဖြစ်သည်။

ယခုစမ်းသပ်ယာဉ်အနည်းငယ်မျှဖြင့် အောင်မြင်မှုရလာလျှင် အခြားယာဉ်လိုင်းများတွင်လည်း ထပ်မံအားဖြည့်ဆောင်ရွက်ကြမည်ဆိုပါက ထာဝရတည်တံ့ခိုင်မြဲသော အဆင်ပြေမည့်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ထွန်းလာမည်ဖြစ်သည်။ ထိုသို့ဖြစ်ထွန်းနိုင်အောင်လည်း သက်ဆိုင်ရာတာဝန်ရှိသူ ယာဉ်လိုင်းကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့လိုမည်ဖြစ်သည်။

ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းသည် ပြည်သူလူထုအကျိုးကိုသယ်ပိုးဆောင်ရွက်ပေးသော လုပ်ငန်းဖြစ်သဖြင့် အမှန်တကယ်စိတ်ထားမွန်မြတ်စွာထားပြီး ဆောင်ရွက်ပေးနိုင်လျှင် ကုသိုလ်လည်းရ ဝမ်းလည်းဝသော မွန်မြတ်သည့်လုပ်ငန်းတစ်ခုဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အမျိုးသမီးယာဉ်နောက်လိုက်ပါဝင်သော သီးသန့်ယာဉ်များ အောင်မြင်ဖြစ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၃၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Christoph Burgener သည် မေ ၂၈ ရက် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်ထွန်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ တက်ရောက်ကြသည်။

ယင်းသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွစ်ဇာလန်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်သည့် အလားအလာများ၊ မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်လိုသည့် နယ်ပယ်များ၊ လတ်တလော ဆောင်ရွက်နေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအသုံးချမှုမူဝါဒနှင့် မြေအသုံးချမှုစီမံချက်များ ပူးပေါင်းရေးဆွဲနေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အလိုအလျောက် ရထားအချိန်စာရင်းရေးဆွဲနိုင်သော Software နှင့် ကွန်ပျူတာသုံးပစ္စည်းများ လှူဒါန်း

နေပြည်တော် မေ ၃၀

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပို့ဆောင်ရေးအဖွဲ့အစည်း (Japan International Transport Institute-JITI)မှ မြန်မာ့မီးရထားသို့ အလိုအလျောက် ရထားအချိန်စာရင်းရေးဆွဲနိုင်သော Software နှင့် ကွန်ပျူတာသုံးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၈ ရက် ညနေပိုင်းတွင် နေပြည်တော် မြန်မာ့မီးရထားရုံးချုပ်၌ကျင်းပရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်းမှ ဥက္ကဋ္ဌ Mr.Makoto Washizu က အလိုအလျောက် ရထားအချိန်စာရင်း ရေးဆွဲနိုင်သော Software ၁၃ ခု၊ ကွန်ပျူတာနှစ်စုံ၊ Cannon အမျိုးအစား Laser Printer နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

Japan International Consultant for Transportation Co.,Ltd- JIC မှ ပညာရှင်များက အဆိုပါလှူဒါန်းသော ပစ္စည်းများဖြင့် ရထားအချိန်စာရင်း လက်တွေ့ရေးဆွဲမှုသင်တန်းများကို မြန်မာ့မီးရထားဝန်ထမ်းများသို့ သင်ကြားပေးသွားမည်ဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် ရထားအချိန်စာရင်းရေးဆွဲရာတွင် ကွန်ပျူတာနည်းပညာဖြင့် ရေးဆွဲမှုပြုလုပ်နိုင်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ရထားသွားလာမှုကို ပိုမိုစနစ်တကျထိရောက်စွာ စီမံဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၃၀

ရန်ကုန်	ရွှေဈေး	၆၄၉၈၀၀	-	၆၅၀၈၀၀
မန္တလေး	ရွှေဈေး	၆၄၉၀၀၀	-	၆၅၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၆၆. ၀၀
(ခ) ဥရောပ	တစ်ယူရို	=၁၃၁၄. ၁
(ဂ) တရုတ်	တစ်ယွမ်	= ၁၅၄. ၈၆
(ဃ) ထိုင်း	တစ်ဘတ်	= ၂၉. ၄၅၁
(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၆၁
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၉၅
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၅၀. ၃၂
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၆၆၄
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	= ၈၉၉. ၆၅
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၀. ၃၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသော သဘောတူညီချက်များပေါ်မူတည်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ ပြုလုပ်သင့်။

☆ **ရွှေဖုံးမှ**

တိုင်းရင်းသားအဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ဆွေးနွေးခဲ့တဲ့ ခြောက်လအတွင်း လွန်ခဲ့တဲ့ဧပြီလက ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ အားလုံးသဘောတူညီတဲ့ တစ်ခုတည်းသော သဘောတူညီချက်မူကြမ်းတစ်စောင် ရရှိခဲ့ပါတယ်။ မေလမှာ ထပ်မံပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာတော့ နှစ်ဖက်လုံးက မူကြမ်းရဲ့ ၇၀ ရာခိုင်နှုန်းကျော်ကို သဘောတူနိုင်ခဲ့ပြီး ဒုတိယမူကြမ်းကို ရေးဆွဲနိုင်ခဲ့ပါတယ်။ နိုင်ငံတကာစံနဲ့ကြည့်မယ်ဆိုရင် အခြားနိုင်ငံများမှာ နှစ်နဲ့ချီပြီး ဆွေးနွေးရတဲ့ကိစ္စတွေကို ကျွန်တော်တို့ အလျင်အမြန် သဘောတူညီမှုတွေရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ အဖွဲ့ပေါင်းများစွာနဲ့ တွေ့ဆုံဆွေးနွေးရသည့်တိုင်အောင် အဓိကကျတဲ့ သဘောတူညီမှုများ ရရှိအောင် အားလုံးအနေနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့ကြောင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးမှာ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေကြသူများ အားလုံးကို အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ကျွန်တော်တို့အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ နှောင့်နှေးစေမှာဖြစ်သလို ဒီမိုကရေစီရှင်သန်ဖို့ကိုလည်း များစွာနှောင့်နှေးစေမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီအရေးဟာ တိုက်ရိုက်ဆက်စပ်နေတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီအရေး တည်ဆောက်မှုများ အားကောင်းလာတာနဲ့အမျှ မှန်ကန်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေပေါ်ပေါက်လာဖို့ အထောက်အကူဖြစ်ခဲ့ပြီး ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခများကို မှန်ကန်စွာဖြေရှင်းဖို့အတွက် အားပေးရာ ရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေး အမှန်တကယ်ရဖို့ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီလို့ ဆိုရမှာပဲဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ငြိမ်းချမ်းရေးရလာတာနဲ့အမျှ ဒီမိုကရေစီ ပိုမိုအားကောင်းလာတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ အားလုံးပါဝင်နိုင်တဲ့ All-Inclusive ဖြစ်စဉ် တစ်ရပ်ဖြစ်ပြီး ဒီဖြစ်စဉ်အတွင်းမှာ ပြည်သူများအနေနဲ့ မိမိတို့ ကျရာကဏ္ဍကနေ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ကြောင်းကိုလည်း တိုက်တွန်းပြောကြားလိုပါတယ်။

ခေတ်စနစ်မျိုးစုံက ရွေးချယ်ပုံဖော်ခဲ့တဲ့ နိုင်ငံရေးပုံစံများနဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်များကြောင့် မိမိတို့အချင်းချင်းအကြား သံသယကြီးမားမှုကို အမြစ်တွယ်စေခဲ့တာဖြစ်ပါတယ်။ အကောင်းမြင်လွှန်းခြင်း(သို့မဟုတ်) အဆိုးမြင်လွန်းခြင်းများဟာ လက်ရှိနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လက်တွေ့အရှိတရားများနဲ့ ကင်းကွာစေတဲ့ ရှုမြင်မှုအမျိုးမျိုးကို ပေါ်ပေါက်စေပါတယ်။ အခုလို သံသယကြီးမားမှုများ ကာလရှည်ကြာစွာ အမြစ်တွယ်ခဲ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဘက်စုံပြုပြင်ပြောင်းလဲရေးများ ပြုလုပ်တဲ့အခါမှာ အခက်အခဲများစွာ ရှိနိုင်ခြင်းကို မိမိတို့အနေနဲ့ လက်ခံနိုင်ရမှာဖြစ်သော်လည်း ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်ကို ထိန်းသိမ်းနိုင်ခြင်းနဲ့ ရရှိပြီးဖြစ်တဲ့ အဆင့်ဆင့်တက်လှမ်းနိုင်မှုများမှ နောက်ကြောင်းပြန်လှည့်ခြင်းကို ရှောင်ရှားနိုင်ခြင်းဆိုတဲ့ နိုင်ငံရေးအခြေအနေတစ်ခုကို ဖန်တီးနိုင်ခဲ့တယ်ဆိုတဲ့အချက်ကတော့ ငြင်းဆိုလို့မရတဲ့ အရှိတရားပဲဖြစ်ပါတယ်။

ဒီလိုအဆင့်ဆင့်တက်လှမ်းနိုင်ခြင်းမှာ ကျွန်တော်တို့နိုင်ငံသားတစ်ဦးချင်းစီ အနေနဲ့သာမကဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေနဲ့ လုံလောက်တဲ့ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ဖွဲလုံ့လဝီရိယစိုက်ထုတ်၍ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်။ ယခုလို လုပ်ဆောင်နိုင်မှုရဲ့ အဓိကအကျဆုံးအချက်ကတော့ မိမိတို့လူ့အဖွဲ့အစည်းအတွင်း ကြာမြင့်စွာတည်ရှိခဲ့တဲ့ မတူညီတဲ့ နိုင်ငံရေးအင်အားစုများအကြား ထိပ်တိုက်ရင်ဆိုင်ပြီး အချင်းချင်းအပြန်အလှန် ဖယ်ထုတ်ခြင်းဆိုသည့် ဝလေ့ဟောင်းများကနေ ခွဲထွက်ပြီး မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာခြင်းဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို အသက်သွင်းကျင့်သုံးနိုင်ခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ ဒီနိုင်ငံရေး ယဉ်ကျေးမှုသစ်ကို ဆက်လက်ရှင်သန်နိုင်ဖို့အတွက် အားလုံးအနေနဲ့ ဝိုင်းဝန်းကြိုးပမ်းရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်လို့ ဒီမိုကရေစီစံချိန်စံနှုန်းများ ပြည့်မီရေးအတွက်လိုအပ်တဲ့ ပြင်ဆင်မှုတွေပြုလုပ်ဖို့ ကြိုးပမ်းဆောင်ရွက်နေမှုများကို ကျွန်တော့်အနေနဲ့ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပါတယ်။ လွှတ်တော်များအနေနဲ့ ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို ဖွဲ့စည်းပြီး အခြေခံဥပဒေကို လွှတ်တော်အတွင်းမှ ဥပဒေနှင့်အညီ ပြင်ဆင်နိုင်ဖို့ ဆွေးနွေးသုံးသပ်လျက်ရှိပါတယ်။ နိုင်ငံရေးအင်အားစုတချို့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်လို့ ပြည်သူလူထုရဲ့ သဘောထားဆန္ဒများကို စုဆောင်းလျက်ရှိနေတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုတာကတော့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေတဲ့ နိုင်ငံရေးအင်အားစုများအားလုံးအနေနဲ့ အချင်းချင်းချိတ်ဆက်ပြီး လိုအပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဟန်ချက်ညီညီပြုလုပ်ခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံသားတစ်ဦးချင်းစီအတွက် လက်တွေ့ကျတဲ့ ကောင်းမွန်တဲ့ရလဒ်များ ပေါ်ပေါက်စေရန် ကြိုးပမ်းလုပ်ဆောင်ကြဖို့ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ စပ်လျဉ်းပြီး ကျွန်တော့်ရဲ့ သဘောထားရပ်တည်ချက်များကို ထပ်လောင်းပြောကြားလိုပါတယ်။ ပထမအချက်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသော သဘောတူညီချက်များပေါ်မူတည်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ ပြုလုပ်သင့်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရာ၌ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူအားလုံး၏ အမြော်အမြင်ကြီးမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာ မှန်ကန်မှုတို့ဖြင့်သာ ပြင်ဆင်သင့်ပါတယ်။ တတိယအချက်အနေနဲ့ မည်သည့်နိုင်ငံသား၊ တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်အား ကန့်သတ်တားမြစ်ထားခြင်းမျိုး မဖြစ်စေလိုသည့် နိုင်ငံရေးစေတနာရှိသလို တစ်ဖက်တွင်လည်း မိမိတို့ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်သော အကာအကွယ်ပေးနိုင်သည့် အခြေခံများရှိရန် လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ အသက်ဝင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပိုင်ဆိုင်ဖို့ဆိုရင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များနဲ့ သဟဇာတဖြစ်အောင် အခြေအနေ၊ အချိန်အခါအလိုက် ပြင်ဆင်ရေးသားရမယ်ဆိုတဲ့ အခြေခံမူကို ဆုပ်ကိုင်ထားရမှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အဓိကအစိတ်အပိုင်းဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများကရရှိလာမယ့် သဘောတူညီချက်များအတွက် လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပင် မိမိတို့တည်ဆောက်လိုတဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပီပြင်လာစေရေးအတွက် လိုအပ်မယ့် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီလာစေဖို့အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ဖို့ ကြိုးပမ်းအားထုတ်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့အခါမှာ ပါဝင်ပတ်သက်သူအားလုံးရဲ့ အမြော်အမြင်ကြီးမားမှုနဲ့ စိတ်ရင်းစေတနာမှန်ကန်မှုတို့က အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းများစွာ ဒီမိုကရေစီနဲ့ကင်းကွာနေလို့ ဒီမိုကရေစီအလေ့အထများ ပြန်လည်ရှင်သန်လာဖို့နဲ့ ဒီမိုကရေစီစိတ်ဓာတ်များ ပြန်လည်မွေးမြူနိုင်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီစနစ်ရှင်သန်ဖို့ဆိုရင် ဒီမိုကရေစီစိတ်ဓာတ် ရှိဖို့လိုပါတယ်။ ဒီမိုကရေစီစိတ်ဓာတ်ဆိုရာမှာ ဒီမိုကရေစီရဲ့တန်ဖိုးများကို လေးစားလိုက်နာခြင်းပဲ ဖြစ်ပါတယ်။ ဒီတန်ဖိုးများမှာ အခွင့်အရေးနဲ့ တာဝန်ယူမှုကိုနားလည်တာ၊ တရားဥပဒေစိုးမိုးရေးနဲ့ ဥပဒေကို လေးစားလိုက်နာတာတွေ အဓိက ပါဝင်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေးတွေကို ဒီမိုကရေစီနည်းလမ်းတကျ ဖြေရှင်းဖို့၊ အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှု နည်းလမ်းတွေနဲ့ ဖြေရှင်းဖို့၊ အဖြေရှာနိုင်ကြဖို့ လိုအပ်ပါတယ်။ ဒိုင်ယာလော့ဆိုတာ ပြဿနာတွေကို အတူတကွ အဖြေရှာပြီး ရလာမယ့်အဖြေတွေကို စုပေါင်းအကောင်အထည်ဖော်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖြစ်တဲ့အတွက် အခုလို ပြုပြင်ပြောင်းလဲမှုကာလမှာ ပိုပြီးအရေးကြီးတဲ့ကိစ္စရပ်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့နိုင်ငံရေးမှာ ပွင့်လင်းလွတ်လပ်လာမှု၊ ဖြစ်ထွန်းတိုးတက်မှုအဆင့်ဆင့်ကို အစဉ်အမြဲ ဖော်ဆောင်ကြိုးပမ်းကြိုဆိုလျက်ရှိပါတယ်။ နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေ၊ လုပ်ဆောင်ချက်တွေကို ချမှတ်ဆောင်ရွက်တဲ့နေရာမှာ ရရှိထားတဲ့ နိုင်ငံရေးပွင့်လင်းလွတ်လပ်မှုများ ဆက်လက်ရှင်သန်စေဖို့ အစဉ်ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

> **မည်သည့်နိုင်ငံသား၊ တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်အား ကန့်သတ်တားမြစ်ထားခြင်းမျိုးမဖြစ်စေလိုသည့် နိုင်ငံရေးစေတနာရှိသလို တစ်ဖက်တွင်လည်း မိမိတို့ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်သော အကာအကွယ်ပေးနိုင်သည့် အခြေခံများရှိရန် လိုအပ်။**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၅-၂၀၁၄ (စနေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	"ကောင်းခြင်းအလှတို့ဝေဖြာ မြန်မာ့ရိုးရာခြင်းလုံးပညာ"
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၃၀	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၂၃၅)
၁၀း၄၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်မီးအိမ်" (အပိုင်း-၅)
၁၁း၃၀	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၂၅	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၃း၁၅	"အရိပ်အကဲ"
၄း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသ အခြေအနေ
၄း၃၅	"လူငယ်နှင့်ဆေးလိပ်အန္တရာယ်"
၆း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသ အခြေအနေ
၇း၂၀	ဟိုတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "မြတ်ပန်းတော်ဝင်" (ဝေယံမင်း၊ ခိုင်သဇင်၊ A3) (ဒါရိုက်တာ-သီတာလင်း Laurel Art Academy)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

HOTEL & RESORT များအတွက်
EXPORT QUALITY, TEAK GARDEN FURNITURE များ ရောင်းရန်ရှိသည်
အထူးစျေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် ဖုန်း - ၀၁ ၂၂၈ ၄၇၅ ၊ ၀၉ ၅၁၅ ၁၆၇၁ ၊ ၀၉ ၅၁၃ ၄၈၄၈

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အထက(၆)အလုံမှ တက္ကသိုလ်ဝင်တန်း ကျောင်းသားဖြစ်သူ မောင်စိုင်းဆိုင်မွန်သည် ဘက်စုံထူးချွန်(နှစ်ထပ်ကွမ်း)ဆု ရရှိသည့်အပြင် ဂျပန်နိုင်ငံသို့လေ့လာရေးခရီး သွားရန်ရွေးချယ်ခြင်းခံရသဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် နောင်တွင်လည်း နိုင်ငံအကျိုး သယ်ပိုးနိုင်သော သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုံမြို့နယ်ပညာရေးမှူး
အထက(၆)အလုံမှဆရာ/ဆရာမများ

အမိနိုင်ငံတော်၏စွမ်းအား ပိုမိုတောင့်တင်းလာစေရန် အခြေခံသင်ကြားပေးခြင်းဖြစ်

နေပြည်တော် မေ ၃၀

တပ်မတော်အနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအား "မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး" တို့အတွက် ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် လေကြောင်းလူငယ်သင်တန်းတို့ကို ယခုနှစ်မှစတင်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသည့် မောင်မယ်တို့ကို အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် ဂုဏ်ပြုပါကြောင်း။

ယခုသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကာကွယ်ရေးစွမ်းအားကို အထောက်အကူပြုစေမည့်အပြင် နိုင်ငံ့စွမ်းအားကို တည်ဆောက်နိုင်ရန်၊အမိနိုင်ငံတော်၏ စွမ်းအားပိုမိုတောင့်တင်းလာစေရန် အခြေခံသင်ကြားပေးခြင်းဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပခဲ့သော ရေကြောင်းလူငယ်မောင်မယ်နှင့် လေကြောင်းလူငယ်မောင်မယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင်တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးတာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိ ထမ်းဆောင်နေသလို နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို ရေရှည်မြော်တွေး၍ စီမံချက်ချမှတ်ဆောင်ရွက်နေကြောင်း၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ကာကွယ်ရေးဆိုလို့ ဘယ်လိုဘယ်နည်း ကာကွယ်မယ်ဆိုတဲ့ အကောင်းဆုံးနည်းလမ်းတွေကို ပါးစပ်ပြောနဲ့ စိတ်ကူးထဲမှာရှိတဲ့ နည်းလမ်းတွေချည်းဆိုရင်လည်း မောရုံပဲ၊ နွားခြေရာကွက်ကွက်ကလေး ကိုယ့်တိုင်းပြည်လေးချည်း ကြည့်ပြောနေလို့လည်း မောရုံပဲ၊ အခြားတိုင်းကြီး ပြည်ကြီးတွေနဲ့ ကမ္ဘာ့ရေးရာ၊ ဗမာပြည်ရဲ့လက်ရှိအခြေအနေတွေကို ကြည့်ပြီးစဉ်းစားမှ အရာရောက်ပါလိမ့်မည်"ဟု ကာကွယ်ရေးနှင့်ပတ်သက်ပြီး အမြင်ကျယ်ရန် ပြောကြားခဲ့ကြောင်း။

လူငယ်များအနေဖြင့်လည်း အရာရာကို စူးစမ်းလေ့လာတတ်သူများပီပီ ပတ်ဝန်းကျင်၏လှုံ့ဆော်သွေးဆောင်မှု၊ မိမိစိတ်အလိုကို မဆင်မခြင်လိုက်ပါမှုကြောင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာများ ယိမ်းယိုင်ပျက်ယွင်းမှုမရှိအောင် ထိန်းသိမ်းရန်လိုအပ်ကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လူငယ်အင်အားစုများကို "အရေးအတွက်မှအရည်အချင်းသို့" ဆိုသည့် စွမ်းရည်မြှင့်တင်မှုများ၊ လမ်းမှန်ရောက်ရှိအောင် ထိန်းမတ်ပို့ဆောင်မှုများပြုလုပ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်" တည်ဆောက်ရေးမှာ မလွဲမသွေအောင်မြင်မည်ဖြစ်ကြောင်း။

ယခုရေကြောင်းလူငယ်နဲ့ လေကြောင်းလူငယ်သင်တန်း တက်ရောက်ကြသည့် လူငယ်မောင်မယ် ၄၅၂ ဦးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ် ၇၃ မြို့နယ်မှ တက်ရောက်လာကြခြင်းဖြစ်ပြီး ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ လားဟူစသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြောင်း၊ နယ်မြေဒေသအသီးသီးမှ တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်ကြပြီး သင်တန်းကာလတွင် နိုင်ငံတော်အတွက် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းသစ်များ ရရှိကြမည်ဖြစ်ကြောင်း၊ ထိုသို့ မိတ်ဆွေသူငယ်ချင်းသစ်များ ရရှိခြင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ အတွေ့အကြုံများ ဒေသန္တရဗဟုသုတများ ဖလှယ်နိုင်ခြင်းတို့သည် နိုင်ငံတော်အတွက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရရှိစေရေး တန်ဖိုးကြီးမားလှသည့် ခွန်အားဖြစ်ကြောင်း၊ ၎င်းခွန်အားသည် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ယခုသင်တန်းက ရရှိလာသည့် စစ်မှန်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မောင်နှမရင်း စိတ်ဓာတ်ဖြင့် ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ရာသက်ပန်ဆက်သွယ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ နိုင်ငံကိုချစ်သည့်သူမှန်သမျှ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် စည်းစည်းလုံးလုံး၊ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍကတစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားကြရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲနှလုံးသွင်းထားရန် တိုက်တွန်းလိုကြောင်း၊ ဘာပဲလုပ်လုပ် တိုင်းပြည်နှင့် လူမျိုးအပေါ် စိတ်ကောင်း စေတနာကောင်းထား၍ ကြိုးစားလုပ်ကိုင်ကြရန် လိုကြောင်း၊ လူငယ်မောင်မယ်များသည် တက်လူများ ဖြစ်သည်နှင့်အညီ မိမိကိုယ်ကို၊ မိမိဒေသ၊ မိမိတိုင်းပြည် ကောင်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းကမ်းလိုက်နာမှု ကောင်းမွန်ခြင်းသည် လွန်စွာအရေးကြီးသည့် အခြေခံ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ အရာရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များရှိသည့်အတွက် စည်းကမ်းလိုက်နာမှုကောင်းမွန်မှသာ လုပ်ဆောင်မှုများ ကောင်းမွန်ပြီး ရလဒ်ကောင်းများကို ရရှိစေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်ရာတွင် စည်းကမ်း၏ တန်ဖိုးကို သိရှိနားလည်ပြီး အလေးအနက်ထား လိုက်နာဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုကြောင်း။

မောင်တို့မယ်တို့သည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိသည့် လူငယ်များဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးနိုင်မည့် နိုင်ငံသားကောင်း၊ သမီးကောင်းရတနာများ ဖြစ်အောင်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူငယ် လူရွယ်တိုင်းတွင် ရည်မှန်းချက်ကိုယ်စီရှိကြသည့်အတွက် မိမိ၏ရည်မှန်းချက်ပန်းတိုင်ကို မယိမ်းမယိုင်ရောက်ရှိနိုင်စေရေး ကိုယ်တိုင်ထိန်းသိမ်းလျှောက်လှမ်းနိုင်ရန်လိုအပ်သလို ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်ရှိသော မိဘ၊ ဆရာ၊ ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် တာဝန်ရှိသူအပေါင်းမှလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ ကြိုးစားအားထုတ်မှုများနှင့်အတူ နောင်အနာဂတ်တွင် နိုင်ငံတော်နှင့်တပ်မတော်အတွက် ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့်စားသောက်ဖွယ်ရာများအား လက်ဆောင်ပေးအပ်ပြီး **(အပေါ်ပုံ)** လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရေကြောင်းလူငယ်မောင်မယ်နှင့် လေကြောင်းလူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့နံနက်ပိုင်းတွင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်လေ့လာပြီး စစ်သမိုင်းပြတိုက်ရှိ တပ်မတော်(ကြည်း)ပြခန်းများ၊ တပ်မတော် (ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းနှင့်ပြင်ပပြကွက်များဖြစ်သော တပ်မတော်(ကြည်း)မှ အမြောက်များနှင့် တိုက်ခိုက်ရေးယာဉ်များ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၅-၂၀၁၄ (စနေနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော် +အင်္ဂုလိမာလသုတ်၊ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်"(အပိုင်း-၉) တရားတော်(အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၅)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	ဗီဒီယိုပြခန်း
၁၁း၀၀	ဓလေ့ရိုးရာမမေ့သာ
၁၂း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ခံတွင်းအနံ့အသက်ဆိုးဝါးခြင်း) (အပိုင်း-၂)
၈း၁၅	Intellectual Talk (မြန်မာပြည်စိုက်ပျိုးရေးအပေါ် ဘဝအတွေ့အကြုံများဖြင့် ရှုမြင်သုံးသပ်ခြင်း) [ဒေါက်တာထွန်းဝင်း(စိုက်ပျိုးရေး)၊ မျိုးမြတ်သူ]

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ

ဒေါက်တာဦးကျော်ကျော်(အရေပြားအထူးကုဆရာဝန်ကြီး)-ဒေါ်စောမာလာရီတို့၏သားကြီး

စိုင်းကျော်ဇေယျာ

B.E(Electronic),Associate Science(Network Engineering,U.S.A)

နှင့်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်နေ (ဦးတိုးမြင့်)-ဒေါ်နန်းနုနုလွင်တို့၏ သမီးလတ်

ဒေါက်တာနန်းဖြူစင်တိုးမြင့်

M.B.B.S,M.Med.Sc(Medicine)3rd yr (ဆေးတက္ကသိုလ်-၂၊ ရန်ကုန်) **MRCP Part-2**

တို့သည် ၂၉-၅-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုး၊ ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ တရားဝင်စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

စိုင်းကျော်ဇေယျာ-ဒေါက်တာနန်းဖြူစင်တိုးမြင့်



ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီတို့အကြား ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် စာချုပ်အရ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ယခုအပတ် သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Shwe Than Lwin Media Co.,Ltd. တို့အကြား ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့ကချုပ်ဆိုခဲ့သော စာချုပ်အရ လက်ရှိလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်း၊ ၎င်းစာချုပ်၏အမည်အပြည့်အစုံမှာ Myanmar International ရုပ်/သံလိုင်းသစ် (MITV Channel) ထုတ်လွှင့်ခြင်း (Broadcasting) လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရေးနှင့် (DTH) စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေး သဘောတူစာချုပ်ဖြစ်ပါကြောင်း။

စာချုပ်တွင် အပိုင်းအားဖြင့် နှစ်ပိုင်းပါဝင်သည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ပထမပိုင်းအနေဖြင့် Shwe Than Lwin Media Company Ltd. က လုပ်ဆောင်ပေးရမှာကတော့ Myanmar International ရုပ်/သံလိုင်းသစ် (MITV Channel) ထုတ်လွှင့်ခြင်း (Broadcasting) လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ၂၀၀၁ ခုနှစ်က စတင်ထုတ်လွှင့်ခဲ့သော MRTV-3 English Version Channel ကို MITV Channel အမည်သစ်ဖြင့် နိုင်ငံတကာအဆင့်မီသော ရုပ်သံအစီအစဉ်များအား ပူးပေါင်းထုတ်လုပ်ရန်နှင့် နိုင်ငံတကာမှ ကြည့်ရှုနိုင်ရေး Global Coverage ဖြစ်အောင် ထုတ်လွှင့်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Shwe Than Lwin Media Company Ltd. ၏တာဝန်များအနေဖြင့် MITV Global Coverage တိုးချဲ့နိုင်ရန်အတွက် လိုအပ်သော သတ်မှတ်ထားသည့် Satellite Beam ကို ငှားရမ်းပေးရန်၊ MITV ထုတ်လွှင့်ခြင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်ရေး အရည်အချင်းပြည့်ဝသော ဝန်ထမ်းများခန့်ထားရန်၊ နှစ်ဖက်ဝန်ထမ်းများအား Channel Rebranding ပြုလုပ်ရာတွင် အရည်အချင်းပြည့်မီသော ပြည်တွင်း/ပြည်ပ ပညာရှင်များငှားရမ်း၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဆောင်ရွက်ပေးရန်၊ Channel Rebranding ပြုလုပ်နေချိန်၌ လိုအပ်သော ပြည်ပပညာရှင်များကို ငှားရမ်း၍တွဲဖက်တာဝန်ထမ်းဆောင်ပေးရန်၊ ထုတ်လွှင့်ရန်လိုအပ်သော Contents များ၏မူပိုင်ခွင့်ကို တာဝန်ယူဆောင်ရွက်ရန်၊ ထုတ်လွှင့်သော အစီအစဉ်များကို ဖမ်းယူကြည့်ရှုရာတွင် လိုအပ်သော စက်ပစ္စည်းများ တပ်ဆင်ရေးအတွက် လုပ်ငန်းကုန်ကျစရိတ်ကို တာဝန်ယူရန် အစရှိသဖြင့် ဖြစ်ပါကြောင်း။

စာချုပ်၏ ဒုတိယပိုင်းအနေဖြင့် DTH စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေးဖြစ်ပါကြောင်း၊ ဦးစွာအားဖြင့် နိုင်ငံတကာမှာကျင့်သုံးလျက်ရှိသော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းနည်းစနစ်များကို ရှင်းပြလိုပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံလွှင့်စက်များကို အသုံးပြု ထုတ်လွှင့်ခြင်း (Terrestrial) စနစ်၊ Cable ကြိုးများမှပေးပို့ထုတ်လွှင့်သည့် Cable TV စနစ်နှင့် ဂြိုဟ်တုမှတစ်ဆင့် ပေးပို့ထုတ်လွှင့်သည့် Direct to Home(DTH) စနစ်တို့ဖြစ်ပါကြောင်း၊ Shwe Than Lwin Media Company Ltd . က ထုတ်လွှင့်ဝန်ဆောင်မှုပေးမည့်စနစ်သည် DTH စနစ်ဖြစ်ပါကြောင်း။

DTH စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် Shwe Than Lwin Media Company Ltd. ၏တာဝန်များမှာ Direct to Home Satellite TV Transmission System(DTH) ဆောင်ရွက်နိုင်ရန်အတွက် Satellite Transponder ငှားရမ်းခြင်း၊ စက်ပစ္စည်းကိရိယာများဝယ်ယူတပ်ဆင်ခြင်း၊ ထုတ်လွှင့်ရန်လိုအပ်သော Contents များ၏ မူပိုင်ခွင့်ကို တာဝန်ယူဆောင်ရွက်ခြင်း၊ ထုတ်လွှင့်သော အစီအစဉ်များကို ဖမ်းယူကြည့်ရှုရာတွင် လိုအပ်သောစက်ပစ္စည်းများ တပ်ဆင်ခြင်းတို့အတွက် လုပ်ငန်းကုန်ကျစရိတ်ကို တာဝန်ယူရန်၊ ဝန်ဆောင်မှုလုပ်ငန်းအတွက် ကြည့်ရှုသူများထံမှ ငှားရမ်းကြည့်ရှုခနှင့် ကြော်ငြာခများ ကောက်ခံရန် ဖြစ်ပါကြောင်း၊ Shwe Than Lwin Media Company Ltd. ၏ ရင်းနှီးမြှုပ်နှံမှု ပထမသုံးနှစ်ကာလကို ရရှိသောဝင်ငွေမှ ဥပဒေအရ ပေးဆောင်ရန်ရှိသည့် အခွန်အခအားလုံးကို ပေးဆောင်ခြင်းမှသော်လည်းကောင်း၊ အကျိုးအမြတ်ခွဲဝေခြင်းမှသော်လည်းကောင်း ကင်းလွတ်ကာလဟု သတ်မှတ်ပေးခဲ့ပါကြောင်း၊ယင်းသုံးနှစ်ကာလ၏ နောက်ပိုင်း DTH စနစ်ဖြင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ကြည့်ရှုသူများထံမှ ငှားရမ်းကြည့်ရှုခ ဝင်ငွေများနှင့် ကြော်ငြာခဝင်ငွေများ အနက်မှ ဥပဒေအရ ပေးဆောင်ရန်ရှိသည့် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခအားလုံးကို ပေးဆောင်ပြီး ကျန်ရှိသည့်ငွေကြေးကို ပထမသုံးနှစ်၊ နောက်ပိုင်းနိုင်ငံတော်သို့ ဒုတိယငါးနှစ်အတွက် လေးရာခိုင်နှုန်း၊ တတိယ ငါးနှစ်အတွက် ရှစ်ရာခိုင်နှုန်း၊ စတုတ္ထ ငါးနှစ်အတွက် ၁၂ ရာခိုင်နှုန်း၊ ပဉ္စမငါးနှစ်အတွက် ၁၆ရာခိုင်နှုန်း၊ဆဋ္ဌမငါးနှစ်အတွက် ၂၀ရာခိုင်နှုန်း၊ သတ္တမငါးနှစ်အတွက် ၂၅ ရာခိုင်နှုန်း ပေးသွင်းရမှာဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသွင်းရပြီး တစ်ဖက်မှာလည်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမှုအတွက် သီးခြားအခွန်အခကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးသွင်းရခြင်းဖြစ်ပါကြောင်း။

ယခုဆက်လက်ပြီး အထက်ဖော်ပြပါ စာချုပ်အတိုင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Shwe Lwin Media Co., Ltd. တို့အကြား လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေကို တင်ပြမှာဖြစ်ပါကြောင်း၊ စာချုပ်၏ ပထမပိုင်းဖြစ်သော Myanmar International ရုပ်သံလိုင်းသစ် (MITV Channel) ထုတ်လွှင့်ခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး Shwe Than Lwin Media Comany Ltd. အနေဖြင့် လုပ်ဆောင်ထားမှုများမှာ (အာရှ၊ ဥရောပနှင့် မြောက်အမေရိက)ရှိ နိုင်ငံပေါင်း ၁၂၀ ကျော် ကြည့်ရှုနိုင်စေရေး Thaicom Satellite၊ Hot Bird.8 Satellite နှင့် Telstar-5(Glaxy 19) Satellite၊ RR Satellite၊ China Satellite များကို Turn around Service ငှားရမ်းသုံးစွဲခြင်း၊ ရုပ်သံလုပ်ငန်း ကျွမ်းကျင်ပညာရှင်နှင့် အင်ဂျင်နီယာ၊ နိုင်ငံခြားသားပညာရှင် ၂၀ ကျော်အား ငှားရမ်းခြင်း၊ Program များ အရည်အသွေးကောင်းမွန်စေရန် Playout Server များ၊ High Definition Camera များ၊ Fiber ဆက်ကြောင်း စက်ပစ္စည်းများ၊ Outdoor ရိုက်ကူးရေးစက်ပစ္စည်းများ၊ Production စက်ပစ္စည်းများ ဝယ်ယူခြင်း၊ Studio နှင့် Transmission စက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာအဆင့်မီ Program များအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ တေးသီချင်းများနှင့် Footages များ ဝယ်ယူခြင်းနှင့် လိုင်စင်ခများ၊ နိုင်ငံတကာသတင်းဌာနများမှ သတင်းဝယ်ယူခြင်းများ၊ MI Channel အတွက် ဝန်ထမ်း ၁၀၀ ကျော်အား လစာနှင့် စရိတ်များ၊ ဝန်ထမ်းသက်သာချောင်ချိရေးစရိတ်များအတွက် မြန်မာငွေကျပ် သန်းပေါင်း ၈၀၀၀ ကျော်ကိုသုံးစွဲပြီး ဖြစ်ပါကြောင်း၊ လက်ရှိမှာလည်း ၎င်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း။

Shwe Than Lwin Media Company Ltd. အနေဖြင့် (DTH) စနစ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းတွင် နည်းစနစ်ပိုင်းအရ ယနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အသုံးပြုထုတ်လွှင့်နေသော နည်းစနစ်သည် Terrestrial စနစ်ဖြစ်ပြီး ယင်းစနစ်နှင့် ပတ်သက်သော အခြေခံအဆောက်အအုံများသာရှိကြောင်း၊ Shwe Than Lwin Media Company Ltd. က ရုပ်သံထုတ်လွှင့်ခြင်းအတွက် သဘောတူခွင့်ပြုထားသော နည်းစနစ်သည် Direct to Home စနစ်ဖြင့် ထုတ်လွှင့်ခြင်းလုပ်ငန်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်သည့်အတွက် ယင်းစနစ်အတွက် အခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မရှိပါကြောင်း၊ နည်းပညာ၊ စက်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို ကုမ္ပဏီက ၎င်းတို့ဘာသာ၎င်းတို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရပါကြောင်း။

စာချုပ်ပါ သဘောတူညီချက်အရ Shwe Than Lwin Media Company Ltd. ကို လုပ်ငန်းပထမ သုံးနှစ်ကာလအား Grace Period ကာလသတ်မှတ်ပေးထားသော်လည်း ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း Shwe Than Lwin Media Company အနေဖြင့် ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်များကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ စည်းကြပ်မှုအတိုင်း ပေးသွင်းထားသည်ကို သိရှိရပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကြိုတင်အခွန် ငွေကျပ် သိန်း ၃၀၀၀ ကျော်ကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသွင်းထားပြီး ယခုနှစ် ဇွန်လ အခွန်စည်းကြပ်ကာလတွင် သတ်မှတ်သော အခွန်အခများကို ထပ်မံပေးသွင်းသွားမှာဖြစ်ကြောင်း၊ အလားတူ Grace Period ပြီးဆုံးပြီး ၂၈-၇-၂၀၁၃ မှ ၃၁-၃-၂၀၁၄ အထိ ရှစ်လအတွက် ကြည့်ရှုသူများထံမှ ငှားရမ်းကြည့်ရှုခဝင်ငွေများနှင့် ကြော်ငြာခဝင်ငွေများ အနက်မှ ဥပဒေအရ ပေးဆောင်ရန်ရှိသည့် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခအားလုံးကို ပေးဆောင်ပြီး ကျန်ရှိသည့်ငွေကြေးမှ လေးရာခိုင်နှုန်းအတွက် ကြိုတင်ငွေ ပေးသွင်းမှုအဖြစ် ၂၄၀၈ သိန်းကို ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်ကို ပေးသွင်းထားပါကြောင်း၊ ယခုနှစ် ဇွန်လ အခွန်စည်းကြပ်ကာလမှာ သတ်မှတ်သော အခွန်အခများ အတိအကျ တွက်ချက်ရရှိပြီးပါက လိုအပ်ငွေကို ထပ်မံပေးသွင်းသွားမှာဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းဥပဒေအရ ရုပ်သံမီဒီယာများနှင့် ဆက်စပ်ချုပ်ဆိုခဲ့သော စာချုပ်များပါအတိုင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ နိုင်ငံတော်က ရရန် အကျိုးအမြတ် ငွေပေးသွင်းမှုများကို စနစ်တကျစိစစ်သုံးသပ်ကြပ်မတ်ရန်အတွက် ၂၀၁၃ ခုနှစ် မတ်လမှစပြီး ဒုတိယဝန်ကြီးတစ်ဦး ဦးဆောင်သော Broadcast Governing Body ကို ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပါကြောင်း၊ BGB အနေဖြင့် ယနေ့အထိ အစည်းအဝေး (၁၄)ကြိမ်ပြုလုပ်ခဲ့ပြီး စာချုပ်များပါအတိုင်း သက်ဆိုင်ရာ ရုပ်သံမီဒီယာများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ငွေပေးသွင်းမှုများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချုပ်ဆိုထားသော စာချုပ်များသည် နောင်တွင် ဖြစ်ပေါ်လာမည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့် လိုက်လျောညီထွေမှုရှိစေရေး၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာပိုမိုတိုးတက်ရရှိစေရေး၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ နှစ်ဦးနှစ်ဖက်အပြန်အလှန်သဘောတူကျေနပ်လက်ခံနိုင်ရေး စသည့် အခြေအနေများနှင့် ကိုက်ညီမှုရှိစေရေးအတွက် သုံးသပ်ဆောင်ရွက်ကြပါကြောင်း၊ ခေတ်နှင့် လိုက်လျောညီထွေသော စာချုပ်များ ဖြစ်ပေါ်လာစေရေးအတွက် BGB အစည်းအဝေး (၁၂)ကြိမ် ကျင်းပခဲ့ပြီး စာချုပ်ချုပ်ဆိုထားသော မီဒီယာများအားလုံးက သဘောတူပြီးဖြစ်သည့် ပြင်ဆင်ဖြည့်စွက်စာချုပ်မူကြမ်းများကိုလည်း ယခု ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လာမည့် ဇွန်လအတွင်းမှာ ပြင်ဆင်ဖြည့်စွက်ထားသော စာချုပ်မူကြမ်းများအား သက်ဆိုင်ရာဌာနများသို့ ပေးပို့သွားမှာဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း သက်ဆိုင်ရာ အဆင့်ဆင့်သို့တင်ပြပြီး စာချုပ်သစ်များ အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ (မူကြမ်း) ရေးဆွဲခြင်းနှင့် ပတ်သက်၍ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းမီဒီယာများ၏ မေးမြန်းချက်အချို့အား သီးခြားဖော်ပြထားပါသည်။)

ကြွရောက်လာကြတဲ့ သတင်းစာဆရာကြီးများနဲ့ ဆရာမများခင်ဗျာ။ ကျွန်တော်တို့အနေနဲ့ ဧပြီလ ၅ ရက်နေ့က စာနယ်ဇင်းရှင်းလင်းပွဲမှာ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူရေးဆွဲနေတဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနဲ့ ပတ်သက်လို့ ၂၀၁၄ ခုနှစ် ဧပြီလ ၄ ရက်နေ့မှာ စာပေစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမမှာ ပထမဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးပွဲနှစ်ကြိမ်ပြုလုပ်ခဲ့ပြီး သဘာတူညီတဲ့အချက် (၁၃)ချက်၊ စာသားပြင်ဆင်ပြီး သဘောတူညီတဲ့အချက် (၇)ချက်ရရှိခဲ့ပါတယ်။ ဒါ့အပြင် ဆွေးနွေးပွဲမှာ ချက်ချင်းဆုံးဖြတ်လို့မရနိုင်တဲ့ အချက် (၃) ချက်ကို မိမိအဖွဲ့အစည်းအလိုက် ပြန်လည်ဆွေးနွေးပြီး အကြံပြုတင်ပြပေးဖို့ ညှိနှိုင်းရရှိခဲ့ကြပါကြောင်း၊ အဲဒီ အကြံပြုချက်တွေကို ၂၃-၅-၂၀၁၄ ရက်နေ့မှာ ပြန်လည်တင်ပြပေးဖို့ သဘောတူညီခဲ့ကြပါတယ်။

စာပေစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းအားလုံးကလည်း သူတို့ရဲ့ အဖွဲ့အစည်းများအလိုက် အကြံပြုချက်တွေ အပေါ် သေချာစဉ်းစားသုံးသပ်ပြီး နည်းဥပဒေများ (မူကြမ်း)ကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။

နည်းဥပဒေ(၃)ပါ ပြဋ္ဌာန်းချက်များနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က "အသိအမှတ်ပြုလက်မှတ် လျှောက်ထားသူသည် ခရိုင်ရုံးသို့ လျှောက်ထားပြီး သတ်မှတ်ထားသည့် အချက်အလက်နှင့်အညီ ခရိုင်ရုံးမှ ထုတ်ပေးရမည်"လို့ ပြင်ဆင်ပေးဖို့တင်ပြခဲ့ပါတယ်။ သို့သော်လည်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ ပုဒ်မ ၄ မှာ ပြဋ္ဌာန်းထားတာက "ပုံနှိပ်နဲ့ထုတ်ဝေလုပ်ငန်း လျှောက်ထားလိုသူသည် လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်"လို့ ပါရှိပါတယ်။ နောက်ပြီးတော့ ဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခွင့်ပြုချက်ပေးရမယ့် လုပ်ငန်းစဉ်တွေကလည်း ပါရှိပြီးဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဥပဒေပြဋ္ဌာန်းချက်နဲ့ မကိုက်ညီပါဘူး။ ဒါကြောင့် နည်းဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်းမပြုတော့ဘဲ မူလအတိုင်းပဲ ထားရှိသွားမှာဖြစ်ပါတယ်။

နောက်တစ်ချက်က အခန်း (၃)၊ နည်းဥပဒေ ၁၇ ပါ Hate Speech နဲ့ ပတ်သက်လို့ စဉ်းစားဆောင်ရွက်ရာမှာ အခြေခံသင့်သည့်အချက်များ ထပ်မံထည့်သွင်းခြင်းကိုတော့ စာပေစာနယ်ဇင်းဆိုင်ရာ အဖွဲ့ ခုနစ်ဖွဲ့အနက် မြန်မာနိုင်ငံစာရေးဆရာများအသင်းနဲ့ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း နှစ်ဖွဲ့ကပဲ သဘောတူညီပြီးတော့ ကျန် ငါးဖွဲ့က သဘောမတူတဲ့အတွက်ကြောင့် နည်းဥပဒေမှာ ထပ်တိုးဖော်ပြခြင်းမပြုတော့ဘဲ ပယ်ဖျက်ပေးသွားမှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(က)(၂)မှာ နိုင်ငံခြားသားက လျှောက်ထားတဲ့ လုပ်ငန်းနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက တင်ပြတဲ့ နိုင်ငံသားနဲ့ ဖက်စပ်ဆောင်ရွက်နိုင်ရေးကို နည်းဥပဒေမှာ ထည့်သွင်းပေးဖို့ကိစ္စနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနဲ့ မြန်မာနိုင်ငံတို့ရဲ့ မေ ၂၇ ရက် ဆွေးနွေးညှိနှိုင်းသဘောတူညီချက်အတိုင်းပဲ နိုင်ငံခြားသားက ကုမ္ပဏီမှတ်ပုံတင်ခွင့် လျှောက်ထားလာရင် ပြည်တွင်းလုပ်ငန်းရှင်နဲ့ ဖက်စပ်စနစ်ကိုသာ ခွင့်ပြုပေးဖို့ သဘောထားမှတ်ချက်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ စာနဲ့ အကြောင်းကြားပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုပြဋ္ဌာန်းမယ့် နည်းဥပဒေများမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့် မိတ္တူကိုသာလိုအပ်ကြောင်း ထည့်သွင်းပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရဲ့ ခွင့်ပြုမိန့်မိတ္တူကိုတော့ ဖြုတ်ပယ်ပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနဲ့ပတ်သက်လို့ စာပေစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများရဲ့ အကြံပြုချက်တွေရယ်၊ IMS နဲ့ FES မှ Media Consultant များရဲ့ အကြံပြုချက်တွေအပေါ်မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက် ထည့်သွင်းစဉ်းစားပြီးတော့ ဒီနည်းဥပဒေများ(မူကြမ်း)ကို ပြန်လည်အတည်ပြုရေးဆွဲပြီးခဲ့တဲ့အတွက်ကြောင့် မေ ၂၉ ရက်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့လည်း ပေးပို့ပြီးဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတဲ့ အကြောင်းအရာကတော့ ထုတ်ဝေစာများကို ကျွန်တော်တို့မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနသို့ အဖိုးအခလွတ်ပေးပို့ရတဲ့ကိစ္စဖြစ်ပါတယ်။ ထုတ်ဝေသူတွေအနေနဲ့ ထုတ်ဝေစာတစ်ခုကို ထုတ်ဝေတိုင်း အဖိုးအခလွတ် ၁၂ အုပ် ပေးပို့လျက်ရှိပါတယ်။ ကျွန်တော်တို့ အခုရေးဆွဲထားတဲ့ နည်းဥပဒေမှာ မူပိုင်ခွင့်နဲ့ နှစ်စဉ်ရေးဆွဲပြုစုရတဲ့ စာအုပ်စာရင်းအတွက်နဲ့ အမျိုးသားစာကြည့်တိုက်၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တို့အတွက် စုစုပေါင်းအဖိုးအခလွတ် လေးအုပ်သာ ဇွန် ၂ ရက်မှစပြီး ပေးပို့ကြဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ဌာနကိုပေးပို့လာတဲ့ စာအုပ် ၁၂ အုပ်အနက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက် စာအုပ်လေးအုပ်ပါရှိပါတယ်။ သို့ရာတွင် ယခုအခါ စောစောက

စာမျက်နှာ ၉ ကော်လံ ၂ သို့

နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့်

သတင်းစာရှင်းလင်းပွဲ အမေးအဖြေများ

ဦးဖုန်းကျော်
(အယ်ဒီတာ၊
The First Weekly ဂျာနယ်)

မေး။ ရွှေသံလွင်နဲ့ MRTV က စာချုပ်ချုပ်ဆိုတဲ့အပိုင်းနဲ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေကို သဘောပေါက်ပါတယ်။ ကုမ္ပဏီအနေနဲ့သော်လည်းကောင်း၊ ပြန်ကြားရေးအနေနဲ့ သော်လည်းကောင်း နစ်နာမှုတစ်စုံတစ်ရာရှိပါသလား။ ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းတွေက ပြည်သူတွေကို ဘယ်လိုအကျိုးပြုသလဲ။ နိုင်ငံတော်က အခွန်ဘယ်လိုရပါသလဲ။

ဦးတင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)

ဖြေ။ နစ်ဖက်စလုံးမှာ နစ်နာမှုမရှိပါဘူး။ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ နိုင်ငံတော်အနေနဲ့ အခွန်အခများ ကောက်ခံရရှိပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ရွှေသံလွင်မီဒီယာအနေနဲ့လည်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိလို့ဖြစ်ပါတယ်။ ရွှေသံလွင်အနေနဲ့ MRTV3 ကို အသွင်သစ်နဲ့ MITV အဖြစ် ထုတ်လွှင့်နိုင်အောင် ငွေကြေးကုန်ကျခံ တာဝန်ယူဆောင်ရွက်ရပါတယ်။ ဒီအတွက် Sky Net ရုပ်သံလိုင်းတွေကို DTH စနစ်နဲ့ ထုတ်လွှင့်ခွင့်ကို ရွှေသံလွင်က ရရှိခဲ့ပါတယ်။ ပြည်သူတွေအတွက် အကျိုးရှိသလားဆိုတာနဲ့ ပတ်သက်လို့ အရင်တုန်းကဆိုရင် ရုပ်သံလွှင့်နယ်ပယ်မှာ မြန်မာ့အသံနဲ့ မြဝတီရုပ်သံ နှစ်လိုင်းသာရှိခဲ့ပြီး နောက်ပိုင်းမှာ Forever၊ Sky Net တို့ ရှိလာတယ်။ ပြည်သူတွေအနေနဲ့ မီဒီယာကို ပိုမိုရွေးချယ်ခံစားခွင့်ရပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီမီဒီယာတွေရဲ့ ကုန်သွယ်ခွန်နဲ့ ဝင်ငွေခွန်စတဲ့ အခွန်အခနဲ့ ဝင်ငွေတွေရရှိပါတယ်။

ဦးပြည့်သက်ဖြိုး
(သတင်းထောက်၊
မြန်မာတိုင်း(မ်)ဂျာနယ်)

မေး။ Broadcast Law ပေါ်လာရင် ရွှေသံလွင်နဲ့ စာချုပ်ပြန်ချုပ်ဖို့ရှိပါလား။ ရွှေသံလွင်ကပေးမယ့် အမြတ် လေးရာခိုင်နှုန်းက နိုင်ငံတော်ဘတ်ဂျက်ထဲဝင်မှာလား။ ဝန်ထမ်းသက်သာခရမှာလား။ တရားမဝင် ဂြိုဟ်တုစလောင်းတွေကိုရော ဖမ်းဆီးပြီး အခွန်ကောက်ပြီး တရားဝင်ဖြစ်အောင် လုပ်မှာလား။

ဦးတင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)

ဖြေ။ ဥပဒေထွက်သည်ဖြစ်စေ၊ မထွက်သည်ဖြစ်စေ ရေရှည်မှာ ပြောင်းလဲနေတဲ့ ခေတ်နဲ့လိုက်လျော်ညီထွေဖြစ်အောင် စဉ်းစားပြီးတော့ စာချုပ်တွေကို ကျွန်တော်တို့ Broadcasting Governing Body-BGB အဖွဲ့နဲ့ အမြဲသုံးသပ်နေပါတယ်။ ခေတ်နဲ့လျော်ညီတဲ့စာချုပ်မျိုးဖြစ်အောင်၊ အဲဒီ Broadcast Law နဲ့ ကိုက်ညီတဲ့ စာချုပ်မျိုးဖြစ်အောင်၊ နိုင်ငံတော်က ရသင့်ရထိုက်တဲ့အခွန်ငွေကိုလည်း ရရှိအောင်၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူနဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ နှစ်ဦးနှစ်ဖက်အပြန်အလှန်ကျေနပ်လက်ခံမယ့် သဘောတူညီမှုမျိုးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အဲဒီစာချုပ်မူကြမ်းများ ပြင်ဆင်ရေးသားပြီးဖြစ်ပါတယ်။ ဒီစာချုပ်မူကြမ်းတွေကို လာမယ့်ဇွန်လအတွင်းမှာ သက်ဆိုင်ရာဌာနအသီးသီးကို ပေးပို့ပြီးတော့ အကြံပြုချက်နဲ့အတည်ပြုချက်များ ရယူမှာဖြစ်ပါတယ်။ တိုးတက်မှုအခြေအနေများကို ရှေ့လာမယ့် သတင်းစာရှင်းလင်းပွဲမှာ တင်ပြသွားမှာဖြစ်ပါတယ်။ ရွှေသံလွင်က ပေးရမယ့် အခွန်အခနဲ့ဝင်ငွေများကတော့ နိုင်ငံတော်ဘတ်ဂျက်အတွင်းသို့ တိုက်ရိုက်ထည့်သွင်းပေးရတာ ဖြစ်ပါတယ်။ တရားမဝင်ဂြိုဟ်တုစလောင်းကိစ္စကတော့ တရားဝင်အခွန်ဆောင်ပြီး ရုပ်/သံထုတ်လွှင့်ခြင်းလုပ်ငန်းလုပ်ကိုင်နေတဲ့ Broadcaster တွေအတွက် နစ်နာစေပါတယ်။ တရားမဝင် ဂြိုဟ်တုစလောင်းများနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ရန်တွေကို ဆက်သွယ်ရေးဥပဒေမှာ ညွှန်ကြားချက်များအနေနဲ့ ရှိပါတယ်။

ဦးမြတ်သူရ
(သတင်းထောက် DVB)

မေး။ Sky Net ရုပ်သံလိုင်းများ ငှားရမ်းကြည့်ရှုခမှာ ပုံသေမဟုတ်ဘဲ အမျိုးမျိုးဖြစ်နေတယ်။ ဈေးကြီးတယ်။ ကြည့်ရှုသူများ နစ်နာတယ်။ ဌာနအနေနဲ့ ပြည်သူသက်သာအောင်၊ ဈေးလျှော့အောင် လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။

ဦးတင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ဖြေ။ Sky Net က ရုပ်သံလိုင်းငှားရမ်းကြည့်ရှုခဟာ ရုပ်သံလိုင်းအနည်း၊ အများ Package အလိုက် ရောင်းချမှုဈေးနှုန်းတွေဟာ သူ့ကုမ္ပဏီရဲ့ လုပ်ဆောင်မှုပဲဖြစ်ပါတယ်။ ဒီအကြောင်းအရာကို လာမယ့် BGB အစည်းအဝေးတွေမှာ သက်ဆိုင်ရာကုမ္ပဏီများနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဦးသန်းထူး
(အကြီးတန်းသတင်းထောက်၊
7 Day ဂျာနယ်)

မေး။ Sky Net Set Top Box က အလုံးရေ ဘယ်လောက်ဖြန့်ပြီးပြီလဲ။ လူကြီးခရီးစဉ်သတင်းတွေမှာ Sky Net Set Top Box ကို လှူတယ်လို့ သုံးတာလည်းရှိတယ်၊ ပေးတယ်လို့ သုံးတာလည်းရှိတယ်။ ကိုယ်တိုင်ငွေနဲ့လှူတာလား၊ ပြည်သူအသုံးစရိတ်နဲ့လား၊ ကုမ္ပဏီကလှူတာကို တစ်ဆင့်ပေးတာလား ဆိုတာသိချင်ပါတယ်။ Sky Net Set Top Box တွေကိုပဲ လှူတာက မျက်နှာလိုက်တာလားဆိုတာ သိချင်ပါတယ်။

ဦးတင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ဖြေ။ ကျွန်တော်တို့နဲ့ ချုပ်ထားတဲ့ စာချုပ်ထဲမှာက ငှားရမ်းကြည့်ရှုခနဲ့ ကြော်ငြာဝင်ငွေမှ ရာခိုင်နှုန်းအလိုက်ရရှိမယ့် အချက်ပဲ ပါပါတယ်။ Set Top Box စက်လုံးရေအပေါ်မှာ ကောက်ခံဖို့ မဟုတ်ပါဘူး။ ဒါကြောင့် စက်အလုံးရေ အတိအကျ ဘယ်လောက်ဆိုတာ ဖြေရခက်ပါတယ်။ စက်အလုံးရေ အတိအကျကိုတော့ သက်ဆိုင်ရာကုမ္ပဏီနဲ့ ဌာနများကသာ အတိအကျ သိပါတယ်။ Forever က မြေပြင်အခြေစိုက်စခန်းတွေက တစ်ဆင့် ထုတ်လွှင့်တဲ့ Terrestorial စနစ်နဲ့သွားတယ်။ ရွှေသံလွင်က ဆက်သွယ်ရေးဂြိုဟ်တုကတစ်ဆင့် Direct to Home (DTH) စနစ်နဲ့သွားတယ်။ နည်းပညာအရ ရွှေသံလွင် Set Top Box က နေရာဒေသမရွေးမှာ ကြည့်ရှုသူများအနေဖြင့် အဆင်ပြေစွာ ဖမ်းယူကြည့်ရှုနိုင်တဲ့အတွက် လှူဒါန်းတာဖြစ်တယ်။ မျက်နှာလိုက်တာ မဟုတ်ပါဘူး။

ဦးဝေမိုး
(သတင်းထောက်၊ အဓိပတိဂျာနယ်)

မေး။ ပုဂ္ဂလိကတွေကို ရုပ်သံလွှင့်လုပ်ငန်းလိုင်စင် ဘယ်တော့ချပေးမှာလဲ။ Sky Net Set Top Box အလုံးရေအတိအကျကို သိချင်ပါတယ်။

ဦးတင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ဖြေ။ ရုပ်သံလွှင့်လုပ်ငန်းလိုင်စင်များကို လတ်တလောအသစ်ခွင့်ပြုပေးရန် အစီအစဉ်မရှိပါဘူး။ Broadcast Law မပေါ်မချင်း ရုပ်/သံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်သစ်ပေးဖို့ မရှိပါဘူး။ အခု အဲဒီ ဥပဒေမူကြမ်းက လွှတ်တော်ကို တင်ပြထားပြီးဖြစ်ပါတယ်။ Broadcast Law ထွက်ပေါ်ပြီးမှ ဥပဒေနဲ့အညီ လိုင်စင်ကို အားလုံးဟာ အခွင့်အရေးမျှမျှတတ ရရှိလျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ စက်အလုံးရေကို ကျွန်တော်တို့အနေနဲ့ ကွယ်ဝှက်ထားစရာမရှိပါဘူး။ ကျွန်တော်တို့ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူအနေနဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူရဲ့ ငှားရမ်းကြည့်ရှုခနဲ့ ကြော်ငြာဝင်ငွေအပေါ်မှာ ဥပဒေအရ သူတို့အနေနဲ့ အစိုးရကိုပေးဆောင်ရမယ့် အခွန်အခများကို ပေးချေပြီးနောက် ကျန်တဲ့ငွေများထဲမှ နှစ်အလိုက်သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းများအတိုင်း ရယူတာဖြစ်တဲ့အတွက် စက်အလုံးရေအတိအကျကို ဖြေဖို့ခက်ပါတယ်။

ဦးနော်ကိုကို
(သတင်းထောက်၊
The Voice ဂျာနယ်)

မေး။ စာချုပ်အသစ် ပြန်သုံးသပ်နေတာ ဘယ်တော့ပြီးမလဲ။ အများ သဘောတူအောင် ဘယ်လိုလုပ်ဖို့ရှိသလဲ။ အများက ဘယ်လိုသဘောတူသလဲ။ စာချုပ်ကို ဘယ်အချိန်မှာ ပြန်ချုပ်မလဲ။ စာချုပ်အသစ်ထွက်မှ လိုင်စင်ပေးမယ်ဆိုရင် ဆက်သွယ်ရေးမှာ ဥပဒေမပေါ်ခင် Telenor တို့လို ကုမ္ပဏီတွေကို လုပ်ပိုင်ခွင့်ချပေးလိုက်တဲ့အခါမှာ ဆက်သွယ်ပြောဆိုခဈေးနှုန်းတွေကျသွားတယ်။ တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားလို့ ပြည်သူက ရွေးချယ်ခွင့်မရှိဘူး၊ ဈေးကြီးနေတယ်။ ရုပ်သံလွှင့်လုပ်ငန်း လုပ်ချင်တဲ့သူတွေအများကြီးရှိတယ်။

ဦးတင့်ဆွေ
(ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ဖြေ။ စာချုပ်သစ်ပြန်ချုပ်ဖို့က နှစ်ဖက်သဘောတူပြီးဖြစ်ပါတယ်။ ဇွန်လမှာ ပြင်ဆင်ထားတဲ့ စာချုပ်တွေကို သက်ဆိုင်ရာကို တင်ပြမှာဖြစ်တယ်။ ရည်ရွယ်ချက်သုံးခုနဲ့ လုပ်ထားတယ်။ ဒီစာချုပ်တွေဟာ ခေတ်နဲ့လျော်ညီတဲ့ စာချုပ်မျိုးဖြစ်အောင်၊ ဖြစ်တည်လာမယ့် Broadcast Law နဲ့ကိုက်ညီတဲ့စာချုပ်မျိုးဖြစ်အောင်၊ နိုင်ငံတော်ကရသင့်ရထိုက်တဲ့ အခွန်ငွေကိုလည်း ရရှိအောင်၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူနဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ နှစ်ဦးနှစ်ဖက် အပြန်အလှန် ကျေနပ်လက်ခံမယ့် သဘောတူညီမှုမျိုးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ဒီစာချုပ်မူကြမ်းတွေကို သက်ဆိုင်ရာဌာနကြီးတွေကို တင်ပြပါ့မယ်။ ဒီနောက် ကက်ဘိနက်တင်ပြီးရင် ခွင့်ပြုချက်အရ စာချုပ်သစ်ကိုချုပ်ဆိုမှာ ဖြစ်ပါတယ်။ Forever က ၂၀၀၄ မှာ လုပ်ကိုင်ခွင့်ပေးထားတယ်။ ရွှေသံလွင်က ၂၀၁၀ မှာ လုပ်ကိုင်ခွင့်ပေးထားတယ်။ အဲဒီတုန်းက အဲဒီအခြေအနေတွေအရ ပေးထားတာဖြစ်ပါတယ်။ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုအက်ဥပဒေနဲ့ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းဥပဒေပေါ်မူတည်ပြီး အဲဒီကာလက လုပ်ကိုင်ခွင့်ပေးထားတာဖြစ်တယ်။ Broadcast Law ပေါ်ထွက်လာဖို့လိုပါတယ်။ အခုဆိုရင် Broadcast Law မရှိသေးတဲ့အတွက် နိုင်ငံတော်ကသာ လုပ်ကိုင်ခွင့်ရှိတဲ့ ဒီလိုလုပ်ငန်းတစ်ခုလုပ်ကိုင်မယ်ဆိုရင် ဝန်ကြီးဌာနတစ်ခုကိုချဉ်းကပ်ရတယ်။ Broadcast Law ပေါ်လာပါက လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို National Broadcast Council ကဥပဒေနဲ့အညီ မျှတစွာ စိစစ်ခွင့်ပြုပေးမှာဖြစ်တယ်။ ဒီ Broadcast Law ပေါ်လာရင် အားလုံးတန်းတူရည်တူ အနေအထားဖြစ်သွားမှာဖြစ်တယ်။

ဦးပြည့်သက်ဖြိုးအောင်
(သတင်းထောက်၊
မြန်မာတိုင်း(မ်) ဂျာနယ်)

မေး။ အမျိုးသားစာပေဆုအတွက် စာအုပ်ကို ယခင်က မူပိုင်ခွင့်မှ ပို့ပေးပြီး အခု မပို့တော့ဘူးဆိုတော့ ပို့မှ စာပေဆုအတွက် အကျုံးဝင်မှာလား ဆိုတာ သိချင်ပါတယ်။

ဦးအောင်ကျော်ဦး
(ညွှန်ကြားရေးမှူး
မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ)

ဖြေ။ ဟုတ်ပါတယ်။ အရင်က ဌာနကို အဖိုးအခလွတ် ၁၂ အုပ် ပေးပို့ရပါတယ်။ အဲဒီအထဲကမှ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီကို လေးအုပ်ပို့ပေးပါတယ်။ အခု ဌာနက မူပိုင်ခွင့်အတွက်က တစ်အုပ်၊ နှစ်စဉ်စာအုပ်စာရင်းအတွက်က တစ်အုပ်၊ အမျိုးသားစာကြည့်တိုက်အတွက်က တစ်အုပ်နဲ့ စာပေဗိမာန် စာကြည့်တိုက်အတွက် တစ်အုပ် စုစုပေါင်း လေးအုပ်ပဲ ယူတော့မှာဖြစ်လို့ အမျိုးသားစာပေဆုအတွက် ပို့ပေးဖို့ မဖြစ်နိုင်တော့ပါဘူး။ သက်ဆိုင်ရာ စာပေပညာရှင်များကသာ အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားနိုင်ဖို့ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီသို့ ပို့ပေးရမှာဖြစ်ပါတယ်။

ဦးတေဇလင်း (သတင်းထောက်၊
လူထုပုံရိပ်ဂျာနယ်)

မေး။ Hate Speech နဲ့ ပတ်သက်တဲ့ စာသားကို ပုံနှိပ်၊ ထုတ်ဝေဥပဒေမှာ ဖြုတ်လိုက်တဲ့အတွက် နောက်ပိုင်းမှာ Hate Speech နဲ့ ပတ်သက်ရင် ဘယ်လို ဆုံးဖြတ်ဆောင်ရွက်မှာလဲ။ အဲဒါဆိုရင် မီဒီယာအပေါ်ကို တရားရေးက တိုက်ရိုက်စီရင်မှာလား။

ဦးအောင်ကျော်ဦး
(ညွှန်ကြားရေးမှူး၊
မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ)

ဖြေ။ Hate Speech နဲ့ပတ်သက်လို့ ပြဿနာတစ်ခုခုဖြစ်လာရင် သက်ဆိုင်ရာ နစ်နာတဲ့ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တရားရုံးကို တိုင်ကြားနိုင်ပြီး တရားရုံးက ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆုံးဖြတ်တဲ့အခါမှာ သက်ဆိုင်ရာ တရားသူကြီးတွေက Hate Speech နဲ့ပတ်သက်လို့ အခြေခံစဉ်းစားရမယ့် Knowledge တွေရှိဖို့လိုပါတယ်။ ကျွန်တော်တို့ ပုံနှိပ်ထုတ်ဝေဥပဒေ ပုဒ်မ ၈ မှာ Hate Speech နဲ့ သက်ဆိုင်တဲ့ စည်းကမ်းချက်တွေ ပါပါတယ်။

ဦးတင်မောင်ထွေး
(အယ်ဒီတာ၊
လူထုပုံရိပ်ဂျာနယ်)

မေး။ ဒါဆိုရင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဖွဲ့စည်းပေးထားတဲ့ စာနယ်ဇင်းကောင်စီက မလိုတော့ဘူးလား။

ဦးအောင်ကျော်ဦး
(ညွှန်ကြားရေးမှူး
မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ)

ဖြေ။ နစ်နာသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းရဲ့ သဘောဆန္ဒအရပဲဖြစ်ပါတယ်။ နစ်နာသူက စာနယ်ဇင်းကောင်စီကို တိုင်ကြားရင်တော့ စာနယ်ဇင်းကောင်စီက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါမှမဟုတ် တရားရုံးကို တိုင်ကြားမယ်ဆိုရင်တော့ တရားရုံးကပဲ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ။

(သတင်းစဉ်)

The First Weekly ဂျာနယ်မှ မေးမြန်းစဉ်။

လူထုပုံရိပ်ဂျာနယ်မှ မေးမြန်းစဉ်။

7 Day ဂျာနယ်မှ မေးမြန်းစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ အချိန်ပိုင်းဓာတ်အားပြတ်မှုရှိမည်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၃၁-၅-၂၀၁၄ ရက်နေ့တွင် ပုဇွန်တောင်၊ တာမွေ၊ ဗဟန်း၊ လမ်းမတော်၊ ပန်းဘဲတန်း၊ လှိုင်၊ စမ်းချောင်း၊ လသာ၊ မရမ်းကုန်း၊ ကမာရွတ်၊ ကျောက်တံတား၊ သန်လျင်၊ လှိုင်သာယာ၊ အင်းစိန်၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၁-၆-၂၀၁၄ ရက်နေ့တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ လမ်းမတော်၊ စမ်းချောင်း၊ မရမ်းကုန်း၊ မှော်ဘီ၊ ထောက်ကြန့်၊ လှည်းကူး၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(ကြေးမုံ)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဆက်လက်ထုတ်ပြန်ပေးရန်အတွက် နိုင်ငံတော်သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်းကြောင်း အဆိုတင်သွင်း

နေပြည်တော် မေ ၃၀

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ရေးအတွက် လူသားချင်း စာနာထောက်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၀၄) ပုဒ်မခွဲ(ခ) အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဆက်လက်ထုတ်ပြန်ပေးရန်အတွက် နိုင်ငံတော်သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်းကြောင်း အဆိုကို **သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်**က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း**က မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိချိန်မှစပြီး အစိုးရအဆက်ဆက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်များကို အခါအားလျော်စွာ ထုတ်ပြန်ခဲ့ပါကြောင်း၊ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်၏သဘောမှာ သာမန်ပြစ်ဒဏ်လျှော့ပေါ့ဆိုင်းငံ့မှုနှင့် လွတ်ငြိမ်းခွင့်ထက်ပိုပြီးနက်ရှိုင်းကျယ်ပြန့်ပါကြောင်း၊ ယေဘုယျအားဖြင့် လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် နိုင်ငံရေးပဋိပက္ခဖြစ်စဉ်တစ်ရပ်ရပ်တွင် ပါဝင်ခဲ့ကြသည့် နှစ်ဖက်အဖွဲ့ဝင်များကို အာဃာတဖြင့် အပြန်အလှန်လက်စားချေမှု သံသရာအဆုံးသတ်စေရန် သင်ပုန်းချေခြင်းသဘောဆောင်ပါကြောင်း၊ ခေတ်စနစ်တစ်ခု၏ အခြေအနေအကြောင်းကြောင်းတို့ကြောင့် မဖြစ်သင့်သည့် ပြစ်ဒဏ်ကျခံနေကြရသူများနှင့် ထိုက်သင့်သည်ထက်ပိုပြီး ကြီးလေးသည့် ပြစ်ဒဏ်ခံစားနေကြရသူများကို ပြစ်ဒဏ်လျှော့ပေါ့ လွတ်ငြိမ်းခွင့်ပေးခြင်းမျိုးလည်းပါဝင်နိုင်ပါကြောင်း၊ လက်ရှိပြစ်ဒဏ်ကျခံနေရသူများသာမက တရားစွဲဆိုခံထားရ၍ အမှုရင်ဆိုင်နေကြသူများ၊ တရားရင်ဆိုင်ရခြင်းမရှိစေကာမူ သတ်မှတ်ကာလအပိုင်းအခြားအတွင်း လွတ်ငြိမ်းချမ်းသာခွင့်နှင့် သက်ဆိုင်သည့် ပြစ်မှုကျူးလွန်ထားသူများလည်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်၌ အကျုံးဝင်နိုင်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံသားတိုင်း နိုင်ငံပြုလုပ်ငန်းစဉ်၌ ပါဝင်ထမ်းဆောင်ခွင့်ရရှိရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အားပေးမြှင့်တင်နိုင်ရေး၊ နိုင်ငံသားတို့၏ ကာယ၊ ဉာဏလုပ်အားတို့ကို အလဟဿမဖြစ်စေဘဲ နိုင်ငံအတွက် အကျိုးရှိစွာအသုံးပြုခွင့်ရရှိရေး၊ အကျဉ်းကျခံသူများ၏ မိသားစုများအပေါ် လူသားချင်းစာနာထောက်ထားမှုများထားရှိပြီး လူသစ်၊ စိတ်သစ်၊ ဘဝသစ်နှင့် မိသားစုအနာဂတ်သစ်များ ပြန်လည်ဖော်ဆောင်ခွင့်ရရှိရေးတို့အတွက် စိတ်ကောင်းစေတနာဖြင့် ပြစ်ဒဏ်လျှော့ပေါ့ဆိုင်းငံ့မှုနှင့် လွတ်ငြိမ်းခွင့်များကို အကြိမ်ကြိမ်ပေးအပ်ခဲ့သည့်အတွက် ခေတ်အဆက်ဆက်တွင် မကြုံဖူးလောက်သည့် အကျဉ်းသားအများအပြားကို လွှတ်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်။

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ သဘောသဘာဝမှာ များစွာကျယ်ပြန့်နက်ရှိုင်းမှုရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုတရားမျှတမှုရှိရေးတို့နှင့် ဆက်နွှယ်ပတ်သက်သည့်အလျောက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် မထုတ်ပြန်မီ အဘက်ဘက်မှ ဝိုင်းဝန်းစဉ်းစား၍ အမှန်တကယ်ထိရောက်အကျိုးရှိပြီး တရားမျှတသည့် ပြည်သူတစ်ရပ်လုံး လိုလားထောက်ခံမှုရှိသည့် အမိန့်တစ်ရပ်ဖြစ်စေရန် ကြိုတင်ပြုစုရမည့် အနေအထားရှိပါကြောင်း။

နိုင်ငံတော်သမ္မတမှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ရေးကို ပြည်သူတို့၏ လိုအင်ဆန္ဒနှင့်အညီ ဝိုင်းဝန်းလေ့လာသုံးသပ်စဉ်းစားပြီး အခြေခံဥပဒေပုဒ်မ(၂၀၄) ပုဒ်မခွဲ(ခ)အရ သင့်လျော်သည့်အခြေအနေအချိန်အခါတွင် သင့်လျော်သည့်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်တင်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်က **သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်**၏ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် သဘောတူဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ခုနှစ် မေ ၁၆ ရက်မှ ၂၀၁၄ ခုနှစ် မေ ၂၈ ရက်အထိ ပြစ်ဒဏ်ဆိုင်းငံ့လျှော့ပေါ့မှုနှင့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်(၅) ကြိမ်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ(၄၀၁) ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်ဆိုင်းငံ့လွတ်ငြိမ်းခွင့်(၄၃)ကြိမ်ထုတ်ပြန်ခဲ့ပြီး နိုင်ငံရေး အကျဉ်းသားများအပါအဝင် အကျဉ်းသား စုစုပေါင်း(၆၈၈၂၄)ဦးကို လွှတ်ပေးခဲ့သည့်အပြင် ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ စိစစ်ထောက်ခံချက်ဖြင့် နိုင်ငံရေးအကျဉ်းသားပေါင်း(၃၅၄)ဦး လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများကို **ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က ပြန်လည်ဖြေကြားခဲ့သည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်း၏ တန့်ယန်းမြို့နယ် မိုင်းကောင်းကျေးရွာ အုပ်စုရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဝန်ဆောင်မှုပေးမည့် ဆရာဝန်များနှင့် ဝန်ထမ်းများကို ခန့်ထားစေလွှတ်ပေးရန်နှင့် ဆေးရုံအတွက် လိုအပ်သော ပရိဘောဂများ ကူညီဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က ရှမ်းပြည်နယ် တန်းယန်းမြို့နယ် မိုင်းကောင်းတိုက်နယ်ဆေးရုံတွင် လစ်လပ်နေသောသူနာပြုနှစ်ဦး နေရာသို့ ခန့်ထားခွင့်ရရန်ဆောင်ရွက်နေပါကြောင်း၊ လက်ထောက်ဆရာဝန်များကို ခန့်ထားခွင့်ရှိသည့်အခါ ဦးစားပေးခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၏ ကလေးမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနခွဲ (၁၁) ခုနှင့် ဒေသန္တရဆေးခန်း (၁) ခုတို့၏ ပြင်ဆင်ထိန်းသိမ်းစရိတ် (သို့) အသစ်ဆောက်လုပ်ခွင့်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားစီမံကိန်းဥပဒေတွင် မပါဝင်သော လုပ်ငန်းစီမံကိန်းသစ်များကို ရန်ပုံငွေတင်ပြတောင်းခံသော်လည်း ခွင့်မပြုပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ လျာထားစာရင်းတွင် ရန်ပုံငွေလျာထားနိုင်ခြင်းမရှိပါကြောင်း၊ ဝန်ကြီးဌာန၏လျာထားချက်တွင် ပါဝင်ခြင်းမရှိ၍ သက်ဆိုင်ရာဒေသန္တရစီမံကိန်းများ၌ ပါဝင်စေရန် ဆောင်ရွက်သင့်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ ပေါက်မြို့နယ် ကိုင်းလယ်ကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ **ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က မကွေးတိုင်းဒေသကြီးတွင် (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၈)ခု ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ အောင်လံ၊ ဆိပ်ဖြူ၊ ထီးလင်းနှင့် မင်းလှမြို့နယ်များ၌ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရန်လျာထားပြီးဖြစ်၍ ပေါက်မြို့နယ်တွင်လည်း လိုအပ်ချက်ရှိပါက စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

နှစ်စဉ် ကျန်းမာရေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိ

နေပြည်တော် မေ ၃၀

အလယ်တန်းကျောင်းသား ကျောင်းသူများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အခမဲ့သင်ယူခွင့်ပြုထားပြီဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများကိုလည်း သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ထောက်ပံ့ချက်များနှင့်ပြည့်စုံပါက ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေး၊ ဘာသာရပ်ထူးချွန်ဆုများကို ချီးမြှင့်ပေးလျက်ရှိပါကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့်၏ **"အောက်ခြေနှင့် အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ ပညာရေး၊ မိသားစုကျန်းမာရေးနှင့် နေထိုင်ရေးတို့အတွက် ရေရှည်စနစ်တကျ ကူညီဖြေရှင်းနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ ထည့်သွင်းဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုများ ချီးမြှင့်ပေးခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို စတင်ဆောင်ရွက်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများကို သူငယ်တန်းမှ အထက်တန်းအထိ မိဘမရှိသောသူများ၊ ဆင်းရဲနွမ်းပါးသောသူများအား သက်ဆိုင်ရာမြို့နယ်များမှ ထောက်ခံချက်ဖြင့် ပညာရေးဝန်ကြီးဌာနမှ စိစစ်ပြီးထောက်ပံ့ပေးခြင်း၊ ရေးဖြေစာမေးပွဲများ၊ နှုတ်ဖြေစာမေးပွဲများ ဖြေဆိုအောင်မြင်ပြီး ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများချီးမြှင့်ပေးခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ မူလတန်းအဆင့်ရှိ ကျောင်းသားအားလုံးကို ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်နှုန်း အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်းအဆင့်ရှိ ကျောင်းသားအားလုံးကို တစ်ဦးလျှင် ငွေကျပ် တစ်ထောင်နှုန်း ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ခံစားခွင့်ရှိနေပြီဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားသော ဝန်ကြီးဌာနများမှ ကြီးကြပ်ကွပ်ကဲသည့် ဆေးရုံများ၊ ဆေးခန်းများ၊ ဆေးပေးခန်းတွင် သက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအား တွဲဖက်တာဝန်ပေးပြီး နိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအား တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရ၏ နှစ်စဉ် ကျန်းမာရေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း၊ နေပြည်တော်တွင် အငြိမ်းစားဝန်ထမ်းများဆေးရုံ ခုတင် (၃၀၀) ကိုလည်း ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်တွင် အာမခံစနစ်(၆)မျိုး ပါရှိပါကြောင်း၊ ယင်းတို့အနက် အဓိကကျသော အာမခံစနစ် (၃)မျိုးဖြစ်သည့် ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့၌ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်တွင် အာမခံထားရှိပြီး ထည့်ဝင်ကြေးပေးသွင်းထားသူများသည်ရင်းတို့ကိုယ်တိုင် မည်သည့်အကြောင်းကြောင့်မဆို နာမကျန်းဖြစ်ပါက ဆေးကုသမှု ခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခံစားခွင့်ရှိသည့်အပြင် မိသားစုထောက်ပံ့မှုအာမခံစနစ်အတွက် သီးသန့်ထည့်ဝင်ကြေးပေးရန်မလိုဘဲ နိုင်ငံ့ဝန်ထမ်းများသာမက အာမခံထားသူ မည်သူမဆို သတ်မှတ်ထားသော ဝင်ငွေပမာဏအောက်နည်းသည့် အာမခံထားသူ၏ ပညာသင်ကြားနေသော သားသမီးများအတွက် သတ်မှတ်ချက်များနှင့်အညီ ပညာသင်စရိတ်ခံစားခွင့်ရှိပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

❖ **ပညာရေးမှ**

ဆောင်ရွက်နေခြင်းမှာ ကျောင်းနေသူများ ပိုမိုများပြားလာအောင် အားပေးနေခြင်းဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးတွင် မူကြိုကျောင်းတစ်သိန်းကျော်မျှသာ ရှိသေးရာ ဖွံ့ဖြိုးလာရန် လိုအပ်နေသေးသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ငါးသန်း နှစ်သိန်းကျော်၊ အလယ်တန်းအဆင့်တွင် နှစ်သန်း ငါးသိန်းကျော်နှင့် အထက်တန်းအဆင့်တွင် ခုနစ်သိန်း လေးသောင်းကျော်ရှိပါကြောင်း၊ မူလတန်းမှ အလယ်တန်းအဆင့်တွင် ထက်ဝက်ခန့်နှင့် အလယ်တန်းမှ အထက်တန်းအဆင့်သို့ တက်ရောက်သူ သုံးပုံနှစ်ပုံခန့် လျော့နည်းသွားသည်ကိုတွေ့ရှိရပါကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့် ပညာကဏ္ဍ နှစ်ခုစလုံးတွင် ပညာသင်ယူနေသူ အရေအတွက်မှာ နိုင်ငံ့လူဦးရေ၏ ခြောက်ပုံ တစ်ပုံသာရှိနေပါကြောင်း၊ ပညာသင်သူဦးရေများပြားလာအောင် ကျောင်းအပ်နှံရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထို့အတူ ပညာသင်ကြားမှုကုန်ကျစရိတ်မများရအောင် အခမဲ့မူလတန်းပညာရေးကိုသတ်မှတ်ခဲ့ပြီး ယခုနှစ်တွင် အခမဲ့အလယ်တန်းပညာရေးကိုပါ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပညာသင်သူအရေအတွက် များပြားလာသည်နှင့်အမျှ အရေအတွက်မှ အရည်အချင်းသို့ တိုးတက်လာအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာအရည်အချင်းတိုးတက်မှ တိုင်းပြည်တိုးတက်မည်ဖြစ်ပြီး အရာရာ၌ ပညာရေးက အဓိကကျနေပါကြောင်း။

စီးပွားရေးကဏ္ဍကို ဥပမာပြုရလျှင် သဘာဝသယံဇာတကိုအမှီပြု၍ ကုန်ကြမ်းအတိုင်းထုတ်လုပ်ရောင်းချပါက ဈေးနှုန်းနည်းပါးစွာဖြင့် ရောင်းချရပြီး ယင်းကုန်ကြမ်းကို နည်းပညာပေါင်းစပ်မှုဖြင့် ကုန်ချော ထုတ်လုပ်ရောင်းချမှုကိုမူ မူလကုန်ကြမ်းဈေးထက် အဆပေါင်းများစွာ ဈေးကြီးပေးပြီးဝယ်ယူနေရပါကြောင်း။

နိုင်ငံအချို့တွင် ဦးနှောက်စီးပွားရေးကို အောင်မြင်စွာဆောင်ရွက်နေကြပါကြောင်း၊ ၎င်းတို့ထုတ်လုပ်သည့် နည်းပညာမြင့် အီလက်ထရွန်နစ်ပစ္စည်းများကို ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူနေရပါသဖြင့် မိမိတို့တွင်လည်း ပညာရှင်များ မရှိမဖြစ် လိုအပ်နေပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်သည့် အဆင့်မှ ဦးနှောက်သုံး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့် အဆင့်သို့ တက်လှမ်းရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ပညာသင်ယူသူအရေအတွက် များပြားလာရန် ကျောင်းအပ်နှံသည်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျောင်းနေပျော်၍ စာတော်ရေး၊ အရည်အသွေးပြည့်ဝသည့် ပညာရှင်များဖြစ်ပေါ်လာရေးတို့အတွက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍ တိုးတက်လာရန် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် ခက်ခဲသည့်အတွက်ကြောင့် ပုဂ္ဂလိကပညာရေးကဏ္ဍကို ပိုမိုအားပေးရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအတွင်းနှင့် ဖြူးမြို့နယ်တို့တွင် ကျောင်းအပ်နှံနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးအုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က စာရေးကိရိယာနှင့် အသုံးအဆောင်များ၊ အလှူငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျောင်းအပ်နှံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ကျောင်းဝင်းအတွင်း၌ ၁၉၂၀ ခုနှစ်က တည်ဆောက်ခဲ့သည့် အမျိုးသားကျောင်း ကျောင်းဆောင်အား ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖြူးမြို့ အထကကျောင်းအပ်နှံရေးအခမ်းအနားတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဲခူးမြို့နယ် ဘုရားကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းကြို ကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လက်ဆောင်ပစ္စည်းများပေးအပ်ရာ မူကြိုကျောင်းသား ကျောင်းသူလေးများက ကလေးကဗျာများကိုရွတ်ဆိုသရုပ်ဖော်ပြသကြသည်။ အဆိုပါ မူလတန်းကြိုကျောင်းတွင် ကျောင်းသား ၃၅ ဦး၊ ကျောင်းသူ ၄၁ ဦး ပညာသင်ကြားလျက်ရှိသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးကြပြီး ဒုတိယသမ္မတက ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည် မြင့်မားရေးနှင့် သင်ကြားပေးသည့်ဘာသာရပ်များအား ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် အောင်စေတီစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတ အလယ်တန်းကျောင်းသို့ရောက်ရှိပြီး ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ နယ်လှည့်သာသနာပြု ဓမ္မကထိက ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ဆရာတော်သံဃာတော်များအား ဖူးမြော် ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ကျောင်းသား ကျောင်းသူလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါဘုန်းတော်ကြီးသင်ပညာရေးပရဟိတ အလယ်တန်းကျောင်းကို ၂၀၀၂ ခုနှစ် ဇွန်လတွင် မိဘမဲ့ ကျောင်းသား ကျောင်းသူ ၅၅ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အဆိုပါကျောင်းတွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၈၀ တက်ရောက်ပညာသင်ကြားကြမည်ဖြစ်သည်။

ယင်းပရဟိတကျောင်းတွင် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၄ ဦးတို့က စေတနာဖြင့်လာရောက် သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းအိပ် ကျောင်းစားအနေဖြင့် ပအိုဝ်းတိုင်းရင်းသားကျောင်းသား ခုနစ်ဦးနှင့် ကျောင်းသူ ၃၀ အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၈ ဦးရှိသည်။ အထက်တန်း ကျောင်းသားများကိုလည်း ကျောင်းတွင်ပင် နေထိုင်စေပြီး အခြားအထက်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားစေလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးမြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း ၁၇ ကျောင်းနှင့် မူလတန်းကျောင်း ကိုးကျောင်းရှိသည်။ ထို့အတူ အထက်တန်းကျောင်း ၁၅ ကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၂၂၄ ကျောင်း ဖွင့်လှစ်ထားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေးလှုပ်ရှားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည့်ခရီးစဉ်တွင် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် ကျောင်းဝတ်စုံများ၊ စာသင်ခုံများနှင့် အသုံးအဆောင်များ ဖြည့်ဆည်းပေးရန်အတွက် ရေတာရှည်မြို့နယ်တွင် ငွေကျပ် ၂၀၄၅၀၀၀၊ တောင်ငူမြို့နယ်တွင် ငွေကျပ် ၂၉၉၅၀၀၀ နှင့် ဖြူးမြို့နယ်တွင် ငွေကျပ် ၂၀၀၅၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကယားကြီးမူလတန်းကြိုကျောင်းတွင် ကျောင်းသား ကျောင်းသူများ ကဗျာရွတ်ဆိုသရုပ်ဖော်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ **အမျိုးသားလွှတ်တော်မှ**

ထို့ပြင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ် ပုဒ်မ ၂၀ တွင်ဖော်ပြထားသည့် မိမိတို့၏ဆန္ဒအလျောက် အာမခံထားရှိခွင့်အရ အများပြည်သူများအပါအဝင် ကျောင်းသား ကျောင်းသူများ၊ တောင်သူလယ်သမားများ၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ အပါအဝင် အိမ်ဖော်အဆုံး ပြည်သူတစ်ရပ်လုံးသည် လူမှုဖူလုံရေးစီမံကိန်းတွင် မိမိတို့ဆန္ဒအလျောက် စိတ်ဝင်တစားပါဝင်ပြီး အာမခံထားရှိနိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အာမခံထားသူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို လူမှုဖူလုံရေး စီမံကိန်းမှ တာဝန်ယူဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်တွင်ပါဝင်သည့် အိမ်ရာစီမံကိန်းများတွင် မိမိတို့ဆန္ဒအလျောက် ထည့်ဝင်ကြေးပေးသွင်းထားသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လူမှုဖူလုံရေးအိမ်ရာများတွင် နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့်နှင့် ပိုင်ဆိုင်ခွင့် (သို့မဟုတ်) အသုံးပြုခွင့်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အောက်ခြေအဆင့်နှင့် အလယ်အလတ်အဆင့်ပြည်သူများ နေထိုင်ရေးအတွက် ရေရှည်စနစ်တကျ ကူညီဖြေရှင်းနိုင်မည့် အစီအစဉ်များကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်တွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါကြောင်း။

၂၀၁၂ လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်အားလုံးကို အကောင်အထည်ဖော်သည့်အချိန်တွင် တစ်နိုင်ငံလုံးကို အကျုံးဝင်သည့် စီမံကိန်းဖြစ်စေရန် ရည်ရွယ်ထားသည့်အတိုင်း လူမှုဖူလုံရေးအဖွဲ့တွင် အလုပ်ရှင်၊ အလုပ်သမားနှင့် အများပြည်သူတစ်ရပ်လုံး ပါဝင်လာမည်ဆိုပါက အဖွဲ့တွင် အာမခံထားရှိသော ပြည်သူပိုင်၊ သမဝါယမ၊ ပုဂ္ဂလိကအပါအဝင် အောက်ခြေအဆင့်နှင့် အလယ်အလတ်အဆင့်တွင်ရှိသော ဝန်ထမ်းများ၊ မိသားစုဝင်များ၏ သားသမီးများ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသည့်အတိုင်း အလယ်အလတ်အဆင့်နှင့် အောက်ခြေဝန်ထမ်းများ ဂုဏ်သိက္ခာရှိစွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာနှင့် စိတ်အားထက်သန်စွာ ရိုးရိုးသားသား ထမ်းဆောင်နိုင်စေရန် ပညာသင်ကြားရေး၊ ဆေးဝါးကုသရေး၊ နေထိုင်ရေး၊ သွားလာရေးစသည်တို့အပေါ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စု၏ရငွေများကို ပိုမိုတိုးတက်ရရှိနိုင်စေရန် ကြိုးပမ်းခြင်း၊ သုံးငွေများကို စနစ်တကျခွဲဝေသုံးစွဲခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် သုံးစွဲရသည့် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် လူ့စွမ်းအားအရင်းအမြစ် ကိစ္စအတွက် အသုံးပြုရသည့် သာမန်အသုံးစရိတ်တို့ကို မျှတစွာသုံးစွဲခြင်းတို့ဖြင့် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူ့အိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများကို ၂၀၁၄ ခုနှစ် ဧပြီလမှစတင်၍ တစ်လလျှင် အနိမ့်ဆုံး (၁၇၀၀)ကျပ်မှ အမြင့်ဆုံး (၉၀၀၀)ကျပ်နှုန်းဖြင့် အငှားချထားပေးပါကြောင်း၊ အိမ်ငှားချထားရာတွင် သက်ဆိုင်ရာမြို့များရှိ ဒေသန္တရအစိုးရများမှဦးစီး၍ ဝန်ထမ်း၏ဌာန၊ ရာထူးနှင့် လုပ်သက်အလိုက် စိစစ်ခွင့်ပြုပေးခြင်းဖြစ်ပြီး မိမိတို့တာဝန်ထမ်းဆောင်သည့်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း၌ နေထိုင်ခွင့်ရှိပါကြောင်း။

သို့ရာတွင် နေအိမ်လိုင်းခန်းမရရှိသည့် နိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာဒေသနှုန်းထားအလိုက် အိမ်ငှားရမ်းခများ ခံစားခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်ထမ်းများအား လုပ်သက်အနည်းအများအလိုက် ထိုက်သင့်သည့် အိမ်ငှားခဖြင့် ရာသက်ပန် အငှားနေထိုင်ခွင့်၊ အချိန်မတိုင်မီ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ၊ အမွေခံစားခွင့်ရရှိသည့် အချိန်ကာလအထိ နေထိုင်ခွင့်ရရှိမည့် ကိစ္စရပ်ကိုလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ “**ရသေ့တောင်မြို့နယ် ထွန်းရဝေကျေးရွာရှိ ရေငန်တား တာတမံကို ပြန်လည်ဆယ်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ**” မေးခွန်းနှင့်စပ်လျဉ်း၍ လယ်မြေဧကစုစုပေါင်း (၂၀၀)ကို အကျိုးပြုနိုင်ရန်အတွက် စုစုပေါင်းတာအလျား (၄၄၀၀)ပေကို မြေကြီး ကျင်းပေါင်း(၁၉၅၀၀)ကျင်းဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်သန်း(၁၃၀)လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါခန့်မှန်းကုန်ကျစရိတ်ငွေကျပ်သန်း(၁၃၀)အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲ၍ ဦးစားပေးအစီအစဉ်အရ ခွင့်ပြုရရှိသော ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ “**ရန်ကုန်မြို့နှင့် မန္တလေးမြို့ ကဲ့သို့သော ယာဉ်ကြောပိတ်ဆို့သည့်မြို့များသို့ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝင်ရောက်လာသော ကားများအပေါ် ဘီးခွန်(ဝါ) အခြားလိုအပ်သောအခွန်များ ပိုမိုကောက်ခံခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကာကွယ်ရန် အစီအစဉ် ရှိ/မရှိ**” မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တစ်နှစ်လျှင် မော်တော်ယာဉ်လိုင်စင်ဝင်သည့်တစ်ကြိမ်သာ ဘီးခွန်ကိုကောက်ခံပါကြောင်း၊ ဘီးခွန်နှင့်မြို့ဝင်ကြေးများ တိုးမြှင့်သတ်မှတ်ပါက ရန်ကုန်မြို့တော်ကို ဖြတ်သန်းသွားသော မော်တော်ယာဉ်များအားလုံးကို ကောက်ခံရမည်ဖြစ်သဖြင့် ကုန်စည်စီးဆင်းမှုအပိုင်းတွင် ကုန်ကျစရိတ်ပိုမိုလာခြင်းကို အကြောင်းပြု၍ ကုန်ဈေးနှုန်းကြီးမြင့်မှု အခြေအနေဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း။

အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏လိုင်စင်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် တက္ကစီယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးအလို့ငှာ ပြေးဆွဲခြင်းမပြုရန်နှင့် ပြေးဆွဲပါက အရေးယူနိုင်ရေး ဥပဒေ၌ ထည့်သွင်းရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာသည့် ယာဉ်များအပေါ် ဘီးခွန်အပါအဝင် အခြားအခွန်များ ပိုမိုကောက်ခံရန် အစီအစဉ် မရှိသေးပါကြောင်း။

မန္တလေးမြို့တွင်း၌ ယာဉ်ကြောကျပ်တည်းရသည့်ဖြစ်စဉ်များအတွက် ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရေး၊ ဆိုင်ကယ်များ ညာလမ်းမှစီးနင်းကြရေး၊ မီးပွိုင့်များအားလုံး Main Road တစ်လျှောက် အပြည့်တပ်ဆင်ရေး၊ ဈေးဆိုင်များ ပလက်ဖောင်းများပေါ်တွင် နေရာယူဈေးမရောင်းချရေး၊ Peak Hour တွင် ကုန်တင်ကုန်ချ မဝင်ရောက်ရေး၊ ကားထားရာနေရာ တိုက်အဆောက်အအုံများ ဒေသအလိုက် တည်ဆောက်ပေးရေး၊ အိမ်ကားများလမ်းပေါ် မရပ်တန့်စေရေး၊ မြို့တွင်းအထပ်မြင့်ဟိုတယ်များ တည်ဆောက်ပါက ကားပါကင်များ ထည့်ပြီးသားဒီဇိုင်းပါမှ ဟိုတယ်ဖွင့်ခွင့်ပြုရေး၊ ကားပါကင်ရပ်နားခ ပိုမိုကောက်ခံ ဒဏ်ချစေရေး၊ လက်ရှိလမ်းနှင့် မလုံလောက်သဖြင့် စစ်တမ်းကောက်၍ လမ်းကျပ်နေရာ လမ်းမများ၊ လမ်းဆုံများအတွက် မိုးပျံတံတားများ တည်ဆောက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ခေတ်မီ Mono Rail System ဖြင့် ခရီးသည်များ မြို့တွင်းမြို့ပြင် သယ်ပို့ရေး အစီအစဉ်ရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှုရရှိရေး စီစဉ်ရန်လိုအပ်ပါကြောင်း။

နယ်မှဝင်ရောက်လာသည့် ကားများအပေါ် အခွန်ကြီးမြင့်ကောက်ခံရေးကိစ္စမှာ အချက်တစ်ချက်အနေဖြင့် ပါသင့်သော်လည်း အထက်ဖော်ပြပါ အချက်များအား ပြုပြင်ဆောင်ရွက်ရန်နှင့် High Way Fly Over Bridges များတည်ဆောက်ပေးမှသာ လက်ရှိယာဉ်နှင့် လုံလောက်မည်ဖြစ်ပါကြောင်း၊ မြို့တွင်းရထားဖြင့် သယ်ပို့စနစ်ရှိပါက ပိုမိုအမြန်နှုန်းမြင့်ပြီး အချိန်မှန်ထွက်ခွာ သယ်ပို့ပါကလည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

● **ကျောက်ဖုံးမှ**

မြန်မာ-ဝမ်ပေါင်ကုမ္ပဏီ JMC (Joint Management Committee) နှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်နေကြသော်လည်း အချို့လုပ်ငန်းများတွင် နှောင့်နှေးနေသည်ကို တွေ့ရကြောင်း၊ မြေယာလျော်ကြေးနှင့် ထောက်ပံ့ကြေးငွေများ ဆက်လက်ထုတ်ပေးနေသော်လည်း မထုတ်ယူအောင် ဟန့်တားမှုများရှိနေသေးကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် Knight Pie'sold အဖွဲ့၏ ESIA အစီရင်ခံစာအပေါ် Review ကော်မတီ၏ သုံးသပ်အကြံပြုချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ အလျင်စလို ဆောင်ရွက်ခြင်း မဖြစ်စေဘဲ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထု ကျေနပ်မှုသာလျှင် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ကို သတိဂရုပြုရန်ဖြစ်ကြောင်း၊ ဆားလင်းကြီးမြို့နယ် မိုးကြိုးဆာလ်ဖျူရစ် စက်ရုံအတွက် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်သုံးစောင် ရရှိခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေးနေရမည် ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ စီမံကိန်းကာလ နှစ် ၃၀ အပြီးတွင် ဒေသအခြေအနေ မည်သို့ဖြစ်လာမည်ကို နိုင်ငံတကာအဆင့်မီ မိုင်းပိတ်သိမ်းမှုအစီအမံ (Mine Closure Plan) အား ရေးဆွဲ၍ အနာဂတ်မျှော်မှန်းချက် ပုံစံကို ပြည်သူလူထုသိရှိစေရန် ပွင့်လင်းမြင်သာစွာဖြင့် ရှင်းလင်းပြသရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး CSR အတွက် လုပ်ဆောင်နေမှုသည် ဒေသခံပြည်သူလူထု လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရှေးရှုဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၏ လက်တွေ့ဘဝတွင် အမှန်တကယ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

အလားတူ စံပယ်တောင်နှင့် ကြေးစင်တောင် စီမံကိန်းဘက်ခြမ်းကိုလည်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင် CSR လုပ်ငန်းများ လျာထား၍ ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ လက်ပံတောင်းဒေသ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် အစီအမံများအား ကြိုတင်စီမံထားရန် လိုကြောင်း၊ စီမံကိန်း အောင်မြင်ရန်အတွက် လုပ်ငန်းတိုင်းတွင် အကောင်အထည်ဖော်ရေးအဖွဲ့များအားလုံး ညှိနှိုင်းဆောင်ရွက်ပြီး ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဒေသလိုအပ်ချက်အပေါ် ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်ရိုက်တင်ပြဆောင်ရွက်ရန်နှင့် လိုအပ်ပါက မိမိတို့ကော်မတီသို့ ဆက်လက်တင်ပြသွားရန်ဖြစ်ကြောင်း၊ စီမံကိန်းဒေသဖွံ့ဖြိုးရေးအတွက် အဖွဲ့များအားလုံး အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးက လက်ပံတောင်းတောင်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများ၊ ဆောင်ရွက်ဆဲ အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒေါက်တာမြင့်အောင်တို့က လက်ပံတောင်းတောင် ဒေသအတွင်း သောက်သုံးရေကောင်းမွန်စွာ ရရှိရေးဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီမှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက မိမိတို့အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးလုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများက ဒေသတွင်း လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ကော်မတီဝင်များက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်မှုသည် နိုင်ငံတကာစံချိန်စံညွှန်းမီရန် လိုအပ်ကြောင်း၊ စီမံကိန်းလုံခြုံရေးကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးကို အနီးကပ်ကြီးကြပ်ရန် တာဝန်ပေးအပ်ထားကြောင်း၊ CSR လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံများ၏ဆန္ဒအပေါ် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ စီမံကိန်းအလုပ်သမားခန့်ထားရေးကိစ္စများကို အလုပ်သမားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ စီမံကိန်း အောင်မြင်ရန် အကောင်အထည်ဖော်ရေးအဖွဲ့များ ဟန်ချက်ညီညီပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

○ **စာမျက်နှာ ၅ မှ**

သတ်မှတ်ရက်မှစပြီး စာအုပ်လေးအုပ်သာ ရရှိတော့မှာဖြစ်လို့ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိခြင်းကြောင့် သက်ဆိုင်ရာ စာပေပညာရှင်များအနေနဲ့ မိမိတို့ထုတ်ဝေတဲ့စာအုပ်များကို အမျိုးသားစာပေဆု ရွေးချယ်ရာမှာထည့်သွင်းစဉ်းစားနိုင်ရေးအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပေဗိမာန်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉ သို့ လာရောက်ပေးပို့ပေးပါရန်နှင့် စာတိုက်မှ ပေးပို့သူများအနေနဲ့ မှတ်ပုံတင်ပြုလုပ်ပြီး ပေးပို့ပေးကြဖို့ ပန်ကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)မှ တွေ့ဆုံခွင့်တောင်းခံလာသူများအား မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရုံး၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှုအခြေအနေများကို ရှင်းပြခဲ့သည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြ[illegible]၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ပညာရေးနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်၏ ပညာရေးဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးချက်တင်ပြချက်များကို ကြားနာခဲ့သည်။

(သတင်းစဉ်)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၃၀

နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းအုပ် ဆရာတော်များ၏ ပညာရေးဆွေးနွေးပွဲ ပထမနေ့ကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် [illegible] ကုသလ၊ တွဲဖက်အကျိုးတော်ဆောင်၊ ကျောင်းကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များမှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်များ၊ ကျောင်းအုပ် ဆရာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဦးစီးအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကြီးကြပ်ရေးဗဟို အဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဂုဏိကာဘိဝံသ နှင့် အဖွဲ့ဝင်ဆရာတော်များက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များအား နိုင်ငံတော်၊ သာသနာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန တို့၏ ပူးပေါင်းဆောင်ရွက်မှုများကို မိန့်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် [illegible] ရေး၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးလိုသည့် သားကောင်းသမီးကောင်းများဖြစ်လာစေရန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်၊ ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ်သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်ကြစေရန်၊ အမျိုး ဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ဟူသော ရည်ရွယ်ချက်များချမှတ်၍ အကောင်အထည်ဖော်လာခဲ့ရာ အနှစ် ၂၀ ကျော်ကာလအတွင်း ယခုအခါ ကျောင်းပေါင်း ၁၅၉၇ ကျောင်း၊ ဆရာ ဆရာမ ၆၈၂၀ ဦး၊ ကျောင်းသား ကျောင်းသူ ၂၆၉၂၆၇ ဦးအထိ ရှိလာ၍ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှု ရရှိခဲ့သည်ဟုဆိုနိုင်ပါကြောင်း၊ သို့ရာတွင် ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်းသည် ဆင်းရဲနွမ်းပါးသောကလေးသူငယ်များအတွက် အဓိကအားထားရာ ပညာရေးလုပ်ငန်းဖြစ်သည်နှင့်အညီ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ အနေဖြင့် အခြေခံပညာလမ်းဆုံး [illegible] တွင် ရှိနေ၍ နေရာဒေသမရွေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွင့်လှစ်ရန် အမှန်ပင် လိုအပ်လျက်ရှိကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ သိမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ စိတ်ဓာတ်နယ်ပယ်ဟူသော နယ်ပယ်သုံးရပ် ကျယ်ပြန့်လာဖို့သင်ကြားပေးသင့်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် တွေးခေါ်မြော်မြင်မှုစွမ်းရည်၊ ပါဝင်ညှိနှိုင်းဆောင်ရွက်နိုင်မှုစွမ်းရည်များ ဖြစ်ထွန်းလာစေရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများက အစပျိုးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနကလည်း ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပညာရေးစနစ်ကိုတတ်ကျွမ်းမှုသည် အဓိက၊ အောင်မြင်ရေးသည် ပထမ၊ အသုံးချနိုင်မှုသည် ပဓာနဟု မှုထားကျင့်သုံးရမည်ဖြစ်ပါကြောင်း ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးလိပ်အန္တရာယ်လျှော့ချရေး ပိုမိုထိရောက်သည့် မူများလိုအပ်နေ

ဇေယျာ(မိုင်ရာ)

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်မှ စတင်ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအရ ဆေးလိပ်သောက်သုံးခွင့်မရှိသည့်နေရာများကို သတ်မှတ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဆေးလိပ်ကင်းဝေးရေးစီမံချက်နှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ယနေ့အထိ နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဆေးလိပ်သောက်သုံးခွင့်မရှိသည့် နေရာများမှာဆေးရုံ၊ ဆေးခန်း ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံများ၊ အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊ ကလေးကစားရုံနှင့် ကလေးကစားကွင်းများ၊ အခြေခံပညာကျောင်း ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ စာသင်ခန်းနှင့် ဝန်ထမ်းအိမ်ရာများ၊ အခြားအဆောက်အအုံများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ ပရဝဏ်အတွင်းရှိ သင်ကြားရေးအဆောက်အအုံများ၊ ရုံးခန်းများနှင့် အခြားအဆောက်အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ အများပြည်သူသုံး ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်နှင့် လေယာဉ်၊ ရေယာဉ်များ၊ လေအေးပေးစက် တပ်ဆင်ထားသည့် အများပြည်သူသုံးအခန်းများ၊ ခန်းမကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနက သီးခြားအမိန့်ထုတ်ပြန်ပြီး တားမြစ်ထားသည့် အများပြည်သူဆိုင်ရာ အဆောက်အအုံများ စသည်တို့ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် စီးကရက်သောက်သုံးမှုကို ပညာပေးအရေးယူရာတွင် စီးကရက်ထုပ်ပိုးမှု၏ ၈၀ ရာခိုင်နှုန်းကို ကျန်းမာရေးသတိပေးစာများ၊ ဝေဒနာခံစားရသောပုံများဖြင့်သာ ရောင်းချခွင့်ပြုခြင်း၊ အခွန်အခကို ကြီးမားစွာထမ်းဆောင်စေခြင်း၊ ဆေးလိပ်ရောင်းချသောဆိုင်များကို ကန့်သတ်ခြင်း၊ အရေးယူခြင်း၊ အသက်(၁၈)နှစ်အောက် လူငယ်များကို ဆေးလိပ်ရောင်းချ သောက်သုံးမှုအား ထိရောက်စွာအရေးယူခြင်းများကို ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးသူထိန်းချုပ်ရေးဥပဒေကို တိကျစွာပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း စီးကရက်ကုမ္ပဏီများ၏ လက်တစ်လုံးခြားရောင်းချမှုများကြောင့် ဆေးလိပ်သောက်သုံးမှုနယ်ပယ်ကို ထိန်းချုပ်မရနိုင်သည့်အပြင် ဆေးလိပ်သောက်သုံးသူ၊ ရောင်းဝယ်သူများအား ပြစ်ဒဏ်ပေးခြင်း၊ ဖမ်းဆီးခြင်းများကို ရဲများကသာဆောင်ရွက်နိုင်သည့် ရဲအရေးပိုင်မှုများဖြစ်နေခြင်းကြောင့် ထိရောက်စွာထိန်းချုပ်အရေးယူနိုင်ခြင်း မရှိသည်ကို ယခုတိုင်တွေ့မြင်နေရဆဲဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ၂၀၀၉ ခုနှစ် စစ်တမ်းအရ အသက်(၁၅)နှစ်မှ (၆၄)နှစ်အတွင်း ဆေးလိပ်သောက်သုံးသူ အမျိုးသား ၄၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး အဆိုပါဆေးလိပ်သောက်သူနှုန်း ဆက်လက်မြင့်တက်လာပါက အသက်(၁၃)နှစ်မှ (၁၅)နှစ်အတွင်းလူငယ်လေးယောက်တွင် တစ်ယောက်အသုံးပြုသည့်အခြေအနေဖြစ်လာဖွယ်ရှိကြောင်း သုံးသပ်ထားသည်။ တစ်ကမ္ဘာလုံးအနေဖြင့် လက်ရှိ ဆေးလိပ်သောက်သုံးသူ သန်းပေါင်း တစ်ဘီလီယံခန့်ရှိနေပြီး လာမည့် ၂၀၅၀ ခုနှစ်တွင် ၂ ဒသမ ၂ ဘီလီယံအထိ တိုးမြင့်လာနိုင်ကြောင်း WHO က ခန့်မှန်းထားသည်။

ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ နှလုံး၊ သွေးတိုး၊ ကင်ဆာ၊ အဆုတ်နှင့် စွမ်းဆောင်ရည်ကျဆင်းသည့်ရောဂါများ စသည်တို့ကိုဖြစ်စေနိုင်ပြီး အဆုတ်ကင်ဆာရောဂါမှာ အဖြစ်အများဆုံးဖြစ်ကြောင်း သိရသည်။ အဆုတ်ကင်ဆာဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် Passive Smoking (ခေါ်) ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်း၊ တစ်နည်းအားဖြင့် ဆေးလိပ်သောက်သုံးသူနှင့် အနီးကပ်နေထိုင်သူများတွင်လည်း အဆုတ်ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ကြောင်း အထူးသတိချပ်သင့်ပေသည်။

ဤကဲ့သို့ လူ့ခန္ဓာကိုယ်အတွင်း တိတ်တဆိတ်ဝင်ရောက်ကာ အငွေ့ထုတ်သတ်သည့် ဆေးလိပ်အန္တရာယ်ကို တာဝန်ရှိအဖွဲ့အစည်းအသီးသီးက ပြည်သူတစ်ရပ်လုံးအား အသိပညာပေးပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တိုက်ဖျက်တားဆီးသွားကြရန် အရေးတကြီး လိုအပ်လျက်ရှိနေပြီဖြစ်သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်လျှော့ချရေး (Tobacco Harm Reduction)ကို ဖော်ဆောင်ကျင့်သုံးနိုင်ရန် British American Tobacco(BAT)က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် နိုင်ငံတကာ အစိုးရအဖွဲ့များသို့ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (ယနေ့)တွင် တိုက်တွန်းချက်တစ်ခု ထုတ်ပြန်ထားသည်။

အဆိုပါတိုက်တွန်းချက်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲခြင်းကို လျှော့ချရန် အစိုးရအဖွဲ့အစည်းများအနေဖြင့် ပိုမိုထိရောက်သောနည်းသစ်များကို စဉ်းစားကြဖို့ အချိန်ကျနေပြီဖြစ်ကြောင်း၊ အီး-စီးကရက်ကဲ့သို့ သိသိသာသာအန္တရာယ်ဖြစ်စေမှုနည်းသော ထုတ်ကုန်မျိုးကို အရွယ်ရောက်ပြီး ဆေးလိပ်သောက်သုံးသူများ ရွေးချယ်သုံးစွဲနိုင်ရန် ထုတ်လုပ်နိုင်ဖို့လိုကြောင်း၊ အီး-စီးကရက်ကဲ့သို့ ထုတ်ကုန်များကို အများစုက "ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်လျှော့ချရေး(Tobacco Harm Reduction)"ဟု သတ်မှတ်ထားကြပါကြောင်း၊ အကယ်၍ အီး-စီးကရက်များကို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကဲ့သို့ ထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တစ်ပြေးညီ သတ်မှတ်ပါက ဆေးလိပ်သောက်သုံးသူများသည် ၎င်းတို့အတွက် အန္တရာယ်နည်းစေသည့် အခြားအစားထိုး ထုတ်ကုန်များကို ရွေးချယ်သုံးစွဲရန် ခက်ခဲမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာပုံနှိပ်ခြင်းလုပ်ငန်းများအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံစက်ကြီးများဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁) နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၇၃

(၂) စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ခလရ (၉၀)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၆၄၅၇၃၂

(၃) အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈-လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊ ဖုန်း-၀၂-၆၂၉၃၀

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

ဆိုက်ကားလိုင်စင်သက်တမ်းတိုးလွယ်ကူစေရေး အနေးယာဉ်လုပ်သားများ ဆန္ဒထုတ်ဖော်

ပြည် မေ ၃၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ မေ ၂၉ ရက်တွင် အနေးယာဉ်လုပ်သားများစုပေါင်း၍ ဆိုက်ကားလိုင်စင်သက်တမ်းတိုး ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အား အဓိကထား၍ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူအနေးယာဉ်လုပ်သား ၅၀ က ဆိုက်ကားများပေါ်တွင် ဆိုင်းဘုတ်များထောင်၍ "ဆိုက်ကားလိုင်စင်စာအုပ်မှန်ကန်လျှင်သက်တမ်းတိုးပေးပါ၊ ကုန်ကျစရိတ်များတဲ့အလုပ်မျိုးတွေ မလုပ်ခိုင်းပါနဲ့၊ ဆိုက်ကားလိုင်စင်ကြေး ၅၀၀၀ အောက်လျှော့ချပေးရေး၊ ကားတွေ ကညနမှာ လိုင်စင်သက်တမ်းတိုးရင် ဆိုက်ကားလိုင်စင်သက်တမ်းတိုးတာလောက် မခက်ခဲဘူး" စသည့် ဆိုင်းဘုတ်များဖြင့် ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်စုရပ်မှ လမ်းရှည်လမ်း၊ ယင်းမှတစ်ဆင့်မြို့နယ်ထွေ/အုပ်ရုံးရှေ့၊ ပြည်မြို့စည်ပင်သာယာဈေးကြီး ဈေးခေါင်းရုံရှေ့နှင့် လမ်းမတော်လမ်းကိုဖြတ်ကာ ကမ်းနားလမ်းရှိ စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင်ဆန္ဒထုတ်ဖော်၍ လူစုခွဲရုပ်သိမ်းခဲ့သည်။

ပြည်မြို့နယ် စည်ပင်သာယာရေးရုံးတွင် ယခုနှစ် မေလ ၁၅ ရက်မှ ဇွန်လ ၁၂ ရက်အထိ တစ်နေ့လျှင် ဆိုက်ကား ၁၀၀ အား လက်ခံသက်တမ်းတိုးပေးလျက်ရှိပြီး ယခုအခါ ပြည်မြို့တွင် ဆိုက်ကားအစီး ၂၀၀၀ ကျော်သာရှိကြောင်း သိရသည်။ ဆိုက်ကားမောင်းနှင်သူများမှာတရားဝင်လိုင်စင်ရယူ၍ နင်းနေရသော်လည်း တရားမဝင်ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များ၊ စက်တပ်ယာဉ်ဘက်ထရီသုံးဘီးဆိုင်ကယ်များကြောင့် မောင်းနှင်သူများမှာ ကုန်တင်၊ ကုန်ချကိစ္စများတွင် တစ်နေ့ကျပ် ၂၀၀၀ ရရန်ပင်ခဲခဲယဉ်းယဉ်းနင်းနေရသည်။ မိသားစုစားဝတ်နေရေးခက်ခဲမှုများရှိနေသော ဆိုက်ကားမောင်းနှင်သူများအား အဘက်ဘက်မှ သက်သာသော နှုန်းထားများဖြင့် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရေး ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်(ဓာတုဗေဒ)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကို ထိရောက်စွာ အထောက်အကူပြုစေမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအပေါ်အတိုးတွက်ချက်ကောက်ခံပုံ အများပြည်သူများသိရှိနိုင်ရန်တင်ပြခြင်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကို ရည်ရွယ်၍ အသေးစားငွေကြေးလုပ်ငန်းများဖြင့် ဝင်ငွေနည်းပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ၃၀-၁၁-၂၀၁၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဥပဒေနှင့်အညီ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်း ၁၈၉ ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များထုတ်ပေးခဲ့ပြီး အဖွဲ့အစည်းများမှ အသေးစားငွေကြေးဝန်ဆောင်မှုပေးလျက်ရှိပါသည်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် အကျိုးအမြတ်ကိုသာ အဓိကထားဦးတည်ဆောင်ရွက်ရန် မဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရည်ရွယ်ချက် အောင်မြင်ရေးအတွက် အဖွဲ့အစည်းများနှင့် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုလိုအပ်လျက်ရှိပါသည်။

၂။ အချို့သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားချေးငွေအပေါ်ကောက်ခံရန် သတ်မှတ်ထားသည့် အတိုးနှုန်းကျပ် ၁၀၀ ပေါ်တွင် တစ်လလျှင် ၂ ဒသမ ၅၀ ကျပ်နှုန်းဖြင့် ချေးငွေပြန်လည်ပေးဆပ်မှုကြောင့် အဆင့်ဆင့်လျော့နည်းသွားသည့် ချေးငွေလက်ကျန်ပမာဏအပေါ်တွင် တွက်ချက်ကောက်ခံသည့် **အမှန်ထိရောက်အတိုးနှုန်း (Real Effective Rate)** ဖြင့် အတိုးငွေများ ကောက်ခံရမည်ဖြစ်သော်လည်း **ပုံသေအတိုးနှုန်း (Flat Rate)** ဖြင့် တွက်ချက်ကောက်ခံမှုပြုသဖြင့်သတ်မှတ်ထားသောအတိုးနှုန်းထက် များပြားနေကြောင်းသိရှိရပါသည်။ အမှန်ကောက်ခံရမည့် **အမှန်ထိရောက်အတိုးနှုန်း (Real Effective Rate)** ဖြင့် တွက်ချက်မှုကို ဥပမာအားဖြင့် ဖော်ပြအပ်ပါသည်-

ချေးငွေပမာဏ	- ၆၀၀၀၀ ကျပ်
ချေးငွေကာလ	- ၆ လ
အတိုးနှုန်း(တစ်လ)	- ၂ ဒသမ ၅ ရာခိုင်နှုန်း
လစဉ်ပြန်လည်ပေးဆပ်ရမည့်ငွေ	- ၁၀၀၀၀ ကျပ်

အမှန်ထိရောက်အတိုးနှုန်းဖြင့် တွက်ချက်ကောက်ခံပုံဇယား

လ	ကောက်ခံရမည့်ပမာဏ			မှတ်ချက်
	အရင်း	အတိုး	စုစုပေါင်း	
ပထမ	၁၀၀၀၀	၁၅၀၀	၁၁၅၀၀	ချေးငွေ ၆၀၀၀၀ ကျပ်အပေါ်အတိုးတွက်ချက်ပါသည်။
ဒုတိယ	၁၀၀၀၀	၁၂၅၀	၁၁၂၅၀	ချေးငွေလက်ကျန် ၅၀၀၀၀ ကျပ်အပေါ် အတိုးတွက်ချက်ပါသည်။
တတိယ	၁၀၀၀၀	၁၀၀၀	၁၁၀၀၀	ချေးငွေလက်ကျန်၄၀၀၀၀ကျပ်အပေါ် အတိုးတွက်ချက်ပါသည်။
စတုတ္ထ	၁၀၀၀၀	၇၅၀	၁၀၇၅၀	ချေးငွေလက်ကျန်၃၀၀၀၀ ကျပ်အပေါ် အတိုးတွက်ချက်ပါသည်။
ပဥ္စမ	၁၀၀၀၀	၅၀၀	၁၀၅၀၀	ချေးငွေလက်ကျန် ၂၀၀၀ ကျပ်အပေါ်အတိုးတွက်ချက်ပါသည်၊
ဆဋ္ဌမ	၁၀၀၀၀	၂၅၀	၁၀၂၅၀	ချေးငွေလက်ကျန် ၁၀၀၀၀ ကျပ်အပေါ် အတိုးတွက်ချက်ပါသည်။
စုစုပေါင်း	၆၀၀၀၀	၅၂၅၀	၆၅၂၅၀	

၃။ အထက်ပါ တွက်နည်းအတိုင်း မိမိတို့ချေးယူထားသော ချေးငွေ၊ ကာလအပေါ် နာမူနာယူစိစစ်တွက်ချက်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်ပြီး မှန်ကန်သော အတိုးတွက်ချက်ပုံဖြစ်၍ ဖော်ပြပါနည်းစနစ်အတိုင်းတွက်ချက်ကောက်ခံရမည်ဖြစ်ပြီး သတ်မှတ်အတိုးနှုန်းအတိုင်း ရယူခြင်းမရှိပါက သတင်းပေးနိုင်ကြောင်း နှင့် သတ်မှတ်အတိုးနှုန်းအတိုင်း ရယူခြင်းမရှိကြောင်းတွေ့ရှိပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ဖျက်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် ကြော်ငြာအပ်ပါသည်။

လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ပြဿနာမရှိသော်လည်း သတင်းအချက်အလက်များရယူရာတွင် အခက်အခဲရှိနေ

ရန်ကုန် မေ ၃၀

နိုင်ငံပိုင် သတင်းစာများသည် အများပြည်သူဝန်ဆောင်မှုသတင်းစာများအဖြစ် ရှေးရှုဆောင်ရွက်နေကြောင်းဖြင့် လက်ရှိမြန်မာနိုင်ငံ၏ မီဒီယာလောကအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က သုံးသပ်ပြောကြားခဲ့သည်။

မေ ၂၈ ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင်ပြုလုပ်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံသတင်းထုတ်ပြန်ရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပသည့် မီဒီယာဆွေးနွေးပွဲတွင် သတင်းထောက်များ၏ မေးမြန်းချက်များနှင့် ပတ်သက်၍ ဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေမူကြမ်းကို လွှတ်တော်မှာ တင်ထားပါတယ်။ အဲဒီဥပဒေအကောင်အထည်မပေါ်သေးမီမှာ အများပြည်သူဝန်ဆောင်မှုဘက်ကိုရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်။ ဒါကြောင့် ကြေးမုံနဲ့ မြန်မာ့အလင်းကို ယူကြည့်လိုက်မယ်ဆိုရင် အရင်တုန်းက ရေးသားလေ့မရှိတဲ့သတင်းတွေရေးတာတွေ ရှိလာတယ်လေ၊ အခုဆို ဘာပဲပြောပြော တရားဝင်ဆန္ဒထုတ်ဖော်ပြောကြားတာတွေဆိုလည်း ရေးတာပဲ၊ ဒေါ်အောင်ဆန်းစုကြည်လုပ်ခဲ့တဲ့ လူထုအစည်းအဝေးပွဲဆိုလည်း ရေးတာတွေ့ရမှာပါ။ ကျန်တဲ့လူမှုစီးပွား ဘဝ ဆန်တဲ့ကိစ္စမျိုးလည်းရေးတာပါပဲ" ဟုပြောသည်။

ဆက်လက်၍ ဒုဝန်ကြီးက အများပြည်သူဝန်ဆောင်မှုသို့ ပြောင်းရာတွင် ဝန်ထမ်းများသည် အတတ်ပညာပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ အားနည်းမှုများရှိနေသေးကြောင်း၊ ပြုပြင်ပေးရခြင်း၊ လေ့ကျင့်ပေးရခြင်းများရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ကြေးမုံ၊ မြန်မာ့အလင်း အများပြည်သူဝန်ဆောင်မှု သတင်းစာများအနေဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာ ကျင့်ဝတ်အပြင် စာနယ်ဇင်းကောင်စီ၏ စာနယ်ဇင်းကျင့်ဝတ်များကိုပါ လိုက်နာရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီဒီယာလွတ်လပ်ခွင့်နှင့် အတူ မီဒီယာအရည်အချင်းပြည့်ဝမှု၊ ကျင့်ဝတ်နှင့်ညီညွတ်မှုစသည့်အချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်သော်လည်း စိန်ခေါ်မှုများရှိနေကြောင်း၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာထုတ်ဝေခွင့်တို့အတွက် ပြဿနာမရှိသော်လည်း အစိုးရဌာနများမှ သတင်းအချက်အလက်များ ရယူရာတွင် အခက်အခဲများရှိနေသေးကြောင်းနှင့် စာနယ်ဇင်းသမားများ၏ ပညာရပ်ဆိုင်ရာအရည်အသွေးနှင့် ကျင့်ဝတ်ဆိုင်ရာအရည်အသွေးများ ဖြည့်ဆည်းရန် လိုအပ်ကြောင်း၊ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် တစ်ရက်တစ်မနက်နှင့်လုပ်ဆောင်၍မရကြောင်း၊ ရေရှည်လုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် စာနယ်ဇင်းလောကသားများအားလုံး ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရမီဒီယာ၊ ပုဂ္ဂလိကမီဒီယာများကို ဝေဖန်သုံးသပ် အကဲဖြတ်ပေးခြင်းဖြင့် ပိုမိုအရည်အသွေးကောင်းသည့် မီဒီယာများပေါ်ထွက်လာမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံသတင်းထုတ်ပြန်ရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီဒီယာဆွေးနွေးပွဲကို မေ ၂၈ ရက်နှင့် ၂၉ ရက်အထိ နှစ်ရက်တိုင်တိုင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

(သီသီမင်း)

မဟာမုနိဘုရားကြီးတွင် ကွန်ပျူတာစနစ်သုံး အလှူငွေပြေစာစတင်အသုံးပြု

မန္တလေး မေ ၃၀

ပြည်တွင်းပြည်ပဘုရားဖူးများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိသော မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးတွင် ပထမဆုံးသော ကွန်ပျူတာစနစ်သုံး အလှူငွေပြေစာပေးအလှူခံဌာနကို မေ ၁၅ ရက်မှ စတင်ဖွင့်လှစ်အသုံးပြုနေပြီဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင်က အလှူငွေဖြတ်ပိုင်းကို လက်ရေးဖြင့် ရေးပေးပြီး ယခု ကွန်ပျူတာစနစ်သုံးပြေစာတွင် အလှူငွေလှူဒါန်းသူ အမည်၊ နေရပ်လိပ်စာ၊ လှူဒါန်းသည့်နေ့စွဲ၊ အချိန်နှင့်အလှူငွေလက်ခံသူနာမည်များ ပါဝင်သည်။ အဆိုပါ ကွန်ပျူတာစနစ်သုံးအလှူငွေပြေစာပေးအလှူခံဌာနအတွက် လိုအပ်သော နည်းပညာအား IT star software development Co., Ltd. မှလှူဒါန်းခြင်းဖြစ်ပြီး ရွှေသက်န်း၊ ဘက်စုံ၊ ကျောင်းတော်ကြီး၊ ခါတ်မီးတော်၊ ငွေပဒေသာပင် အစရှိသည်များအတွက် အလှူငွေများသီးသန့် လှူဒါန်းနိုင်ကြောင်း သိရသည်။ ကွန်ပျူတာစနစ်သုံးအလှူခံဌာနတွင် ကွန်ပျူတာ ငါးလုံးတပ်ဆင်ထားပြီး အလှူခံဌာနမှကွန်ပျူတာများအားလုံးကို မိန်းကွန်ပျူတာတစ်လုံးမှ ထိန်းချုပ်ထားခြင်းဖြစ်ကာ မိန်းကွန်ပျူတာထဲတွင် အလှူငွေဖြတ်ပိုင်းပြေစာများအား သိုလှောင်ထိန်းသိမ်းထားသည်။ အလှူခံငွေလက်ခံသူများအနေဖြင့် မည်သည့်ပြင်ဆင်ချက်မျိုးမှ လုပ်ဆောင်ခြင်းမပြုနိုင်ဘဲ တစ်စုံတစ်ရာသောပြဿနာများကို မိန်းကွန်ပျူတာမှတာဝန်ရှိသူကသာပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

(၀၀၂)

အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးအခမ်းအနားများ ကျင်းပ

ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါက်တာဦးထွန်းထွန်းသိန်း၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နော်ချစ်မေနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များမှ အလှူငွေများပေးအပ်လှူဒါန်းကြပြီး ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသော မူလတန်းအဆင့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀ စီကို မူလတန်းကျောင်းသား ကျောင်းသူတို့အား ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(၆၉၂)

သဲကုန်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို ပြည်ခရိုင် သဲကုန်းမြို့နယ် ရပ်ကွက် (၄) အမက တပ်ကျောင်း အစည်းအဝေးခန်းမ၌ မေ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသောင်းစိုးက ကျောင်းသား၊ ဆရာ၊ မိဘ ပေါင်းစပ်၍ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူကလေးများဖြစ်လာအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံရယူနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

မေတ္တာမြို့နယ်ခွဲ

တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့နယ်ခွဲ မေတ္တာမြို့အထကကျောင်း ပုလဲမေတ္တာခန်းမဆောင်တွင် မေ ၂၆ ရက် နံနက် ၉နာရီက ကျောင်းအပ်နှံရေးအခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မင်းနိုင်ဦးက အမှာစကားပြောကြား သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုက ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရခြင်းနှင့် ကျောင်း၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်မှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၈၀ အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောဘဲရွှေက ထပ်ဆင့်ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းသားကျောင်းသူများက လက်ခံရယူသည်။

အဆိုပါ ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မူလတန်းနှင့်အလယ်တန်းဆင့် ကျောင်းသားကျောင်းသူများကို အခမဲ့စနစ်ဖြင့် ကျောင်းအပ်လက်ခံခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ စုစုပေါင်းအင်အား ၁၀၀ တက်ရောက်ကြောင်း သိရသည်။

(မေတ္တာမြို့နယ်ခွဲပြန်/ဆက်)

ဖယ်ခုံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်း အနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အမှတ် (၂)အခြေခံပညာအလယ်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလောရင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစောအယ်ဒိုဝါးက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စေတနာရှင်အလှူရှင်များက အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ စုစုပေါင်း အလှူငွေကျပ် ၂၅ သိန်းကျော်နှင့် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၈၀ ခန့် ရရှိကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

ဗဟန်း

ဗဟန်းမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉နာရီက အထက(၁) ဗဟန်းကျောင်းခန်းမတွင်ကျင်းပရာ ခရိုင်ဒုညွှန်ကြားရေးမှူး ဒေါ်မြင့်ကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအထောက်အကူပြုအဖွဲ့များ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်မေနွဲ့နှင့်ဌာနဆိုင်ရာ အလှူရှင်များက စာအုပ်စာစောင်နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

(သန္တာမေ)

ပြင်ဆင်ဖတ်ရှု

၂၉-၅-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာ ၈ ပါ အထက်တန်းရှေ့နေ ဒေါ်နီလာ၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးကျော်ဝင်း[၇/ပခန(နိုင်)၁၈၄၄၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အလိမ္မာ စာမှာရှိ

အမည်ပြောင်း

အဖ ဦးမျိုးဝင်းထွန်း၏သမီး ဆိပ်ကြီးခနောင်တိုမြို့နယ် အမက(၄)၊ တတိယတန်း (A)မှ မထက်ထက်မျိုးအား မထက်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထက်ထက်အောင်



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်-၃ရပ်ကွက်၊ မြေကွက်အမှတ်-၄၈၁၊ဧရိယာ(၁၅၀၀) စတုရန်းပေ (အလျားပေ၆၀× အနံပေ၂၅)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်တိုးချဲ့(၁၂)လမ်း၊ အမှတ်(၄၈၁)မြေကွက်နှင့်မြေတိုင်းရပ်ကွက်အမှတ်-၃၊မြေကွက်အမှတ်-၄၈၂၊ ဧရိယာ(၀. ၀၃၄)ဧက၊ (အလျားပေ၆၀×အနံပေ၂၅) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်တိုးချဲ့၊ (၁၂)လမ်း၊ အမှတ်(၄၈၂)မြေကွက်၊ တစ်ဆက်တည်းရှိသော (၂)ကွက်တွဲမြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးလှသန်း[၁၂/ကတတ(နိုင်)၀၁၁၂၁၀]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များ၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်များ၏အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)	ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,A.G.T.I(EP),D.B.L,D.M.L WIPO(SWITZERLAND)	**LL.B,WIPO(SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)	ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး	**LL.B,WIPO(SWITZERLAND)**
	အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

နိုင်ငံရေး အပြောင်းအလဲကြောင့် ထိုင်းနိုင်ငံတွင် ဂီတဖျော်ဖြေပွဲများ ဖျက်သိမ်းခဲ့ရသည့် တေလာဆွတ်ဖ်

ကန်းထရီးတေးဘုရင်မလေးဟု တင်စားခေါ်ဝေါ်ကြသည့် အမေရိကန် တေးသံရှင် တေလာဆွတ်ဖ်က ထိုင်းနိုင်ငံတွင် ဂီတဖျော်ဖြေပွဲကျင်းပရန် စီစဉ်ထားခဲ့ပြီးမှ ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကြောင့် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

တေလာဆွတ်ဖ်သည် ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်၌ လာမည့် ဇွန်လ ၉ ရက်ညပိုင်းတွင် ဂီတဖျော်ဖြေပွဲကျင်းပရန်စီစဉ်ထားခဲ့သော်လည်း ထိုင်းနိုင်ငံတွင် စစ်အုပ်ချုပ်ရေးအာဏာသိမ်းခဲ့ပြီး ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ခြင်းကြောင့် ဖျော်ဖြေပွဲအစီအစဉ်များကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ဂီတဖျော်ဖြေပွဲ ဖျက်သိမ်းလိုက်ရတဲ့အတွက် လွန်စွာမှ စိတ်မကောင်းဖြစ်မိပါကြောင်း သဝဏ်လွှာကိုလည်း ထိုင်းပရိသတ်များထံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း တေလာဆွတ်ဖ်က ဆိုသည်။

ထို့အပြင် တေလာဆွတ်ဖ်သည် သူမ၏အနီရောင်ဖျော်ဖြေရေးဂီတခရီးစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အာရှဒေသတစ်ဝန်းတွင်လည်း ဖျော်ဖြေပွဲများ ကျင်းပသွားရန်ရှိကြောင်း သိရသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သည့် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကြောင့် တေလာဆွတ်ဖ် အပါအဝင် တေးသံရှင်အတော်များများ၏ ကျင်းပရန် လျာထားသည့် ဂီတဖျော်ဖြေပွဲများလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ဇာတ်ကား၏ နောက်ဆုံးတည်းဖြတ်ချိန်အထိ ဝင်မစွက်ဖက်ခဲ့သူ နစ်ကိုးလ်ကတ်ဒ်မင်းန်

ကျရာဇာတ်ရုပ်တိုင်းတွင် ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သူ ဩစတြေးလျ မင်းသမီး နစ်ကိုးလ်ကတ်ဒ်မင်းန်က မကြာမီက ကျင်းပခဲ့သည့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြသခဲ့သည့် Grace of Monaco ဇာတ်ကားတွင် ယင်းဇာတ်ကား၏ နောက်ဆုံးတည်းဖြတ်ချိန်အထိ မည်သည့် စွက်ဖက်မှုမျိုးကိုမျှ မပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

"တချို့က ပြောကြတယ်။ ဇာတ်ကားရဲ့ နောက်ဆုံးတည်းဖြတ်တဲ့နေရာကို ကျွန်မမသွားတဲ့အတွက် သရုပ်ဆောင်တစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လို့ ဆိုပါတယ်။ ကျွန်မက ဒီဇာတ်ကားရဲ့ ထုတ်လုပ်သူလည်းမဟုတ်ပါဘူး၊ ဒီဇာတ်ကားကို ပုံဖော်ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာလည်း မဟုတ်ပါဘူး။ သရုပ်ဆောင်စဉ်မှာ ကျွန်မအကောင်းဆုံးလုပ်ခဲ့ပါတယ်" ဟု မင်းသမီးနစ်ကိုးလ်က ဆိုသည်။

Grace of Monaco ဇာတ်ကားသည် ဂရေ့စ်ကယ်လီ၏ဘဝကို ပုံဖော်ထားသည့် အမေရိကန်ပြင်သစ်အတ္ထုပ္ပတ္တိ ဇာတ်ကားတစ်ကားဖြစ်သည်။

ရွှေကမ္ဘာလုံးဆုနှင့် အကယ်ဒမီဆုများရှင် မင်းသမီး နစ်ကိုးလ်ကတ်ဒ်မင်းန်သည် ယမန်နှစ်က ကျင်းပခဲ့သည့် ကိန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် အကဲဖြတ်ဒိုင်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး Heads of SMEs Development Branches Training ဖွင့်လှစ်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဂျာမနီနိုင်ငံ အခြေစိုက် The German Agency for International Cooperation (GIZ) အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် Heads of SMEs Development Branches Training ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က "နိုင်ငံ့စီးပွားအသက်သွေးကြောဖြစ်သည့် SMEs များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် GIZ တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ်မှစတင်ပြီး Workshop များ၊ Seminar များ၊ ပြည်တွင်းပြည်ပ သင်တန်းများ၊ Study Tour များ ပြုလုပ်ပေးခဲ့ကြောင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ဦးစီးတာဝန်ယူဆောင်ရွက်မည့် အရာထမ်းဝန်ထမ်းများအနေဖြင့် သင်တန်းမှရရှိမည့် အသိပညာနှင့်ဗဟုသုတများကို လုပ်ငန်းများဆောင်ရွက်ရာတွင် ပြန်လည်အသုံးချစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ GIZ မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်များအပြင် သင်တန်းတက်ရောက်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်နှင့် နေပြည်တော်ကောင်စီရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအသီးသီးမှ ဦးစီးတာဝန်ထမ်းဆောင်မည့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် The Heads of SMEs Development Branches Training သင်တန်းကို နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ စသည်တို့ကို GIZ အဖွဲ့အစည်းမှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

သန်လျင်မြို့ မြို့မဈေးကြီးဝန်းကျင်တွင် ဆိုင်ကယ်၊ မော်တော်ယာဉ်များ စည်းကမ်းမဲ့ရပ်နားနေမှုတို့နှင့်အတူ လမ်းများတွင် အချိန်ပြည့် နေရာယူရပ်နားနေမှုတို့ကြောင့် ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများအတွက် နေ့စဉ်အခက်တွေ့နေရကြောင်း တွေ့ရစဉ်။ (တင်မောင်ငွေ)

ရေပိုက်ပေါက်မှ နေ့စဉ်ရေများ ပန်းထွက်နေသဖြင့် ရေများ အလဟဿဖြစ်နေ

ရန်ကုန် မေ ၃၀

အသွားအလာများပြားသော ကမ္ဘာအေးစေတီလမ်းမရှိ ကုက္ကိုင်းမှတ်တိုင်နှင့် ပုလဲကွန်ဒိုအကြား အထပ်မြင့်ဆောက်လုပ်ရေး လုပ်ငန်းခွင်ရှေ့ လူသွား ပလက်ဖောင်းလမ်းဘေးတွင် ရေပိုက်ပေါက်၍ ရေများ ပန်းထွက်နေသည်ကို မေ ၂၄ ရက်က မြင်တွေ့ခဲ့ရပြီးတွင် ယင်းရေပိုက်ပေါက်နေရာအား ကျောက်တုံးများ ဖိထားသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ပြုပြင်ပိတ်ဆို့ခြင်းမရှိဘဲ အမြင်မတော်သူများက ကျောက်တုံးများဖြင့် ဖိထား၍ ပတ်ဝန်းကျင်သို့ ရေပန်းမထွက်သော်လည်း မြေပြင်တွင် ရေစီးကြောင်းဖြစ်ပေါ် နေသည်ကို မြင်တွေ့ခဲ့ရသည့် လမ်းသွားလမ်းလာတစ်ဦးက ဆိုသည်။

နွေကာလ ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်တွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရကြောင်း၊ ရန်ကုန်မြို့နေပြည်သူများ ရေအခက်အခဲမဖြစ်စေရန် သက်ဆိုင်ရာမှ စီမံကိန်းများဖြင့် စီစဉ်ဆောင်ရွက်ပေးနေချိန်တွင် ရန်ကုန်မြို့လယ် လူစည်ကားရာနေရာမျိုး၌ ရေပိုက်ပေါက်နေခြင်းကို ရက်အတန်ကြာ ပြုပြင်ခြင်း မရှိသည်မှာ မသင့်လျော်ကြောင်း၊ သို့ဖြစ်ပါ၍ ရေဖြုန်းတီး မှုမဖြစ်စေရေး သက်ဆိုင်ရာမှ ပြုပြင်ပေးနိုင်ရန် လမ်းသွားလမ်းလာများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။**(မောင်စေအောင်)**

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကံကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ပဥ္စမတန်းတွင် ပညာသင်ကြားနေသော အဖ ဦးမျိုးလွင်စိုး၏သမီး မအိမြတ်နိုးအား မအိမ့်သဉ္ဇာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံး

ကျွန်တော် ရဲကိုကို၏ ပတ်စပို့ No-MA-၃၇၈၅၃၅ သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးစေလိုပါသည်။

ဖုန်း-၀၉-၃၁၃၄၅၆၇၁

ပျောက်ဆုံးကြောင်း

ကျွန်မ မေရီစန်း[၁၂/ကမတ(နိုင်)၀၄၅၅၄၆]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

မေရီစန်း [၁၂/ကမတ(နိုင်)၀၄၅၅၄၆]

အမည်ပြောင်း

ဆီဆိုင်မြို့မှ ဦးစိုင်းသန်းထွန်း၏သမီး မနန်းအဲ့အား နန်းယိင်းအွမ်ဆိုင်ဟုလည်းကောင်း၊ မွေးသက္ကရာဇ်အမှန်မှာ ၈-၃-၁၉၉၂ ဖြစ်ပါကြောင်း။

နန်းယိင်းအွမ်ဆိုင်

အမည်ပြောင်း ဦးမျိုးလွင်ဦး၏သမီး ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃)၊ သတ္တမတန်း(A)မှ မသော်မီမီလွင်အား မဆုထက်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ အေးမြသာယာ၊ မူလွန်ကျောင်း သတ္တမတန်း (G-VIII) အောင်မြင်သော (အဖ) ဦးအောင်ထွန်းဦး[၉/မနတ(နိုင်)၀၀၄၄၈၅]၏သား မောင်မင်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၉-၂၀၀၁) ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ဦးကျော်လှိုင်[၁၂/ဗဟန(နိုင်)၀၄၇၈၅၉] နှင့် ဒေါ်ကေသီအောင်[၁၂/ဒပန(နိုင်)၀၀၈၈၁၈]တို့၏ ကားတင်သွင်းခွင့် (ပါမစ်) သက်တမ်းတိုးမြှင့်ခြင်း မူရင်းပါမစ်စာရွက် ပျောက်ဆုံး၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၂၅၄၀၅၀၁၃၆

ဟာဇက်ကို ခေါ်ယူရန် PSG ပြင်ဆင်နေ

ပြင်သစ် မေ ၃၀

ပြင်သစ်ထိပ်သီးကလပ် PSG အသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား ဟာဇက်အားခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။ PSG အသင်းသည် အသင်းပိုင်ရှင်သစ်ဖြစ်သူ အယ်လ်ခါလိုင်ဖီလက်ထက်တွင် ငွေကြေးအင်အားများစွာသုံးစွဲပြီး ကစားသမားများကိုခေါ်ယူနေခြင်းဖြစ်ကာ လွန်ခဲ့သောရက်ပိုင်းကပင် ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်အားပေါင် သန်း ၅၀ ပေးပြီး ခေါ်ယူရန် သဘောတူညီမှုရခဲ့သည်။ သို့သော် ယခုတစ်ကြိမ်တွင်မူ ချယ်လ်ဆီးအသင်း၏ အဓိကကစားသမားဖြစ်သူ ဟာဇက်အား ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ပေါင်သန်း ၆၀ထိ ပေးကာ ခေါ်ယူသွားမည်ဖြစ်ကြောင်း PSG အသင်း၏ တွစ်တာစာမျက်နှာတွင် ဖော်ပြသွားခဲ့သည်။ PSG အသင်းသည် ဟာဇက်အား ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေပြီး ဟာဇက်သာ အသင်းသို့ပြောင်းရွှေ့လာပါက ချယ်လ်ဆီးအသင်းတွင် ရရှိနေသည့် လစာထက်နှစ်ဆနီးပါးခန့် ရရှိလာမည်ဖြစ်သည်။ PSG အသင်းသည် ကစားသမားပေါင်းများစွာကို ငွေကြေးအင်အားသုံးစွဲကာ ခေါ်ယူနေသည့် အသင်းဖြစ်ပြီး ပြီးခဲ့သော ဘောလုံးရာသီတွင်လည်း လာဗက်ဇီ၊ ကာဗာနီ၊ လူးကပ်စ်မော်ရာ၊ အီဗရာဟီမိုဗစ်၊ ဗန်ဒါဝီလ် စသည့် ကစားသမားများကိုလည်း စံချိန်တင်ပြောင်းရွှေ့ကြေးများဖြင့် ခေါ်ယူနိုင်ခဲ့သည်။

(ကိုရဲ)

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာအားကစားသမား ရဲထက်အောင် ပထမဆုရရှိ

ရန်ကုန် မေ ၃၀

ထိုင်းနိုင်ငံ Royong Green Valley Country Club ၌ မေ ၂၂ ရက်မှ ၂၅ ရက်အထိကျင်းပခဲ့သော "SINGHA CHAMPIONSHIP 2014" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အပျော်တမ်းဂေါက်သီးအားကစားသမား ရဲထက်အောင်သည် လေးရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ပြီး ၂၇၉ ချက်ဖြင့် ပြိုင်ပွဲတစ်ရပ်လုံးတွင် Professional အဆင့် ၁၁ နှင့်အပျော်တမ်းဂေါက်သီး အားကစားသမားအဆင့်တွင် ပထမဆုဆွတ်ခူးခဲ့သည်။

၎င်းအနေဖြင့် ၂၀၁၃ ခုနှစ်က ပထမဦးဆုံးပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော "SINGHA CHAMPIONSHIP 2013" တွင်လည်း ပထမဆုရရှိခဲ့ပြီး ယခုဆုဖလားသည် ဒုတိယအကြိမ်မြောက်ရရှိသည့် ဆုဖလားဖြစ်သည်။

ရဲထက်အောင်၏ အောင်မြင်မှုသည် ထူးခြားသော အောင်မြင်မှုဖြစ်သည့်အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပါစေကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။

(ကြေးမုံ)

ချယ်လ်ဆီး၏ ပစ်မှတ်ဖြစ်လာသည့် အက်သလက်တီကိုမက်ဒရစ်ဘယ်နောက်ခံလူ ဖီးလစ်ပီလူးဝစ်

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဘရာဇီးဘယ်နောက်ခံကစားသမား ဖီးလစ်ပီလူးဝစ်အား စတန့်ဖို့ဒ်ဘရစ်ချ်သို့ အရောက်ခေါ်ယူနိုင်ရေး အတွက် ဆွေးနွေးမှု များ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ် ဘရာဇီးကြယ်ပွင့် ဖီးလစ်ပီလူးဝစ်သည် နောက်တန်းကစားသမား အက်ရှ်လေကိုးလ်၏နေရာတွင် အစားထိုးကစားသမားသစ်အဖြစ် ခေါ်ယူရန် ဆန္ဒဖြစ်ပေါ်နေသည့် ချယ်လ်ဆီးအသင်း၏ ပစ်မှတ်ဖြစ်လာခဲ့သည်။ ဖီးလစ်ပီလူးဝစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ၎င်း၏ စွမ်းဆောင်ရည်များကြောင့် အင်္ဂလန်ကလပ်အသင်းများ၏ အာရုံစိုက်မှုကိုလည်း ခံထားရသည်။ အက်သလက်တီကိုမက်ဒရစ်အသင်း၏ နောက်တန်းခံစစ်ကြောင်းသည် ယခုနှစ်စပိန်လာလီဂါပြိုင်ပွဲ၏ ပွဲစဉ်(၃၈) ပွဲတွင် ၂၆ ဂိုးသာ ပေးဂိုးရှိခဲ့ပြီး ၁၉၉၆ ခုနှစ်မှစတင်ကာ ဝေးကွာ ခဲ့ရသည့် လာလီဂါဖလားကိုပါ သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းသို့ဆုဖလားရရှိမှုတွင် ဖီးလစ်ပီလူးဝစ်သည် အက်သလက်တီကိုမက်ဒရစ်အသင်း၏ မရှိမဖြစ်အရေးပါသော နောက်တန်းခံစစ်ကြောင်းတွင် မဟာတံတိုင်းတစ်ခုသဖွယ် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဘရာဇီးနောက်တန်းကစားသမားဖီးလစ်ပီလူးဝစ်သည် ၂၀၁၀ခုနှစ်တွင် ဒီနီပရိုအသင်းမှ အက်သလက်တီကိုမက်ဒရစ် အသင်းသို့ပြောင်းရွှေ့လာခဲ့ သူဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် လက်ရှိအချိန်အထိ ပွဲပေါင်း ၁၀၀ ကျော် ပါဝင် ကစားပေးနိုင်ခဲ့သည်။

ငွေကြယ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား စားပွဲတင်တင်းနစ်မျိုးဆက်သစ် လူငယ်အားကစားသမားများ လေ့ကျင့်

ဖျာပုံ မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ စားပွဲတင်တင်းနစ် မျိုးဆက်သစ်လူငယ် အားကစားသမားများသည် မကြာမီကျင်းပတော့မည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၂၆)မြို့နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မေလစတုတ္ထပတ်မှစ၍ စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိရာ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ တင်းနစ်၊ စားပွဲတင်တင်းနစ်နှင့် မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းများတွင် ယခင်နှင့်အတူ မျိုးဆက်သစ် လူငယ်အားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ အားကစားနည်းများအလိုက် နည်းပြများ၊ ခရိုင်နှင့်မြို့နယ် အားကစားနှင့် ကာယပညာတာဝန်ရှိသူများက နည်းစနစ်ကျနစွာ လေ့ကျင့်သင်ကြားပေးနေပြီဖြစ်သည်။

"ကျွန်တော်တို့ဖျာပုံမြို့မှာ ရှေးယခင်ကတည်းက မြို့နယ်လက်ရွေးစင်၊ တိုင်းလက်ရွေးစင် အားကစားသမားတွေ အများအပြား ပေါ်ထွက်လာခဲ့တဲ့ အစဉ်အလာရှိပါတယ်။ ဒါပေမယ့် ဖျာပုံမြို့ရဲ့ လူငယ်မျိုးဆက်သစ်တွေဟာ သဘာဝဘေးအန္တရာယ် နာဂစ်ကျရောက်ပြီးနောက်ပိုင်းမှာ မျိုးဆက်ပြတ်သလောက်ဖြစ်နေတာက လူငယ်တွေရဲ့ ပညာရေးနဲ့ မိဘတွေရဲ့စီးပွားရေးလည်းပါပါတယ်။ အားကစားလုပ်တာ ကျန်းမာရေးအရဆိုပေမယ့် ဖြစ်နိုင်ရင် မြို့နယ်ကိုယ်စားပြု လက်ရွေးစင်အားကစားသမားတွေဖြစ်နိုင်ဖို့ပါ။ ကုန်ကျစရိတ်နည်းပြီး ခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးမှုအနည်းဆုံးလို့ လေ့လာသိရှိရပါတယ်။ အသက်ကြီးလာရင်လည်း ကစားလို့ရပါတယ်။ ကျွန်တော်တို့လူငယ်တွေ၊ လုပ်ငန်းရှင်တွေနဲ့စုပေါင်းပြီး ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူးကိုခေါ်ပြီး ဇွန်လအတွင်းမှာ ကျင်းပမယ့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ လေ့ကျင့်နေတာပါ"ဟု စားပွဲတင်တင်းနစ်လူငယ်အားကစားသမားဖြစ်သူ နေဇော်ထွန်းက ပြောသည်။

ချမ်းသာ (ဖျာပုံ)

ဂျပန်လေကြောင်းချီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်ကြစဉ်။

ရုရှားတပ်များ ရုပ်သိမ်းသည့်တိုင် ယူကရိန်းမှာအန္တရာယ်ရှိနေဆဲဟု ဂျွန်ကယ်ရီပြော

ကိယက်ဗ် မေ ၃၀

ယူကရိန်းနယ်စပ်၌ စုရုံးရောက်ရှိနေကြသော ရုရှားတပ်များသည် မော်စကိုသို့ ပြန်လည်ရုပ်သိမ်းလျက်ရှိသော်လည်း ယူကရိန်းနိုင်ငံအတွက် အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက သောကြာနေ့တွင် ပြောကြားသည်။

ရုရှားဖက်ဒရေးရှင်း ချေချင်းညှာဒေသ၌ လေ့ကျင့်ထားသော တိုက်ခိုက်ရေးသမားများသည် ယူကရိန်းနယ်စပ်၌ မငြိမ်မသက်ဖြစ်စေရန် လှုပ်ရှားနေကြောင်း သတင်းပေါ်ထွက်ခဲ့သည်။

ရုရှားခွဲထွက်ရေးသမားများက အစိုးရတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့သဖြင့် ဗိုလ်ချုပ်ကြီးတစ်ဦးအပါအဝင် တပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးခဲ့ရာ ၎င်းတို့သည် ပြင်ပကမ္ဘာမှ ခေတ်မီလက်နက်များရှိပြီး အသုံးပြုနိုင်ခြင်းမှာ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း အိမ်ဖြူတော်က တစ်ချိန်တည်းပင်ထုတ်ဖော်ပြောဆိုခဲ့သည်။

နိုင်ငံအရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများနှင့် ကိယက်ဗ်အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်နေစဉ် ရဟတ်ယာဉ် ပစ်ချခံရခြင်းဖြစ်သည်။

အမ်အိုင်-၈ တိုက်ခိုက်ရေးရဟတ်ယာဉ်သည် ပျံသန်းနေစဉ် ခေတ်မီမြေပြင်မှဝေဟင် ပစ်ဒုံးကျည် ထိမှန်ခဲ့ခြင်းဖြစ်သည်။

ဒွန်းနက်စ်လေဆိပ်မှ သူပုန်များကို လေကြောင်းမှတိုက်ခိုက်၍ မောင်းထုတ်ခဲ့ပြီးနောက် လေဆိပ်အတွင်းမှ လက်နက်များကို သိမ်းဆည်းရရှိခဲ့ကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီး အာဆင်အဗာကော့ဗ်က ပြောကြားသည်။

ပူတင်အစိုးရ၏ ကျူးကျော်မှုကို သက်သေအထောက်အထားအဖြစ် လက်နက်များ၏ အမှတ်စဉ်များ၊ ထုတ်လုပ်သောခုနှစ်၊ မော်ဒယ် အတိအကျတို့ကို ဓာတ်ပုံနှင့်တကွ ထုတ်ပြန်ပေးမည်ဟု ၎င်းကဖေ့စ်ဘွတ်ခ်တွင် ပြောသည်။ သို့သော် ဇွန် ၇ ရက်မတိုင်မီ ထုတ်ဖော်ဖွယ်ရာမရှိပေ။

ဇွန် ၆ရက်တွင် နော်မန်ဒီကမ်းခြေသို့ မဟာမိတ်တပ်များခြေချခဲ့သည့် "ဒီဒေး"နေ့ အကြိမ် ၇၀ မြောက် အခမ်းအနားသို့ ပူတင်နှင့် ပိုရိုချင်ကိုတို့နှစ်ဦးလုံးတက်ရောက်ကြမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန် အခွင့်အလမ်းရှိနေသည်။

ဇွန် ၃ ရက်တွင် ပိုရိုချင်ကိုသည် အမေရိကန် သမ္မတ ဘာရက်အိုဘားမားအား ပိုလန်နိုင်ငံ ဝါဆောမြို့၌ တွေ့ဆုံမည်ဟုမျှော်လင့်ရသည်။ **ပီတီအိုင်။**



ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်းနှင့် ဝန်ကြီးဟောင်း တစ်ဦးတို့ကို ဖမ်းဝရမ်းထုတ်

ကရာချိ မေ ၃၀

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ယူဆွတ်ရာဇာဂီလာနီနှင့် ၎င်း၏ဝန်ကြီးအဖွဲ့မှ ဝန်ကြီးဟောင်းတစ်ဦးတို့ကို အဂတိလိုက်မှု တိုက်ဖျက်ရေးတရားရုံးတစ်ရုံးက မေ ၂၉ ရက်တွင် ဖမ်းဝရမ်းများထုတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်ဟောင်း ဂီလာနီနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဟောင်း မခ်ဒွန်းအာမင်ဖာဟင်းတို့သည် ရူပီး ၇ ဘီလီယံအကျုံးဝင်သည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲခံထားရသည်။ **(အပေါ်ပုံ)**

ပါကစ္စတန်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့၏ အဂတိလိုက်မှုအရှုပ်တော်ပုံတွင် ၎င်းတို့ပါဝင်ပတ်သက်နေသည့် အထောက်အထားများကို ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးအေဂျင်စီက ရရှိခဲ့သည်ဟု သတင်းများပေါ်ထွက်ခဲ့ပြီးနောက် ကရာချိမြို့ အခြေစိုက် အဂတိလိုက်မှုတိုက်ဖျက်ရေး တရားရုံးက ဖမ်းဝရမ်းများထုတ်ခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာ မသမာမှုပြုလုပ်ခဲ့ခြင်းအတွက် ၎င်းတို့ကို ကြားနာစစ်ဆေးနိုင်ရန် တရားရုံးတော်က ဆင့်ခေါ်ခဲ့သော်လည်း လာရောက်ရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သဖြင့် ဖမ်းဝရမ်းထုတ်ပြန်ရခြင်းဖြစ်သည်။ ဂီလာနီသည် ယခင်အာဏာရပါတီဖြစ်သော ပါကစ္စတန်ပြည်သူ့ပါတီ၏ ခေါင်းဆောင်ဟောင်းဖြစ်သည်။ **ပီတီအိုင်။**

အာရှဒေသဆိုင်ရာ ကာကွယ်ရေးတွင်

ဂျပန်၏အခန်းကဏ္ဍ မြှင့်တင်ရန် မျှော်မှန်း

တိုကျို မေ ၃၀

အာရှဒေသ၌ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုတို့ကို မြှင့်တင်နိုင်ရန်ရည်ရွယ်လျက် ဒေသဆိုင်ရာကာကွယ်ရေးတွင် ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်သွားရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မျှော်မှန်းကြောင်း ကျိုဒိုသတင်းဌာနက ရေးသားဖော်ပြသည်။

ပင်လယ်ရေကြောင်းဆိုင်ရာပိုင်နက်နယ်မြေ အငြင်းပွားမှုကို အကြောင်းပြု၍ တရုတ်နိုင်ငံက အတင့်ရဲသည့် လှုပ်ရှားဆောင်ရွက်ချက်များပြုလုပ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံကဒေသဆိုင်ရာလုံခြုံရေးအတွက် ၎င်း၏အခန်းကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၌ မေ ၃၀ ရက်က ကျင်းပသည့် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးညီလာခံတွင် ဝန်ကြီးချုပ်အာဘေးက ဒေသဆိုင်ရာလုံခြုံရေးနှင့် ပတ်သက်၍ ယင်းနိုင်ငံ၏ မူဝါဒကို ရှင်းလင်းပြောဆိုမည်ဖြစ်သည်။

တစ်ချိန်တစ်ခါက အာရှတိုက်တွင် ကျူးကျော်နိုင်ငံ ဖြစ်ခဲ့ဖူးသော ဂျပန်နိုင်ငံအတွက် လုံခြုံရေးဆိုင်ရာ အကြောင်းရပ်သည် အငြင်းပွားဖွယ်ရာ အကြောင်းရပ်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်ရေးစစ်ရာနှင့် ပတ်သက်သော စည်းမျဉ်းကန့်သတ်ချက်များကို လျှော့ချနိုင်ရန် ဝန်ကြီးချုပ်အာဘေး၏ အစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိကိုယ်မိမိ ကာကွယ်ပိုင်ခွင့်သာလျှင်ရှိသည်။ **ကျိုဒို။**

ဂျပန်နိုင်ငံမြောက်ပိုင်း စစ်စခန်း၌ မောင်းသူမဲ့ လေယာဉ်များ ဖြန့်ကြက်

မီဆာဝါလေတပ်စခန်း(ဂျပန်) မေ ၃၀

အမေရိကန်လေတပ်သည် လွန်ခဲ့သည့်ရက်သတ္တပတ်က ဂျပန်နိုင်ငံမြောက်ပိုင်းရှိ စစ်စခန်းတစ်ခု၌ နည်းပညာအရ အဆင့်အမြင့်ဆုံး မောင်းသူမဲ့လေယာဉ်များကို ဖြန့်ကြက်ခဲ့ကြောင်း မြောက်ကိုရီးယား၏ နျူကလီးယားဆိုင်ရာ လှုပ်ရှားမှုများကို လည်းကောင်း၊ တရုတ်ရေတပ်၏ စစ်ဆင်ရေး လုပ်ငန်းများကိုလည်းကောင်း လေ့လာစောင့်ကြည့်နိုင်ရန် တာဝေးပျံသန်းနိုင်သည့် ကင်းထောက်မောင်းသူမဲ့လေယာဉ်များကို အသုံးပြုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်၏ မဟာမိတ်ဂျပန်နိုင်ငံသို့ လက်နက်တပ်ဆင်ထားခြင်းမရှိသော မောင်းသူမဲ့လေယာဉ်နှစ်စင်းကို ပေးပို့ခဲ့သည်။ ဂလိုဘယ်ဟော့ခ် အမျိုးအစားမောင်းသူမဲ့လေယာဉ်များကို ဖြန့်ကြက်ခြင်းသည် အာရှတိုက်၏ လုံခြုံရေးအတွက် ဂျပန်နိုင်ငံဘက်မှ အမေရိကန်ကူညီမည်ဆိုသော ကတိကဝတ်နှင့်အညီဖြစ်ကြောင်း ဂျပန်အခြေစိုက် အမေရိကန်တပ်ဖွဲ့၏ တပ်မှူးကြီးဒုတိယဗိုလ်ချုပ်မှူးကြီး ဆမ်အိန်ဂျယ်လီလာက ပြောကြားသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်များကို အမြဲတမ်း ထားရှိရာ အခြေစိုက်စခန်းဖြစ်သော ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂူအမ်ကျွန်း၌ တိုင်ဖုန်းမုန်တိုင်း ရာသီကုန်ဆုံးချိန် အောက်တိုဘာလအထိ ဂျပန်မြောက်ပိုင်းရှိ မီဆာဝါလေတပ်စခန်း၌ ဖြန့်ကြက်ထားမည်ဆို၏။

အနာဂတ်ကာလတွင်လည်း အမေရိကန်ပိုင် ဂူအမ်ကျွန်းစစ်စခန်းမှ မီဆာဝါ လေတပ်စခန်းသို့ အလှည့်ကျစနစ်ဖြင့် မောင်းသူမဲ့လေယာဉ်များကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို တောင်ဆူဒန်နိုင်ငံသို့ တရုတ်စေလွှတ်မည်

ကုလသမဂ္ဂ မေ ၃၀

စစ်ကြောင့် တည်ငြိမ်မှုပျက်ပြားနေသော တောင်ဆူဒန်နိုင်ငံ၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံက မကြာမီတွင် စစ်သည်များအား စေလွှတ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

တောင်ဆူဒန်နိုင်ငံသို့ နောက်ထပ် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ၅၅၀၀ ကို စေလွှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာလတွင် မဲပေးဆုံးဖြတ်ခဲ့သည်။ တောင်ဆူဒန်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို တိုးမြှင့်စေလွှတ်ခြင်းဖြင့် ယင်းနိုင်ငံ၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ၁၂၅၀၀ အထိ ရှိလာမည်ဖြစ်သည်။

တောင်ဆူဒန်နိုင်ငံတွင် စစ်ပြေးဒုက္ခသည်များကို တွေ့ရစဉ်။

စစ်အင်အားဖြည့်တင်းသည့်အနေဖြင့်စေလွှတ်မည့် တပ်ဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော်မှာ တောင်ဆူဒန်နိုင်ငံသို့ ရောက်ရှိလာကြပြီဖြစ်သည်။

တရုတ်နိုင်ငံသည်လာမည့်လအနည်းငယ်အတွင်း တပ်ဖွဲ့ဝင် ၈၅၀ ကို စေလွှတ်ရန် သဘောတူညီခဲ့ကြောင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့အကြီးအကဲ ဟာ့ဗ်လက်ဆပ်က အတည်ပြုပြောကြားသည်။

တောင်ဆူဒန်နိုင်ငံသည် လွန်ခဲ့သည့်သုံးနှစ်က ဆူဒန်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ သို့ရာတွင် ဒီဇင်ဘာ ၁၅ ရက်မှစ၍ သူပုန်အုပ်စုများနှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ နှစ်ဖက်စလုံးမှ အရပ်သား ထောင်ပေါင်းများစွာမှာ ရက်စက်ကြမ်းကြုတ်သည့် အပြုအမူများကို တွေ့ကြုံခံစားခဲ့ကြရသည်။

စစ်မက်ဖြစ်ပွားခြင်းကြောင့် လူတစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။ ဒုက္ခသည်အများအပြားမှာ အလွန်အမင်း ဆင်းရဲကျပ်တည်းစွာ နေထိုင်ကြရသည်။ **ပီတီအိုင်။**

ကလေးမြို့တွင် အိတ်ချ်အိုင်ဗွီရောဂါခံစားနေရသည့် ဝေဒနာရှင်များအတွက် ART ဆေးဖြင့်ကုသ

ကလေး၊ မေ ၂၀

ကလေးမြို့ပြည်သူ့ဆေးရုံကြီးတွင် လူနာစာရင်းများ ရယူထားပြီးဖြစ်၍ ART ဆေးဝါးများ ပြည့်စုံလုံလောက်စွာ ထုတ်ယူပြီး ကလေးမြို့တွင်ပင် CD 4 Count စစ်ဆေးကာ HIV၊ AIDS ဝေဒနာရှင်များအား ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် CD 4 Count စစ်သည့် စက်ကိရိယာအား ရန်ကုန်မြို့ ဗဟို ဆေးသိုလှောင်ရေးဌာနတွင် သွားရောက် ထုတ်ယူနေပြီဖြစ်၍ နောင်တွင် ကလေးမြို့ ပြည်သူ့ဆေးရုံ၌ CD 4 Count စစ်ဆေးပေးနိုင်တော့မည် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ပြည်သူ့ဆေးရုံကြီးတွင် အိတ်ချ်အိုင်ဗွီရောဂါခံစားနေရသည့် ဝေဒနာရှင်များအတွက် ၂၀၁၀ ခုနှစ် ဇွန်မှစပြီး ART ဆေးဖြင့် ကုသပေးရန် သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ ဆေးဝါးပြတ်လပ်မှုမရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဇွန်လကုန်ထိ ART ဆေးပေးရန် လူကြီး ၂၅၀ နှင့် ကလေး ၃၅ ဦးအထိ လျာထားသော်လည်း မေလကုန်အထိ ဆေးပေးပြီးလူနာပေါင်း လူကြီး ၂၂၀ ဦးနှင့် ကလေး ၂၉ ဦး လာရောက် သောက်သုံးခဲ့ကြပြီဖြစ်သည်။

အမျိုးသားအဆင့် ခုခံအားကျကာလသားရောဂါ ကုသရေးအစီအစဉ်မှလည်း လူနာရှိသလောက် ဆေးကုပေးနိုင်ရန် ခွင့်ပြုထားပြီး ဖြစ်သောကြောင့် အိန္ဒိယနိုင်ငံသို့ သွားရောက် ဆေးကုသနေသည့် လူနာများအတွက်လည်း မြန်မာနိုင်ငံသို့လွှဲပြောင်းပေးပါက လက်ခံကုသမည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

ကလေးပြည်သူ့ဆေးရုံကြီးတွင် AIDS တိုက်ဖျက်ရေးနေ့ဆိုင်းဘုတ်စိုက်ထူထားစဉ်။

ယာဉ်နှင့် လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော်၊ မေ ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်မှ ၁၉ရက်အထိ အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)၏ ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၄) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(စစ်ကိုင်း)မှ တပ်ဖွဲ့ဝင်များက ပညာပေးဟောပြောမှု ငါးကြိမ်ဆောင်ရွက်ခဲ့ပြီး ပြည်သူ ၃၉၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့တွင် သမဝါယမပညာပေးသင်တန်းဖွင့်

မြင်းခြံ၊ မေ ၂၀

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုပညာပေးသင်တန်းဖွင့်ပွဲအခမ်း အနားကို မြင်းခြံမြို့၊ မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမတွင် မေ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

သင်တန်းတွင် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ သမဝါယမကောလိပ်မှ ဦးမြသိန်းနှင့် မြို့နယ် သမဝါယမဦးစီးဌာနတို့မှ စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ်ဆေးခြင်း စသည့် ဘာသာရပ်များကို ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင် တက်ရောက်ခဲ့သည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

ပြန်လည်စွန့်လွှတ်သည့်မြေယာများအား မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်

ချောင်းဆုံ၊ မေ ၂၀

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာ (အ-လ-က) ကျောင်း၌ ပြန်လည်စွန့်လွှတ်သည့်မြေယာများအား၊ မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်ဥပဒေချုပ် (နယ်မြေတာဝန်ခံ) ဦးဝင်းကြည်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကော်မတီလေးရပ်မှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားဖွင့်လှစ်ကြောင်းကြေညာပြီး၊ ဝန်ကြီးဦးမျိုးညွန့်က အမှာစကားပြောကြားရာတွင် မြို့နယ်ကိုးမြို့နယ်ရှိ ပြန်လည်စွန့်လွှတ်သည့်မြေယာများအား မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်လျက်ရှိရာ ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာတွင် မြေဧက ၂၄ ဒသမ ၇၃ ဧကကို မူလမြေပိုင်ရှင်ငါးဦးထံ ပေးအပ်မည်ဖြစ်ပြီး တောင်သူလယ်သမားများကလည်း စပါးအထွက်နှုန်းတိုးရန်အတွက် လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဘက်က တတ်နိုင်သမျှ စိုက်ပျိုးရေးနည်းလမ်းများ၊ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်လည်စွန့်လွှတ်သည့် မြေယာများအား ဝန်ကြီးဦးမျိုးညွန့်က မူလပိုင်ရှင် တောင်သူငါးဦးထံ ပြန်လည်ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ထင်းအစားထိုး ကျောက်မီးသွေးလောင်စာတောင့် တွင်ကျယ်စွာလုပ်ကိုင်

မကွေး၊ မေ ၂၀

မကွေးမြို့နယ်အတွင်းရှိ နွားကူးကျေးရွာ ကျောက်မီးသွေးစက်ရုံနှင့် သိင်္ဂီရိရပ်ကွက်၊ ချမ်းမြေ့သာယာရပ်ကွက်တို့တွင် မိသားစုအိမ်တွင်းမှုလုပ်ငန်း စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း သိရသည်။

ကျောက်မီးသွေးလုပ်ကိုင်ရန်အတွက် ကုန်ကြမ်းဖြစ်သော ရေနံချေးကျောက်မီးသွေးနှင့် မီးသွေးအမှုန့်များကို မင်းလှမြို့နယ်အပြင် အခြားမြို့နယ်များမှ မှာ၍ဝယ်ယူရကြောင်း ကျောက်မီးသွေးလုပ်ငန်းပိုင်ရှင် ဦးသိန်းဇော်က ပြောသည်။

"ကျွန်တော်တို့ ကျောက်မီးသွေးတွေကို စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေအပြင် ရှမ်းပြည်နယ် တောင်ကြီးမြို့အထိပို့ရတယ်။ ကျောက်မီးသွေးအခဲ ၄၀ ပါတစ်အိတ်ကို ခုနစ်ထောင်ကျပ်နဲ့ အရောက်ပို့ပေးတယ်။ ကုန်ကြမ်းအဖြစ်သုံးတဲ့ မီးသွေးအမှုန့်က သုံးရာကျပ် ပေးဝယ်ရတယ်။ လုပ်သားခက တစ်နေ့သုံးထောင့်ငါးရာပေးရတယ်။ ကုန်ကြမ်းကနေ ကုန်ချောထုတ်တော့ အင်ဂျင်နဲ့ကြိတ်တယ်။ ကုန်ချောရလာတော့ လေးရက် နေကုန်လှမ်းရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ ဒေသအရပ်ရပ်တွင် ရာသီဥတုကောင်းမွန်စေရန်နှင့် သစ်တောသစ်ပင် တိုးပွားစေပြီး စိမ်းလန်းလှပစိုပြည်စေရန် သစ်ပင်များ စိုက်ပျိုးလျက်ရှိသည်။ သစ်တောသစ်ပင်များ မပျက်စီး မပြုန်းတီးစေရေးအတွက်လည်း ကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ အချို့သောလုပ်ငန်းများသည် သစ်တောသစ်ပင်ပြုန်းတီးခြင်းအန္တရာယ်မှ ကာကွယ်စောင့်ရှောက်စေရန် ရည်ရွယ်၍ လုပ်ကိုင်လျက်ရှိကြပြီး၊ မိသားစုအိမ်တွင်းမှုလုပ်ငန်းအဖြစ်လည်းလုပ်ကိုင်ကြသည်။ **ခွဲထက်ရှင်**

တောင်သာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

တောင်သာ၊ မေ ၂၀

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ပညာရေးဝန်ကြီးဌာနမှ ပညာသင်နှစ်အလိုက် သက်ဆိုင်ရာမြို့နယ်များရှိကျောင်းများကို ခွင့်ပြုပေးလျက်ရှိရာ ယခုနှစ်တွင်တောင်သာမြို့လည်းပါဝင်ခဲ့သည်။

တောင်သာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ မူလတန်း ကျောင်းခွဲများဖြစ်သော ရွာလေး၊ ထန်းကျင်း၊ နေဝန်း၊ ဝါးကြီးအိုင်နှင့် ကိုယ့်အားကိုယ်ကိုး ဇဗ္ဗူသီရိမူလတန်းကျောင်းများကို အခြေခံပညာမူလတန်းကျောင်းအဖြစ်သို့လည်းကောင်း၊ အလယ်တန်းကျောင်းခွဲများဖြစ်ကြသော ဆည်ကုန်း၊ သာစည် အ. လ. က(ခွဲ)များကို အလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ အခြေခံပညာဦးစီးဌာနက တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည် ။

အဆိုပါ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိသော ကျောင်းများအနေဖြင့် ဖွင့်ပွဲအခမ်းအနားများပြုလုပ်၍ ဖွင့်လှစ်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

အင်္ဂလိပ်စာအထူးသင်တန်းများ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဖခင်အမည်မှန်

ဖခင်အမည်မှန်

ဆောင်းပါး

အသီး၊ အရွက်၊ အခေါက်၊ အမြစ် လွှင့်ပစ်စရာမရှိတဲ့ သရက်ပင်

à aZ,wkau;G

'အသီးမှာ သရက်' ဟု ဂုဏ်ခံကာ မြန်မာလူမျိုးတို့၏ နှုတ်ခံတွင်း မြိန်စရာ သရက်သီးကား ကျန်းမာရေးနှင့် လူမှုစီးပွားဘဝနယ်ပယ်၌ ကောင်းကျိုးအနန္တ များလှပေ၏။ မျိုးရင်း (ANACARDIACEAE)၊ ရုက္ခဗေဒ အမည် (Mangifera indica Linn) ဟု သတ်မှတ်ထားသည့် မြန်မာအမည် သရက်ပင်သည် အမျိုးပေါင်း များပြားသည့်အလျောက် အရောင်အဆင်း၊ ပုံသဏ္ဌာန်၊ အရသာအလိုက် အခေါ်အဝေါ် ခွဲခြားထားသော သရက်မျိုးများစွာကိုလည်း တွေ့ရှိရသည်။

သရက်သီးအစိမ်းသည် ဖန်ချဉ်သော အရသာရှိ၏။ နှုတ်ကိုမြိန်စေပြီး လေနှင့်သည်းခြေကို ပွားစေသည်။ လည်ချောင်း နာကျင်ကိုက်ခဲသောရောဂါ၊ ဆီးရောဂါနှင့် ယောနိ၌ ဖြစ်သောရောဂါတို့ကို ပျောက်ကင်းစေ၏။

သရက်သီးအမှည့်သည် ချိုမွှေးနူးညံ့၏။ လေကိုပယ်တတ်ပြီး အနာပေါက်၊ သလိပ်နာ၊ သွေးနာတို့ကို ကင်းဝေးစေ၏။ သရက်ရွက်သတ္တုရည်ဖြင့် သွေးမြင်းသရိုက်ရောဂါနှင့် နားနာ၊ နားကိုက်ရောဂါများအား ကုသနိုင်သည်။

သရက်ရွက်ခြောက်ကို ချေ၍ မီးရှို့ပြီး ရှူဆေး၊ မှိုင်းဆေးအဖြစ် အသုံးပြုပါက ကြို့ထိုးရောဂါနှင့် လည်ချောင်းနာရောဂါတို့ကို သက်သာစေသည်။ သရက်ခေါက်ကို သွေးတိုက်ပါက အဆုတ်နှင့် သားအိမ်မှသွေးယိုခြင်းကို ပျောက်ကင်းစေနိုင်ပြီး သရက်ခေါက်ပြုတ်ရည် သောက်သုံးခြင်းဖြင့် ညောင်းကျရောဂါကို ကုသနိုင်သည်။

သရက်စေ့အဆန်ကိုသွေး၍ ရှုလျှင် နှာခေါင်းသွေးယိုခြင်း ပျောက်၏။ ချွေးထွက်လွန်သူများအတွက် လိမ်းဆေးအဖြစ် အလွန်အသုံးတည့်၏။ အပူလွန်ခြင်းကြောင့် နှာခေါင်းမှ ပြည်ပုပ်၊ သွေးပုပ်ယိုလျှင် သတ္တုရည်ကို နှာခေါင်းတွင် ထည့်ပေးနိုင်သည်။ သရက်မြစ်သည် ဖန်သောသဘောရှိပြီး နှုတ်ကိုမြိန်စေပြီး လေနှင့်သလိပ်ကို ပယ်ပျောက်စေကာ အညစ်အကြေးအမျိုးမျိုးကို ချုပ်စေသည်။ ထို့ကြောင့် သရက်တစ်ပင်လုံး၏ အသီး၊ အရွက်၊ အခေါက်၊ အမြစ်တို့မှာ လွှင့်ပစ်စရာမရှိ အသုံးဝင်လှကြောင်း ဆေးပညာ၏ အထောက်အထားများအရ သေချာလှပေသည်။

သရက်ကို ကျေးရွာဒေသများရှိ ဥယျာဉ်ခြံမြေများတွင် မိရိုးဖလာ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အစဉ်အဆက် စိုက်ပျိုးခဲ့ကြပြီး သရက်ယိုလုပ်ငန်း၊ သရက်သီးကုလားတည်လုပ်ငန်း၊ သရက်ချဉ်လုပ်ငန်း လုပ်ကိုင်သူများအတွက် ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချလျက်ရှိသည်။ အညာဒေသအလှူပွဲများ၌ အလှူငါးကြော်၊ ကုလားပဲဟင်းနှင့် သရက်ချဉ်သုပ်တို့သည် လိုက်ဖက်ပနံရသော အစပ်အဟပ်တည့်သည့် ဟင်းလျာများဖြစ်သောကြောင့် သရက်သီးသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့်လည်း ဆက်နွှယ်ပတ်သက်နေပြန်၏။

သရက်ချဉ်လုပ်ငန်း လုပ်ကိုင်သူများသည် တန်ခူးလဆန်းမှစ၍ ၄၅ ရက်အတွင်း (ခါးခုတ်၊ ဂျစ်ထိုး)သရက်ချဉ်စင်းခြင်း၊ ဆားရည်စိမ်ခြင်း၊ သစ်သားရေစစ်ကန်များအတွင်း ကျောက်ဖိရေစစ်ခြင်း၊ စဉ့်အိုးသိပ်ခြင်းလုပ်ငန်းများပြီးစီးအောင် လုပ်ကြရသည်။

သရက်သီး မမှည့်၊ မဝင်းခင် လုပ်ရသောအလုပ်ဖြစ်ပြီး မိုးကျ၍ အမှည့်လိုက်လာလျှင် သရက်အမျှင်စင်းမရကြောင်း သိရသည်။ သရက်ဥယျာဉ်ပိုင်ရှင်များသည် သရက်ချဉ်လုပ်ငန်းအတွက် သုံးနှစ်သီးခေါ် မနော်သီးများကိုသာ အဓိကထားရောင်းချကြပြီး ရွှေလက်ရုံးသီးမှာ အမှည့်ရောင်းလျှင် ဈေးပိုရသောကြောင့် များသောအားဖြင့် အစိမ်းဆွတ်၍ မရောင်းကြပေ။

ကဆုန်လဆန်း မိုးပေါက်မှန်သော အချိန်များတွင် အသီးများခူးဆွတ်ကြပြီး ကုက္ကိုရွက်၊ သပွတ်ကြီးရွက်၊ ပိတောက်ရွက်များဖြင့် အသီးမှည့်စေရန် သုံးရက်ခန့် အုပ်ကြရသည်။ ပိတောက်ရွက်အုပ်သော အသီးများမှာ အခြားအရွက်အုပ်သော အသီးများထက် အရောင်ပိုလှကာ အချိုဓာတ်ပိုကဲကြောင်း တွေ့ရသည်။ အမြန်မှည့်စေရန် ဓာတုဆေးဝါးသုံးကြသူများလည်းရှိပြီး အမှည့်မြန်သော်လည်း သရက်သီး၏ အချိုဓာတ်ကို များစွာ ထိခိုက်စေကြောင်း သိရသည်။

လေ့လာ တွေ့ရှိချက်များအရ သရက်ပင်တွင် (Chemical Constituents) ပါဝင်သော ဓာတ်ပေါင်းများမှာ Flavonoids,Phenolic compounds,Glucose,Galactose,Arabonise,Xylose,Rhammose,Tannin & Sitosterol တို့ဖြစ်ကြောင်းသိရသည်။

သရက်သီးနှင့် ပတ်သက်သော ရာဇဝင်၊ သမိုင်းများလည်း ပေါ်ထွန်းခဲ့ဖူးသည်။ တက္ကသိုလ်ကျောင်းသား ခင်ရာမင်ရာ သူငယ်ချင်းများကြား သရက်မြို့မှ သူငယ်ချင်းကို အတန်းဖော် မိန်းကလေးများက "ဘယ်နေရာမှ သုံးမရရ အနည်းဆုံးတော့ သရက်သား ခုံဖိနပ်လုပ်စီးလို့ရတယ်" ဟု စနောက်ကျီစယ် တတ်ကြသော အလေ့အထ မကွေးမြို့တွင် ရှိခဲ့ဖူး၏။

အချုပ်ဆိုသော် သရက်သီး စိုက်ပျိုးရောင်းချခြင်းနှင့် ဆက်စပ်ထုတ်ကုန်လုပ်ငန်းများကြောင့် ဒေသတွင်းစီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း၊ အထောက်အပံ့ကောင်းများ ရရှိစေသည်မှာကား အမှန်ဖြစ်၏။

ပြည်တွင်းစားသုံးကုန် လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ပြီး ယဉ်ကျေးမှုအစဉ်အလာ၊ ဘာသာရေးအလှူအတန်းပွဲများနှင့် ဆက်စပ်တန်ဖိုးရှိလှသော၊ လူသားထုကျန်းမာရေးကို စောင့်ရှောက် အကျိုးပြုနိုင်သော သရက်ပင်များမှာ လွှင့်ပစ်စရာ မရှိအောင် တန်ဖိုးကြီးလှကြောင်း တင်ပြလိုက်ရပါသည်။ ။

qdkif,fSDufSif;qkdwfd

နေပြည်တော်၊ မေ ၃၀

၂၀၁၄ ခုနှစ်၊ မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ သရက်-မင်းလှ ကားလမ်းတွင် ဆိုင်ကယ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘော်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့် အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ သရက်မြို့နယ်၊ စခန်းကြီးရွာနေ စိုးလင်း (၃၆)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ မင်းအောင်(၂၃)နှစ် လိုက်ပါလာသည့် ကန်ဘို ၁၂၅ နီနက်ကျား ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်မှ သရက်မြို့နယ်၊ ကွမ်းအုံရွာနေ ငကျော်(၃၈)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ခင်မောင်ထွန်းလိုက်ပါလာသော XAJIO 125 အစိမ်းရောင်ဆိုင်ကယ်တို့ တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် စိုးလင်းပါ လေးဦးတွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ စိုးလင်းနှင့် ငကျော်တို့နှစ်ဦးအား ဘော်နယ်မြေရဲစခန်းက ယာဉ်(ပ)၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ခြင်းဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

ပျဉ်းမနား၊ မေ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် ခြင်းဆေးခွေထွန်းရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် နံနက် ၉ နာရီခွဲခန့်က ပျဉ်းမနားရဲစခန်းမှ ဒုရဲအုပ် ပြုံးမောင်မောင်သည် ရဲစခန်းတွင် တာဝန်မှူးထမ်းဆောင်နေစဉ် မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်ပွားသည့် ရန်အောင်(၂)ရပ်ကွက်၊ စည်ပင်ဂိုဒေါင်ဝင်းအတွင်းသို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ စည်ပင်ဂိုဒေါင်ဝင်းအတွင်းရှိ လိုင်းခန်းတွင် နေထိုင်သော ရဲဝင်းထွန်း ၁၉ နှစ် စည်ပင်ယာယီလုပ်သား၏ နေအိမ်လိုင်းခန်းအတွင်းတွင် ထွန်းထားသော ခြင်ဆေးခွေမှတစ်ဆင့် ခြင်ထောင်နှင့် ခေါင်းအုံးတို့အား မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း စစ်ဆေးချက်အရ သိရသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုဦးစီးမှူး ဦးချမ်းမင်းလတ်၊ ရန်အောင်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ခိုင်မင်းနှင့် တာဝန်ရှိသူများ ရောက်လာပြီး မီးသတ်ယာဉ် ငါးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ ၉ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးပေါ့ဆစွာ သုံးစွဲသူ ရဲဝင်းထွန်းအား ပျဉ်းမနားရဲစခန်းက (ပ)၂၁၉/၂၀၁၄ ပုဒ်မ ၂၈၅ဖြင့် ရေးဖွင့်ပြီး နံနက် ၁၁ နာရီ ၄၀ မိနစ်တွင် အမှုဖြင့်ဖမ်းဆီးထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုကိုရှပ

မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်

မုန်တိုင်းအန္တရာယ်ကာကွယ်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်ကြစဉ်။

စစ်တွေ၊ မေ ၃၀

စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့်၊ စည်ပင်၊ လဝက၊ ကျန်းမာရေး၊ အခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည့်အဖွဲ့ဝင်များပါဝင်သည့် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလေ့ကျင့်မှုကို မေ ၂၈ ရက် နံနက် ၉ နာရီက စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျေးတောပိုက်ဆိပ်ကျေးရွာရှိ စည်ပင်သာယာဘုန်းတော်ကြီးကျောင်းတွင် ရွာသူရွာသားများအား မုန်တိုင်းအန္တရာယ်ကျရောက်လာပါက လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးမင်းလွင်က ရှင်းလင်းပြောကြားသည်။

လက်တွေ့လေ့ကျင့်မှု ပြုလုပ်ရာတွင် မိမိနေအိမ်များမှ ပစ္စည်းများကို ထုပ်ပိုးသယ်ဆောင်ပြီး ကုန်းမြင့်၌တည်ဆောက်ထားသည့် စည်ပင်သာယာဘုန်းတော်ကြီးကျောင်းသို့ နေရာယူကြပုံကို ပြုလုပ်ကြပြီး မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုသည် နံနက် ၁၁ နာရီတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

(ဗဇရ)

ဆွေသဟာလူမှုကူညီရေးအသင်း၏ အစီအစဉ်ဖြင့် HIV-AIDS ဆိုင်ရာ အသိပညာပေးပွဲ ကျင်းပ

ကျောက်ပန်းတောင်း၊ မေ ၃၀

HIV-AIDS ဆိုင်ရာ သတင်းအချက်အလက်များနှင့် ကူးဆက်ပြန့်ပွားမှုဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို မေ ၂၈ ရက် ည ၈ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပြည်တော်သာရပ်ကွက်ရှိ ဆွေသဟာ လူမှုကူညီရေးအသင်းရုံးအနီး ကွင်းပြင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆရာဦးစရကိုမှ HIV-AIDS ဆိုင်ရာသတင်းအချက်အလက်နှင့်ကူးဆက်ပြန့်ပွားမှုဆိုင်ရာအသိပညာပေးဟောပြောဆွေးနွေးစဉ်

အဆိုပါ ဆွေးနွေးပွဲကို မန္တလေးမြို့မှ ဆရာဦးစရကို ဦးဆောင် ဟောပြောခဲ့ခြင်းဖြစ်ပြီး၊ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ လူမှုကူညီရေးအသင်းများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ၊ ပြည်တော်သာရပ်ကွက်အတွင်းမှ လူကြီး၊ လူငယ်များ၊ အလွတ်ပညာသင်ကျောင်းများမှ ဆရာများနှင့် ကျောင်းသား၊ ကျောင်းသူများ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

"အခုလို လှည့်လည်ဟောပြောရတဲ့ ရည်ရွယ်ချက်ကတော့ HIV-AIDS ရောဂါကူးစက်ပြန့်ပွားမှုနဲ့ သေဆုံးမှုတွေလျော့ကျသွားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ၂၀၁၃ ဒီဇင်ဘာ ၁ ရက်က ရန်ကုန်ကနေစပြီး တစ်ကိုယ်တော် စက်ဘီးစီးခရီးနှင်ခဲ့တာပါ။ ပဲခူး၊ ဧရာဝတီ၊ မကွေး၊ နေပြည်တော်၊ မန္တလေး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် စတဲ့တိုင်းနဲ့ပြည်နယ်တွေကို ရောက်ခဲ့ပြီးပါပြီ။ ဒီမြို့က သတ်မှတ်ဒေသတွေ အနက်က ၁၁၆ ခုမြောက်ဖြစ်ပြီး၊ ခရီးမိုင်အနေနဲ့ သွားချည်၊ ပြန်ချည် ပတ်လာခဲ့တာဆိုတော့ မိုင်ပေါင်း ၄၃၀၀ ကျော်လောက်ရှိသွားပါပြီ။ ကျွန်တော်ရောက်တဲ့မြို့တိုင်းမှာ ဒီလိုပဲ လူမှုကူညီရေးအသင်းတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျန်းမာရေးနဲ့သက်ဆိုင်တဲ့ ဟောပြော ဆွေးနွေးပွဲလေးတွေ လုပ်ခဲ့ပါတယ်"ဟု ဆရာဦးစရကိုက ပြောသည်။

၎င်း၏ခရီးစဉ်များကို ရန်ကုန်မြို့မှ ဦးကျော်သူ၏ နာရေးကူညီမှုအသင်းမှ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ခရီးစဉ်ကာလကို တစ်နှစ် သတ်မှတ်ထားပြီး ယခုအချိန်အထိ ခြောက်လ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ တောင်သာနှင့် နွားထိုးကြီးမြို့များသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

လမ်းညွှန်မီးပွိုင့်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ဖြတ်သန်းသွားလာစေရေး တောင်သာတွင် ကွင်းဆင်းဆောင်ရွက်

တောင်သာ၊ မေ ၃၀

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်အတွင်း ဖြတ်သန်းသွားလာနေသော လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် မြို့လယ်လမ်းဆုံတွင် လမ်းအချက်ပြ မီးပွိုင့်များ တပ်ဆင်ထားကြောင်းသိရသည်။

အဆိုပါ လမ်းအချက်ပြ မီးပွိုင့်ကို မြင်းခြံ-မိတ္ထီလာ မော်တော်ကားလမ်းနှင့် မြင်းခြံ-ကျောက်ပန်းတောင်း မော်တော်ကားလမ်း မြို့လယ်လမ်းဆုံရာတွင် တပ်ဆင်ထားရှိပြီး ဒေသခံပြည်သူများ မီးပွိုင့်အသုံးပြု ဖြတ်သန်းသွားလာတတ်စေရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင် ဦးဆောင်၍ ပညာပေးလမ်းညွှန်လျက်ရှိသည်။

ကျေးရွာအသီးသီးမှ တောင်သာဈေးသို့လာရောက်၍ဈေးရောင်းဈေးဝယ်ကြသူများအနေဖြင့် မီးပွိုင့်တပ်ဆင်ထားခြင်းကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း သွားလာနိုင်သောကြောင့် ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

ဆောင်းပါး

ဆေးလိပ်၊ ဆေးရွက် သည်အရေး အခွန်တိုးမြှင့် စည်းကြပ်ပေး

ယမန်နေ့မှအဆက်

ထို့ကြောင့် ဆေးလိပ်ကုမ္ပဏီကြီးများ အနေဖြင့် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဈေးကွက်မြှင့်တင် လှုပ်ရှားလာနေကြသည်။ မြန်မာနိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း အသိပညာပေးခြင်း၊ ဆေးလိပ်မသောက်ရဇုန်များဖြင့် ကန့်သတ်ခြင်း၊ ၂၀၀၆ ခုနှစ် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေများပြဋ္ဌာန်းခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ အရ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းခြင်းများဖြင့် ပြည်သူလူထုအပေါ် ကျရောက်ဆဲနှင့် ကျရောက်လာမည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ အန္တရာယ် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် ယနေ့မျက်မှောက်ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားတိုင်း ကျန်းမာပျော်ရွှင်ခွင့်အတွက် နည်းလမ်းပေါင်းစုံသုံးကာ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို ကာကွယ်နေကြပေပြီ။ ထုတ်လုပ်ရောင်းချသူနှင့် သုံးစွဲသူများဘက်မှ အင်အားကလည်း တောင့်တင်းနေဆဲ အမှန်ဖြစ်၏။

ကောင်းမှုနှင့် မကောင်းမှုသည် ခေတ်တိုင်းတွင် အားပြိုင်ရစမြဲဖြစ်သည်။ ကောင်းမှု၏ ဘက်တော်သားများအနေဖြင့် အတွေ့အကြုံနှင့် ရလဒ်များအပေါ် အခြေခံ၍ ကာကွယ်နိုင်စွမ်းကို သတ်မှတ် ကြည့်ခဲ့ကြသည်။ ဆေးလိပ်သောက်သုံးမှုအား မည်သည့်အကြောင်းအချက်များက လျော့ကျစေနိုင်သလဲ တွက်ချက်ကြည့်ခဲ့ကြသည်။

ထို့နောက် သေမည်ကိုကြောက်၍ ၁၀ ရာခိုင်နှုန်း၊ မိရိုးဖလာမသိခြင်းတရားများအား ကျန်းမာရေးအသိပညာပေးနိုင်၍ ၁၀ ရာခိုင်နှုန်း၊ မိသားစုချစ်ခြင်းတရားအပေါ် မျက်ကွယ်မပြုနိုင်၍ ၁၀ ရာခိုင်နှုန်း၊ ကိုယ်ပိုင်အသိတရားဖြင့် ထိန်းချုပ်နိုင်၍ ၂၀ ရာခိုင်နှုန်း၊ လူမှုပတ်ဝန်းကျင်နှင့် အစိုးရ၏ ကန့်သတ်မှု၊ အရေးယူမှုအပါအဝင် အခွန်စည်းကြပ်မြှင့်တင်ခြင်းအား ထိရောက်စွာ လုပ်ဆောင်နိုင်၍ ၅၀ ရာခိုင်နှုန်းဟု ရာနှုန်းများ ချမှတ်ကြည့်ကြသည်။ ဥရောပနိုင်ငံများတွင် ရလဒ်ကောင်းများထွက်ပေါ်စေသော ဆောင်ရွက်ချက်များအပေါ် အခြေခံသည့် ခန့်မှန်းတွက်ချက်မှုများလည်း ဖြစ်သည်။

သို့ဆိုပါလျှင် ကျွန်တော်တို့ နိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ် ကာကွယ်နိုင်မည့် မျှော်လင့်ချက် ၅၀ ရာခိုင်နှုန်းအား အမိအရ ဆုပ်ကိုင်လိုပါလျှင် ကန့်သတ်အရေးယူမှုနှင့် အခွန်စည်းကြပ်မြှင့်တင်မှုအား အလေးထား ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ပြည်ပသွင်းကုန်များ အခွန်စည်းကြပ်မှုအရ Tobacco ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအတွက် အခွန် ၁၅ ရာခိုင်နှုန်း၊ အချောအထည်အဖြစ် သတ်မှတ်သည့် စီးကရက်အတွက် အခွန် ၃၀ ရာခိုင်နှုန်းထားများဖြင့် Custom Duty ကောက်ခံလျက်ရှိသည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အခန်း (၅)၊ ပုဒ်မ (၁၁)၊ ပုဒ်မခွဲ (ခ) နှင့် (ဆ) တို့အရလည်း ပြည်တွင်းအခွန်ဦးစီးဌာန၏ ကုန်သွယ်ခွန် (ကုန်းပေါ်ရောက်တန်ဖိုး)ကို ဆေးရွက်ကြီး၊ ဗာဂျီနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံသောက်ဆေးများ၊ ကွမ်းစားဆေးအမျိုးမျိုးအတွက် အခွန် ၅၀ ရာခိုင်နှုန်း၊ စီးကရက်အတွက် အခွန် ၁၀၀ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံနိုင်တော့မည်ဖြစ်သည်။

အခွန်သည် ပြည်သူ့မျက်နှာကို ငဲ့နေရသော အခွန်မဖြစ်ဖို့သာလိုသည်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက်ဆိုလျှင် ထို့ထက်မကများပြားသော အခွန်ကိုပင် တိုးမြှင့်ကောက်ခံသင့်ကြောင်း အသိအမြင်ကြွယ်သော ပြည်သူများက ဆိုကြသည်။ အခွန်မြင့်မားမှုကြောင့် အမြတ်ရာခိုင်နှုန်းများစွာ လျော့ကျလာလျှင် ထုတ်လုပ်ရောင်းချသူများအနေဖြင့် မဖြစ်မနေ ဈေးနှုန်းတင်ရမည်ပဲဖြစ်၏။

သုံးစွဲသူများ၏ ထွက်ငွေယိုပေါက်ကြီးမားမှုသည် မိသားစုအတွင်း ပဋိပက္ခအသွင်အဖြစ်(သို့)ဆင်ခြင်တုံတရားအဖြစ် ပြောင်းလဲသွားမည်ဆိုလျှင် ဆေးလိပ်ကို ချစ်ချင်သလောက် ချစ်ရဲကြပါဦးမည်လား။

ကွမ်းယာဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ စတိုးဆိုင်များမှ ၅၀ ကျပ်တန် စီးကရက်တစ်လိပ်တန်ဖိုးသည် ကျပ် ၅၀၀ အထိဖြစ်လာလျှင်၊ ဖက်ကြမ်းဆေးလိပ်တစ်လိပ် ကျပ် ၁၀၀ ဖြစ်လာလျှင် အခြေခံလူတန်းစားများအတွင်း ဆေးလိပ်သောက်သုံးမှုပမာဏ လျော့ကျသွားမည်ကို အရပ်တွေးဖြင့်တွေး၍ပင် သိနိုင်ပေလိမ့်မည်။

ယနေ့ခေတ်ကား မကောင်းဘူး၊ မလုပ်နဲ့ဟုပြောလျှင် ကလေးတစ်ဦးကပင် လွယ်လွယ်ကူကူလက်ခံတတ်သော ခေတ်မဟုတ်တော့ပြီ။ ယုံကြည်မှုဖြင့် ရဲရင့်တတ်သော လူငယ်များနှင့် လူကြီးများအဖို့ကား ဆိုဖွယ်ရာမရှိပြီ။ ပြောမရလျှင် မပြောဘဲရနိုင်သည့် တစ်ခုတည်းသောနည်းလမ်းက အခွန်တိုးမြှင့် စည်းကြပ်ဖို့သာ ရှိတော့သည်။ အဆိပ်ပင်သေစေရန် အဆိပ်မြစ်အား ဖြတ်ရပေလိမ့်မည်။

Maximum Revenue Minimum Consumption ဟူသော စကားရပ်အား ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်လုပ်ငန်းရှင်များအတွက် ချောချောမွေ့မွေ့ဘာသာပြန်ပေးနေရန်လည်း မလိုအပ်ပါ။ လက်တစ်ကမ်းမှ အန္တရာယ်တစ်ခုအတွက် ယဉ်ကျေးစိတ်၊ လူကြီးလူကောင်းစိတ် မွေးဖို့ရန်လည်း အချိန်မရှိပါ။

နိုင်ငံတိုင်း၊ လူသားမျိုးနွယ်စုတိုင်းတွင် 'သေမလား၊နေမလား' မဖြစ်မနေရွေးရသည့် အချိန်အပိုင်းအခြား တစ်ခုနှင့် ပက်ပင်းတိုးရလေ့ရှိသည်ကို ကြားဖူး၊ ကြုံဖူးကြပါလိမ့်မည်။

ကျွန်တော်တို့အပါအဝင် ကျွန်တော်တို့ ချစ်မြတ်နိုးသူများအား နီကိုတင်းခေါ် ရာသေမင်းနိုင်ငံသို့ လွယ်လင့်တကူ လိုက်ပါခွင့်ပြုကြပါမည်လား။

ဆေးလိပ်အန္တရာယ်သည်အချိန်တိုင်းအတွက် အရေးပေါ်အခြေအနေပင် ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ 'ဆေးလိပ်၊ ဆေးရွက် သည်အရေး အခွန်တိုးမြှင့် စည်းကြပ်ပေး' ဟု အရေးဆိုမိပါက ကျွန်တော်၏ဘေးတွင် လူသားအကျိုး၊ ကမ္ဘာမြေအကျိုး လိုလားသူများအားလုံး အားဖြည့်ဝန်းရံ ရပ်တည်ပေးကြလိမ့်မည်ဟုပင် ကျွန်တော် ယုံကြည်နေမိပါတော့သည်။ ။

အစေ့ထုတ်ဆီးသီး၊ အေးခဲသရက်သီး၊ သရက်ပြင်တို့ကို တရုတ်သို့ တင်ပို့မည်

မန္တလေး၊ မေ ၃၀

မန္တလေးမြို့မှ အစေ့ထုတ်ဆီးသီး၊ အေးခဲသရက်သီး၊ သရက်ပြင်တို့ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၇၃×၇၄ လမ်းကြား၊ ၂၉ လမ်း၊ အမှတ်(၇၂)ရှိ သဇင်နွယ်မိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဆီးသီးပေါင်း၊ ဆီးဖျော်ရည်၊ သရက်ဖျော်ရည်၊ သရက်ပြင်များ၊ သရက်ပေါင်း၊ အေးခဲသရက်သီး၊ သရက်မျှင်ခြောက်၊ သရက်ဆားပက်ခြောက်၊ သရက်ဆီစိမ်ခြောက်များကို ၂၀၀၉ ခုနှစ်မှ စတင်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချခဲ့ရာ အနီးဝန်းကျင်ကျေးရွာများမှဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ စိုက်ပျိုးသောတောင်သူများ၏ ဝင်ငွေကိုလည်း တိုးတက်စေရန် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ရာသီသီးနှံများဖြစ်သည့် ဖရဲ၊ သခွားမွှေး၊ ဆီးသီး၊ သရက်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး ထုတ်လုပ်သည့် ပစ္စည်းများ ကုန်ကြမ်းရရှိရေးအတွက် ကုမ္ပဏီပိုင်ခြံမှ ထွက်ရှိသော ဆီးသီး၊ သရက်သီးများအပြင် ပတ်ဝန်းကျင်ဒေသများမှ ထွက်ရှိသည့် သရက်သီး၊ ဆီးသီးများအား ချိတ်ဆက်ဝယ်ယူ၍ အအေးခန်းများဖြင့် စုဆောင်းထားရှိ အသုံးပြုလျက်ရှိကြောင်း သိရသည်။

သဇင်နွယ်ကုမ္ပဏီအနေဖြင့် အစေ့မပါဆီးသီး၊ အေးခဲသရက်သီး၊ သရက်ပြင်၊ သရက်သီးအနှစ်မှ ထုတ်လုပ်သည့် သရက်ဖျော်ရည်နှင့် သရက်ဝိုင်များ ထုတ်လုပ်ကာ ကုမ္ပဏီမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ အမြတ်ခွန် ကျပ် သုည ဒသမ ၉၉ သန်းနှင့် ကုန်သွယ်ခွန် ကျပ် ၁၈ ဒသမ ၂၉ သန်း စုစုပေါင်း ကျပ် ၁၉ ဒသမ ၂၈ သန်း အခွန်ပေးဆောင်ထားကြောင်းသိရသည်။

ကုမ္ပဏီမှထွက်ရှိသော ကုန်ပစ္စည်းများအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ တရုတ်နိုင်ငံသို့ ကျပ် ၆ ဒသမ ၇၅ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ကြောင်း သိရသည်။

အစေ့မပါ ဆီးသီးပေါင်းမှထွက်သော သကြားရည်ကို ဆီးဖျော်ရည်ပြုလုပ်ပြီး ဆီးသီးကို အခွံထုတ်သဖြင့် ရရှိသောအစေ့ထဲမှ အဆန်ကို နှလုံးဆေးဖော်ထုတ်ရာတွင် အသုံးပြုကာ ဆီးသီးအခွံကို လောင်စာအဖြစ် အသုံးပြုသည်။

အေးခဲသရက်သီးနှင့် သရက်ပြင်များထုတ်လုပ်ရာတွင် ထွက်ရှိသော သရက်ခွံကို သဘာဝမြေဩဇာနှင့် အစေ့ကို အပင်ပြန်လည် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း

ကျောင်းအုပ်ဆရာမကြီးနှင့်
ဆရာမများ၊ ဝန်ထမ်းမိသားစုများ
အလက(၃)စမ်းချောင်း

(၃၄)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်၌ လက်ခံကျင်းပမည်

ရန်ကုန်၊ မေ ၃၀

(၃၄)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ (ASEAN TOURISM FORUM 2015)နှင့် အာဆီယံခရီးသွားလုပ်ငန်းပြပွဲအား မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ လာမည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သည် ဒေသအတွင်းအရေးပါဆုံးနှင့် အခမ်းနားဆုံးကျင်းပသည့် ခရီးသွားလုပ်ငန်း အစည်းအဝေးများနှင့် ပြပွဲကြီးဖြစ်သောကြောင့် အာဆီယံခရီးသွား လုပ်ငန်းဖိုရမ်ကျင်းပနိုင်ခြင်းသည် ဧည့်ဝန်ဆောင်မှုအကောင်းဆုံးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားရာ အာဆီယံဒေသအား တစ်ပေါင်းတည်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်သည့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ အဆိုပါဖိုရမ်နှင့် အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အဓိကဈေးကွက်များမှ ခရီးစဉ်ဝယ်ယူသူများ၊ ရောင်းချသူများနှင့် သတင်းမီဒီယာများဖြင့် စုစုပေါင်းဦးရေ ၂၀၀၀ နီးပါး တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"အာဆီယံဒေသကို စွဲဆောင်မှုရှိပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ဖို့၊ အာရှ-ပစိဖိတ်ဒေသအတွင်း အမြင့်ဆုံးယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ခရီးစဉ်ဒေသအဖြစ် အများပြည်သူတွေသိရှိအောင် မြှင့်တင်ဖို့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ ခရီးသွားပိုမိုရောက်ရှိအောင် စွဲဆောင်ဖို့၊ အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့နဲ့ အာဆီယံခရီးသွားလုပ်ငန်းအောက်မှာရှိတဲ့ ကဏ္ဍခွဲတွေအတွင်းမှာ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ပိုမိုခိုင်မာစေဖို့ ရည်ရွယ်ပြီးကျင်းပတာဖြစ်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျင်းပမည့်အစီအစဉ်များမှာ ဇန်နဝါရီ ၂၂ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး၊ ဇန်နဝါရီ ၂၃ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် အာဆီယံလေကြောင်းလိုင်းများအသင်း၊ အာဆီယံ ဟိုတယ်နှင့် စားသောက်ဆိုင်များအသင်း၊ အာဆီယံခရီးသွားလုပ်ငန်းအသင်းများအဖွဲ့ချုပ်၊ အာဆီယံခရီးသွားလုပ်ငန်းအသင်း ဘုတ်အဖွဲ့အစည်းအဝေး၊ ဇန်နဝါရီ ၂၄ ရက်တွင် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့အစည်းအဝေးနှင့် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ ဇန်နဝါရီ ၂၅ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ပြခန်းများမှတ်ပုံတင်ခြင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ဖွင့်ပွဲအခမ်းအနား၊ ကြိုဆိုညစာစားပွဲ၊ ဇန်နဝါရီ ၂၇ ရက်တွင် အာဆီယံခရီးသွားကွန်းဖရင့်နှင့် ပြပွဲပြသခြင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ နိုင်ငံအလိုက်ရှင်းလင်းတင်ပြခြင်းနှင့် ပြပွဲပြသခြင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ နိုင်ငံအလိုက်ရှင်းလင်းတင်ပြခြင်း၊ ပြပွဲပြသခြင်း၊ ပိတ်ပွဲအခမ်းအနား ကျင်းပခြင်းနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၆ အလံလွှဲပြောင်းပေးအပ်သည့် အစီအစဉ်များပါဝင်ကြောင်း သိရသည်။

"ဒီလိုလုပ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးလုပ်တဲ့ပွဲဖြစ်တဲ့အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းရှင်တွေ ကိုယ့်ရဲ့ခရီးသွားစွဲဆောင်မှုတွေကိုပြသဖို့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံခြားမှာလုပ်ရင် ပြသဖို့ခက်ခဲနိုင်ပေမယ့် အခုကိုယ့်နိုင်ငံမှာလုပ်တာဆိုတော့ ကိုယ့်ရဲ့ထုတ်ကုန်တွေ၊ ခရီးသွားလုပ်ငန်းတွေ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်အား နှစ်စဉ် ဇန်နဝါရီလတိုင်းတွင် အာဆီယံနိုင်ငံများအတွင်း တစ်နှစ်လျှင် တစ်ကြိမ်ခန့် အလှည့်ကျပြုလုပ်လေ့ရှိပြီး၊ ပြီးခဲ့သည့်(၃၃)ကြိမ်မြောက် ၂၀၁၄ခုနှစ်ဖိုရမ်အားမလေးရှားနိုင်ငံတွင်ကျင်းပခဲ့ကြောင်းသိရသည်။

စိုးအောင်ဖေ

ယခုဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ရှစ်ထောင်ကျော်အသုံးပြုသွားမည်

ရန်ကုန်၊ မေ ၃၀

ယခုဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သန်းပေါင်း ရှစ်ထောင်ကျော်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးငွေဝင်းက ပြောသည်။

ယခုဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရရှိမှုမှာ ယခင်ဘဏ္ဍာနှစ်များထက် နှစ်ဆကျော်မြင့်တက်လာပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၄၄၈၈ ဒသမ ၈၆ သန်း ရရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၈၂၅၂ ဒသမ ၀၁၇ သန်း ရရှိခဲ့ကြောင်း ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပြည်နယ်အတွင်းမှာ ဆောင်ရွက်မယ့်လုပ်ငန်းတွေကို မေ ၂၁ ရက်ကစပြီး တင်ဒါခေါ်ယူထားတယ်။ ဇွန် ၁၈ ရက်မှာတော့ တင်ဒါပိတ်မှာပါ။ ဇွန်လနောက်ဆုံးပတ်လောက်မှာတော့ လုပ်ငန်းစတင်မယ်။ တင်ဒါအောင်တဲ့ကုမ္ပဏီတွေအနေနဲ့ သူတို့လုပ်ငန်းရဲ့ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်စံချိန်စံနှုန်းတွေနဲ့ပြည့်မှ ငွေကိုပေးမှာပါ။ တင်ဒါခေါ်တဲ့နေရာမှာလည်း လုပ်ကိုင်ရမယ့် လုပ်ငန်းစာရင်းတွေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း အသိပေးထားတယ်။ ပြည်နယ်ရုံးမှာလည်း အပြည်အစုံကပ်ထားတယ်။ စီမံခန့်ခွဲမှုအပိုင်းမှာ ပွင့်လင်းမြင်သာမှုရှိအောင် ချင်းပြည်နယ်အစိုးရအဖွဲ့ကို လွှဲထားတယ်" ဟု ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးငွေဝင်းက ပြောသည်။

ပြည်နယ်အတွင်းရှိ လမ်း၊ တံတား၊ ရေပေးဝေရေးစနစ်၊ ဆိုလာမီးစနစ်၊ ဆင်းရဲနွမ်းပါးပြီး နေအိမ်ဖြင့်မနေနိုင်သူများအတွက် အိမ်ရာများ၊ ယင်လုံအိမ်သာများ၊ မြေပြိုကျမှုများကြောင့် ပျက်စီးသွားသည့် လမ်းပိုင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို ဒေသခံပြည်သူများ တတ်မြောက်စေရန်၊ ဥပမာအားဖြင့် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်နှင့် စက်ပစ္စည်းပြုပြင်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ချင်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၁၃၉၀၇ ကျယ်ဝန်းပြီး ဟားခါး၊ ဖလမ်း၊ မင်းတပ်ခရိုင်သုံးခု၊ မြို့နယ်ကိုးမြို့နယ်၊ မြို့နယ်ခွဲလေးခု၊ ကျေးရွာအုပ်စု ၄၇၀ နှင့် ကျေးရွာ ၁၄၀၈ ရွာ အိမ်ခြေ ၈၃၇၇၈ နှင့် လူဦးရေ ငါးသိန်းနီးပါး နေထိုင်လျက်ရှိပြီးပြည်နယ်လူဦးရေ၏ ၇၈ ဒသမ ၃၁ ရာခိုင်နှုန်းမှာ ကျေးရွာများတွင်နေထိုင်သူများဖြစ်ကြောင်းချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရှိ မှတ်တမ်းများအရ သိရသည်။

တင်မောင်ဦး

အရေးပေါ်အသုံးပြုနိုင်ရန် မြန်မာ့တိုင်းရင်းဆေး သေတ္တာများကို ကျေးရွာများသို့ဖြန့်ဝေပေး

အရာတော်၊ မေ ၃၀

မြန်မာ့တိုင်းရင်းဆေးသေတ္တာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်အသုံးပြုနိုင်ရန်အတွက် ကျေးလက်ဒေသများသို့ ဖြန့်ဝေခြင်းကို မေ ၂၇ ရက်က မုံရွာခရိုင်၊ အရာတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ လွယ်ကူထိရောက်စွာ အသုံးပြုနိုင်ရန် တိုင်းရင်းဆေးသေတ္တာအတွင်း၌ အရေးပေါ်သုံး ဆေးဝါးပစ္စည်းအမျိုး ၁၀ မျိုး ပါဝင်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းဆေးဦးစီးဌာန ဝန်ထမ်းများ၊ ကျေးလက်ဒေသမှ တိုင်းရင်းဆေးသင်တန်းသူသင်တန်းသား ၇၀ တို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တိုင်းရင်းဆေးသေတ္တာများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်းက သစ်ကျင်းကြီးကျေးရွာအုပ်စုရှိ သင်တန်းသားအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က ညောင်ခြေထောက်ကျေးရွာအုပ်စုရှိ သင်တန်းသူကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်ခင်ခင်ထွေးက ကျေးရွာအုပ်စုများရှိ သင်တန်းသူ၊ သင်တန်းသားများအား တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)











အဝေးပြေးယာဉ်များ သတ်မှတ်စည်းကမ်းနှင့် ညီညွတ်မှု ရှိ–မရှိ စစ်ဆေး

ကျောက်ပန်းတောင်း၊မေ ၃၀

ခရီးသည်ပို့ဆောင်ရေးယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့နည်းကျဆင်းစေရန် ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ညွှန်ကြားချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ယာဉ်လိုင်းများကြီးကြပ်မှုကော်မတီတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် နံနက် ၈ နာရီမှစတင်၍ ကျောက်ပန်းတောင်း-မိတ္ထီလာအထွက်လမ်းပေါ်တွင်ခရီးသည်တင်ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

မကွေး-မန္တလေး၊ ချောက်-မန္တလေး၊ ညောင်ဦး-နေပြည်တော်၊ချောက်-နေပြည်တော်၊ ညောင်ဦး-ရန်ကုန် အစရှိသည့် ယာဉ်လိုင်းများမှ ခရီးသည်တင်ယာဉ် များတွင် လုပ်ငန်းလိုင်စင်စည်းကမ်းနှင့် ညီညွတ်မှု ရှိ-မရှိ မီးသတ်ဆေးဘူး ပြည့်စုံ ကောင်းမွန်မှု ရှိ-မရှိ၊ အရေးပေါ်ထွက်ပေါက် အခြေအနေ၊ ယာဉ်မောင်း၊ယာဉ်နောက်လိုက် ပါရှိမှုအခြေအနေ၊ အရေးပေါ်မှန်ခွဲရန် တူ၊ ပုဆိန် ပါ-မပါ၊ ရောင်ပြန်ပြားနှင့်အသုံးပြု နေသည့်တာယာများ ကောင်းမွန်မှုရှိမရှိတို့ကို စစ်ဆေးပြီး၊ စည်းကမ်းနှင့်ကိုက်ညီမှုမရှိသော ယာဉ်များအား မှတ်တမ်း တင်ဆောင်ရွက်ခဲ့သည်။

ကိုနေ(ကျောက်ပန်းတောင်း)

ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ တရားမဝင် သစ် ဖမ်းဆီးရမိမှု ယခင်နှစ်ထက်ပိုမိုများပြား

ကသာ၊ မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနသည် တရားမဝင် သစ်ခိုးထုတ်မှုများကို ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ဖမ်းဆီးရမိမှု ယခင်နှစ်ထက် ပိုမိုများပြားကြောင်းသိရသည်။

၎င်းသစ်တောဦးစီးဌာန အနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီမှ ၂၀၁၄ ခုနှစ် မတ်ထိ ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ်လုံး ၂၇၈ ဒသမ ၈၂၂ တန်၊ ကျွန်းခွဲသား ၃၆ ဒသမ ၀၂၉၈ တန်၊ သစ်မာသစ်လုံး ၁၄၂ ဒသမ ၅၁၈ တန်၊ သစ်မာခွဲသား ၆ ဒသမ ၅၅၃၉ တန်၊ အခြားသစ်လုံး ၃၅၂ ဒသမ ၈၅၅ တန်၊ အခြားသစ်ခွဲသား ၁၂၄ ဒသမ ၄၉၈၇ တန် စုစုပေါင်း ၉၉၀ ဒသမ ၂၃၃၄ တန်ကို ဖမ်းဆီးရမိခဲ့ပြီး တရားခံ ၂၉ ဦး၊ မော်တော်ယာဉ် ၁၀ စီး၊ သစ်စက်အင်ဂျင်ခြောက်လုံး၊ ဆက်စပ်ပစ္စည်း ၂၄ မျိုးတို့ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်သစ်တောဦးစီးဌာန၏ဘဏ္ဍာနှစ်အလိုက် သစ်ဖမ်းဆီးမှုနှိုင်းယှဉ်ချက်များ အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ဖမ်းဆီးအရေးယူမှုမှာ ကျွန်းသစ်လုံး ၅၀ ဒသမ ၀၅၀ တန်၊ ကျွန်းခွဲသား ၈ ဒသမ ၇၃၄၃ တန်၊ သစ်မာသစ်လုံး ၅ ဒသမ ၁၉၈ တန်၊သစ်မာခွဲသား ၃၈၇ ဒသမ ၃၉၈၃ တန်၊ အခြားသစ်လုံး ၁၁၉ ဒသမ ၅၁၈၇ တန် စုစုပေါင်း ၅၆၃ ဒသမ ၆၅၇၄ တန် ဖမ်းဆီးအရေးယူမှုပေါင်း အကြိမ် ၇၀၊ တရားခံ ၁၅ ဦး၊ သစ်စက်အင်ဂျင်နှစ်လုံး၊ ဆက်စပ်ပစ္စည်း ၃၄ မျိုးတို့ကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ ဒေသတွင်းသစ်တော သစ်ပင်များ ကာကွယ်စောင့်ရှောက်ရေး၊ သစ်တောစိုက်ခင်းများ တည်ထောင်ရေးလုပ်ငန်းများအား လမ်းညွှန်ချက်နှင့်အညီ စီမံချက်ချမှတ်၍ နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း လည်းသိရသည်။

စိုင်းလှုမင်း

နွားထိုးကြီးမြို့နယ်၊ကျီးကန်ကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးတံတားဖွင့်လှစ်

နွားထိုးကြီး၊ မေ ၃၀

နွားထိုးကြီးမြို့နယ်၊ ကျီးကန်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ကျီးကန်ကျေးရွာနှင့် မှက္ခရာကျေးရွာချင်းဆက်တံတားအား ဧပြီ ၃၀ ရက်မှစတင်၍ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မေ ၁၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကို ကျီးကန်ကျေးရွာအုပ်ချုပ်ရေးမှူးက ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

တံတားပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၃၅ သိန်းအကုန်ကျခံကာ ပြုပြင်တည်ဆောက်ခဲ့ပြီး တံတား၏ခံနိုင်ဝန်အားကို ပြုပြင်ထားရာ ကုန်တင်ယာဉ်(၁၂)ဘီးကားများ ဖြတ်သန်းသွားလာနိုင်သည်အထိ ပြုပြင်ဆောင်ရွက်ထားကြောင်း သိရသည်။

၎င်းတံတားသည် ကျီးကန်ကျေးရွာ တစ်ရွာတည်းသာမက ဒေါင့်ဘိုး၊ မန္နိုင်းသာ၊ ငှါစည်၊ တာပယ်၊ သဲတောကန်ကျေးရွာများပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကျီးကန်ကျေးရွာ အထောက်အကူပြုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ယခုအခါတွင် မိုးရာသီ၌ ယာဉ်များသွားလာနိုင်ရေးအတွက် ကျီးကန်မှ မှက္ခရာလမ်းကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်ပြုပြင်ဆောင်ရွက်ထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

တင့်လွင်ဦး(မြို့နယ် ပြန်/ဆက်)

သတင်းတို

ပုလဲသွယ်မျိုးစပါး စံပြကွက် ရိတ်သိမ်း

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ရေဖြူရွာ အကျဉ်းဦးစီးဌာန အမှတ်(၅) ဆင်ဖြူရှင်စခန်းမှ ထောင်မှူးကြီး ဦးသိန်းဇော်နှင့် ဝန်ထမ်းများက ကွင်းအမှတ် ၅၁၉ တွင် နွေစပါးစိုက်ကွက် ငါးဧကအား ရေသွင်းစိုက်ပျိုးလျက်ရှိသော ပုလဲသွယ်သက်ငယ်မျိုးစပါးစိုက်ကွက်အား မေ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ၆ ဒသမ ၇ ပေရှိ စံကွက်သုံးကွက်အား စုပေါင်းရိတ်သိမ်းကာ စပါးခြွေ၍ စံနှုန်းယူခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နန်းသာရီ







စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၂/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့်လည်းကောင်း ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/LP/MCY/CAP/ T/1(2014-2015)	Toyota Towing Tractor (Brand New) for Aviation Dispenser	4 Nos	Kyats
(၂)	MPPE/LP/MCY/CAP/ T/2(2014-2015)	Server,and Accessories	11 Items	Kyats
(၃)	MPPE/LP/MCY/CAP/ T/3(2014-2015)	Projector,Copier,Printer,Fax and Scanner	5 Items	Kyats
(၄)	MPPE/LP/MCY/CAP/ T/4(2014-2015)	Air Conditioner	5 Sets	Kyats
(၅)	MPPE/LP/MCY/ T/1(2014-2015)	Battery	2 Items	Kyats
(၆)	MPPE/LP/TTS/T/1 (2014-2015)	Tyre with Tube and Flap	2 Items	Kyats
(၇)	MPPE/LP/CHEM/T/1 (2014-2015)	Shell Water Detector Capsules	890 Boxes	Kyats
(၈)	MPPE/MCY/CAP/T/1 (2014-2015)	400 IGPM Fuel Transfer Centrifugal Pump (Motor Driven) and 300 IGPM Fuel Transfer Centrifugal Pump (Engine Driven)	2 Items (each 2 nos)	USD
(၉)	MPPE/MCY/CAP/T/2 (2014-2015)	Fire Fighting Angus Engine Driven Pump With Trailer Inductor	2 Sets	USD
(၁၀)	MPPE/MCY/T/1 (2014-2015)	Butterfly Valves,Swing Joints,Expansion Joints and Flexible Connectors	8 Items	USD

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၇-၅-၂၀၁၄ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၄-၆-၂၀၁၄ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

လုပ်ငန်းအမှတ်အသားတံဆိပ်မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ Delta ပလာဇာ၊ တတိယထပ်၊ တိုက်(ဘီ)၊ အခန်း(၃၀၃)တွင် တည်ရှိသော B Dash ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၄၇၃၃/၂၀၁၃-၂၀၁၄)သည် အောက်တွင်ဖော်ပြထားသော ဆာခူရာပန်းပုံပါ Sakura Palace စာတန်းဖြင့် လုပ်ငန်းအမှတ်အသားတံဆိပ်အား B Dash ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၅၅၅၃/၂၀၁၄ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၅၅၅၃/၂၀၁၄

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်အသားတံဆိပ်အား B Dash ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောက်လုပ်သော လူနေအိမ်များ၊ တိုက်ခန်းများ၊ ရုံးခန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ Condo များ၊ Apartment များ၊ အိမ်ရာများ အပါအဝင်အခြားအဆောက်အအုံအမျိုးမျိုးဆောက်လုပ်ရာတွင် လုပ်ငန်းအမှတ်အသားတံဆိပ်အဖြစ် ဆောက်လုပ်သည့် အဆောက်အအုံအမျိုးမျိုးပေါ်တွင်လည်းကောင်း၊ သီးခြားအနေဖြင့်လည်းကောင်း၊ ဖောင်းကြွပုံစံဖြင့်လည်းကောင်း၊ ထွင်းထု၍လည်းကောင်း၊ ထုဆစ်၍လည်းကောင်း၊ ရေးဆွဲ၍လည်ကောင်း အောက်ခံအရောင်အမျိုးမျိုးပေါ်တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍အထက်ဖော်ပြပါ လုပ်ငန်းအမှတ်အသားတံဆိပ်ကို B Dash ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အများကဖြစ်စေ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူထင်ယောင်ထင်မှားသော်လည်းကောင်း၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် တုပပြုလုပ်သုံးစွဲပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ တရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလင်းအောင်	**ဒေါ်ခင်စိမ်းဝေ**	**ဒေါ်ခင်ဖြိုးဝေ**
(စဉ်-၃၁၅၄၅)	**(စဉ်-၃၁၈၅၀)**	**(စဉ်-၃၁၆၉၅)**

အထက်တန်းရှေ့နေများ
ရုံး-အမှတ်(၄၉၀/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၁၁၀၇၉၊ ၀၉-၅၆၈၀၅၀၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-C/၁၃၊ အကွက်အမှတ်(၈၁)၊ မြေကွက်အကျယ်ပေ(အလျား၆၀ × အနံ၆၀)အကျယ်ရှိ မြေကွက်မှာ ကျေးရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်ထွေးမြင့် အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးစိုးနိုင်[၇/ဖမန(နိုင်)၀၅၃၆၁၃]က ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး အထက်ပါပါမစ်မြေကွက်နှင့် ပတ်သက်၍ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသော ဦးစိုးနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဖြူ(LL.B,D.B.L,D.M.L,D.I.L,DAPsy)
(စဉ်-၈၉၃၂)
တရားလွှတ်တော်ရှေ့နေ

ဒေါ်သီဂီစိုး(LL.B,D.B.L)
(စဉ်-၃၅၉၄၈)
ဒေါ်ဇင်မေဝင်း(LL.B,D.B.L)
(စဉ်-၃၇၀၄၈)
အထက်တန်းရှေ့နေများ

အမှတ်-၉/၁၁၊ မြေညီထပ်၊ အခန်း(၀၀၁)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၆၁၈၄

ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆၊ မြေကွက်အမှတ်-၆၇၉၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးမြစိန် အမည်ပေါက် ပါမစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဦးမြစိန်[၁၂/မရက(နိုင်)၀၇၁၈၇၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းရွှေ LL.B,D.B.L	**ဦးထက်ကို LL.B**
အထက်တန်းရှေ့နေ-၂၂၃၈၂	**အထက်တန်းရှေ့နေ-၄၁၆၂၄**
ဖုန်း-၀၉-၅၀၁၄၀၂၂	**ဖုန်း-၀၉-၄၃၁၆၅၇၄၀**

အမှတ်-၉၉၊ ပ-ထပ်(ဘယ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၇၇၅)၊ မြေကွက်တည်နေရာအမှတ်(၇၇၅)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ်(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အလျားပေ(၄၀)၊ အနံပေ(၆၀)၊ ၂၄၀၀ စတုရန်းပေ၊ (၀. ၀၅၅)ဧကရှိ ဦးကျော်မင်း(SDY-၀၀၆၆၉၉)အမည်ပေါက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ အမွေထိန်းစာရရှိပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသူ ဦးစိုးမင်း(ခ)ဦးစိုးငြိမ်း[၁၂/မဂတ(နိုင်)၀၁၇၇၈၉]က ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်တော်ဦးမျိုးမြင့်[၉/ဝတန(နိုင်)၀၂၈၄၇၃]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမြင့် ဖုန်း-၀၉-၂၁၆၅၀၉၄
အမှတ်(၇၅၄)၊ ရွှေအုတ်ဂူ(၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်။

ပိုလ်မှူးအောင်မြင့်(ငြိမ်း)[၁၄/ပသန(နိုင်)၀၀၆၈၁၉]ကိုင်ဆောင်သူ ယခင်လိပ်စာ-အမှတ်(၁၆)၊ သပြေကုန်းရပ်ကွက်၊ နေပြည်တော်မြို့နယ်၊ နေထိုင်သူသိရှိစေရန် နောက်ဆုံးအကြိမ်အကြောင်းကြားခြင်း

လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ဝင်း[၁၂/လသယ(နိုင်)၀၇၃၉၈၄]အမှတ်-၆/ခ၊ မန္တလေးလမ်း၊ လှိုင်သာယာမြို့နယ်နေထိုင်သူနှင့် ချုပ်ဆိုမှုပြုထားသော ၁၅-၁၂-၂၀၁၂ ရက်စွဲပါ နှစ်ဦးအကျိုးတူလုပ်ငန်းဆောင်ရွက်ခြင်း ကတိပြုစာချုပ်အရ လူကြီးမင်းမှ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်-၂၀ ရပ်ကွက်၊ သောင်ကြီးခွင်(မြောက်)အဆင့်(၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)ရှိ ပလပ် မြေကွက်များကို အဆင့်မြင့်အရာရှိကြီးများ(ငြိမ်း)တို့ကို လျှောက်ထားမှုပြုစေပြီး မြေကွက်များရရှိလာပါက အကျိုးတူခံစားမှုပြုရန် သဘောတူညီစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့ရာတွင် လူကြီးမင်းအနေဖြင့် အထက်ပါကိစ္စရပ်များကို ဆောင်ရွက်မှုပြုရန်အတွက် လိုအပ်သည့် ကုန်ကျစရိတ်များသုံးစွဲရန်အကြောင်းပြ၍ ကျွန်ုပ်၏မိတ်ဆွေထံမှ ကျပ်သိန်း(၃၃၀)တိတိကို အလီလီရယူခဲ့သော်လည်း မြေကွက်ကိစ္စများဆောင်ရွက်ခဲ့ခြင်းမရှိ၍ လူကြီးမင်းရယူထားသော ငွေကျပ်သိန်း(၃၃၀)ကို ပြန်လည်ပေးအပ်မှုပြုရန် အကြောင်းကြားစာထည့်သွင်းခဲ့ရာတွင် လူကြီးမင်း၏ ကိုယ်စားလှယ်ဖြစ်သူ ဒေါ်စိုးစိုးစံ[၁၄/ပသန(နိုင်)၀၃၁၁၉၈]ကိုင်ဆောင်သူ ဘားအံမြို့နယ်တွင်နေထိုင်သူမှ ကျွန်ုပ်၏မိတ်ဆွေထံသို့လာရောက်၍ အထက်ပါကိစ္စရပ်အား ပြေလည်အောင်ညှိနှိုင်းမှုပြုရန်နှင့် ပေးအပ်ရန်ရှိသည့် အထက်ပါငွေကြေးအား ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း နှုတ်ကတိဖြင့် သဘောတူညီခဲ့ပြီးနောက် သတ်မှတ်ထားသည့်နေ့ရက်တွင် ပြေလည်အောင်ဖြေရှင်းမပေးခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အကြိမ်ကြိမ်အကြောင်းကြားဆက်သွယ်မှုပြုခဲ့သော်လည်း ယနေ့တိုင်ဆက်သွယ်၍ မရသဖြင့်လည်းကောင်း၊ ဆက်သွယ်၍ရရှိသော်လည်း ပြေလည်အောင်ဖြေရှင်းပေးခြင်းမပြုနိုင်တော့ကြောင်း ပြန်ကြားချက်အရလည်းကောင်း ကြားသိရပါသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ လူကြီးမင်းအပေါ် အထက်ပါကိစ္စအား နောက်ဆုံးအခွင့်အရေးတစ်ရပ်အဖြစ် ယခုအကြောင်းကြားစာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပြေလည်အောင်ဖြေရှင်းပေးခဲ့ခြင်းမရှိပါက လူကြီးမင်းအပေါ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးမောင်မောင်ဝင်း	**ဦးအေးဟန်**
[၁၂/လသယ(နိုင်)၀၇၃၉၈၄]	**B.A(Law),LL.B,(D.B.L),(D.M.L),(D.I.L)**

တရားလွှတ်တော်ရှေ့နေ(၄၅၄၆/၈၈)
တိုက်အမှတ်(၂၈)၊အခန်းအမှတ်(၄)၊
၃-လွှာ၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၅၃၂၉၃

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၂-လမ်း၊ အမှတ်-၈ ဟုခေါ်တွင်သော ဥပစာနှင့်မြေကွက်အပေါ် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ရဲနွံ့ကျေးရွာနေ အရွယ်မရောက်သေးသူ မမြင့်မြတ်သူ(အဖ)ဦးအေးကြူ၏ အနီးစပ်ဆုံးမိတ်ဆွေ ဒေါ်စန်းစန်းဝေ[၁၂/တတန(နိုင်)၀၁၉၇၀၀]၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

အရွယ်မရောက်သေးသူ မမြင့်မြတ်သူ၏ ဖခင် ဦးအေးကြူသည် ယခင်အိမ်ထောင်ဖြစ်သူ ဒေါ်စောရွှေနှင့် ပေါင်းသင်းခဲ့စဉ်က သားသမီး(၃)ဦးထွန်းကားခဲ့ပြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ဂျီ၊ မြေကွက်အမှတ်-၁ ပဥ္စမတန်းစား(၁)၊ ဧရိယာ (၀. ၀၂၄)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၊ ၁၃၂လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဥပစာတို့အား ဒေါ်စောရွှေ၏အမွေပုံပစ္စည်းအဖြစ်ရရှိခဲ့ပြီး ဒေါ်စောရွှေသည် ၁၈-၁၁-၁၉၉၇ ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးအေးကြူသည် ဒေါ်စန်းစန်းဝေနှင့် ဒုတိယအိမ်ထောင်ပြုပြီးနောက် အရွယ်မရောက်သေးသူမမြင့်မြတ်သူအား မွေးဖွားခဲ့ပြီး ၅-၆-၂၀၁၃ ရက်တွင် ဦးအေးကြူ ကွယ်လွန်သွားခဲ့ပါသည်။ ဦးအေးကြူကွယ်လွန်ပြီးသည့်အချိန်တွင် အထက်ပါမြေနှင့်အိမ်အပေါ် အရွယ်မရောက်သေးသူ မမြင့်မြတ်သူသည် အမွေဝေစုအဖြစ် ၇ ပုံ ၁ ပုံ ရထိုက်ခွင့်ရှိသောကြောင့် အထက်ပါမြေနှင့်အိမ်အား အရွယ်မရောက်သေးသူ မမြင့်မြတ်သူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ စွန့်ကြဲခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မပြုရန် အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းဆွေ(B.A.,R.L)
တရားလွှတ်တော်ရှေ့နေ(၂၀၂၁)
အမှတ်-၈၃၊ အခန်း(၁၄-အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၇၂၇၆၊ ၀၉-၅၁၉၆၃၇၈

ဦးအောင်ဇေယျာဒွေး(LL.B)(စဉ်-၄၃၈၆၀)
ဦးအောင်ဇင်လင်းဒွေး(LL.B)(စဉ်-၄၃၈၆၁)
အထက်တန်းရှေ့နေများ

အများသိစေရန်

အမှတ်-၃၂၄(က)၊ ကောလိယလမ်း၊ (ကောလိယလမ်းနှင့် ၃၀-လမ်းထောင့်)၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၃၂၄/က၊ အကျယ်အဝန်းပေ(၂၀×၆၀) ဧရိယာ(၀. ၀၂၇၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား အိမ်ရာမြေကွက်+ယင်းအိမ်ရာမြေကွက်ပေါ်ရှိ (၁½)ထပ်၊ သွပ်မိုး၊ အုတ်ကာ၊ အုတ်ညှပ်နေအိမ်အဆောက်အအုံတို့ကို အမည်ပေါက်ပိုင်ရှင် "ဦးလရစ်(ပ်) (ဘ)ဦးလကန်တန်[၁/မကတ(နိုင်) ၀၅၆၄၀၉]ထံမှ ဒေါ်ပရီလွှန်း (ဘ)ဦးမော်ဂန့်ဂမ်[၁၃/လရန(နိုင်)၀၉၅၅၅၂]က ငွေအပြေအကျေပေးချေဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ပါသည်။ ဖော်ပြပါ ဦးလရစ်(ပ်)ထံမှ ဖော်ပြပါ ဒေါ်ပရီလွှန်း၏ခင်ပွန်း ဦးဇော်နူး(ဘ)ဦးဇော်မိုင်[၁၃/လရန(နိုင်)၀၃၄၂၄၄]က ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်-၅၈၃၆/၂၀၁၄ ရယူထားပါသည်။ ယင်းပစ္စည်းအရပ်ရပ်တို့ကို ဖော်ပြပါ ဒေါ်ပရီလွှန်းနှင့် ဦးဇော်နူးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယင်းပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား မှတ်ပုံတင်စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါအရောင်းအဝယ်ကို တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအေး(B.Ag.,H.G.P)အထက်တန်းရှေ့နေ(စဉ်-၁၂၅၉၅)
အမှတ်-၅၀၊ အခန်း(A/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ ၁၂၆-ရပ်ကွက်၊ အကွက်အမှတ်-၅၀၁၊ အမည်ပေါက် ဦးထွန်းထွန်း[၁၂/ဥကမ(နိုင်)၁၂၄၉၇၉]ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဦးကျော်ဝင်း[၁၃/လရန(နိုင်)၀၉၈၇၂၇]က စရန်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးကျော်ဝင်း[၁၃/လရန(နိုင်)၀၉၈၇၂၇]

နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များအား အလွဲသုံးစားပြုလုပ်၍ အလှုကုန်ပစ္စည်းများ လိမ်လည်ရောင်းချနေခြင်းကို အများသိရှိ သတိပြုနိုင်ရန် သတိပေးခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စွာမြင့်[၁၂/မဂဒ(နိုင်)၀၂၁၉၃၁]၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

အလှုကုန်ပစ္စည်းဆိုင်များသို့ ကမ္ဘာကျော်အလှုကုန်ပစ္စည်းကုန်အမှတ်တံဆိပ်ဖြင့် အလှုကုန်ပစ္စည်းများကို လှည့်လည်ရောင်းချရာ၌ ကျွန်ုပ်၏မိတ်ဆွေတရားဝင်အသုံးပြုလျက်ရှိသော အမှတ်-ဘီ/၇၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ လိပ်စာကိုမမှန်မကန်အသုံးပြု၍လည်းကောင်း၊ ထိုလိပ်စာတွင် အသုံးပြုနေသော ဖုန်းနံပါတ်-၀၁-၆၅၁၈၈၈၊ ၀၁-၆၅၁၉၉၉ များအား ထည့်သွင်းဖော်ပြ၍ ပြေစာအတုရိုက်နှိပ်ကာ အလှုကုန်ပစ္စည်းများအား ဆိုင်များသို့ လိမ်လည်ကာ လှည့်လည်ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်စာနှင့်ဖုန်းနံပါတ်များကို အလွဲသုံးစားပြုလုပ်ကာ ပြေစာအတုများဖြင့် အလှုကုန်ပစ္စည်းများ လိမ်လည်ရောင်းချနေခြင်းကို အလိမ်မခံရစေရန် အသိပေးကြေညာပါသည်။ လိပ်စာနှင့်ဖုန်းနံပါတ်များအား အလွဲသုံးစားပြုလုပ်ခြင်းအပေါ် တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမောင်မောင်ဝင်း	**ဒေါ်ဇင်မာအောင်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၇၇)	**အထက်တန်းရှေ့နေ(စဉ်-၄၂၅၉၃)**

မဏ္ဍိုင်ဥပဒေအဖွဲ့
အမှတ်(၁၁၃)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်/ကျွန်မတို့၏သား မောင်ဇော်မင်းနိုင်[၁၂/ဒပန(နိုင်)၀၅၁၃၂၁]သည် မိဘဂုဏ်သိက္ခာညှိုးနွမ်းအောင်လုပ်ဆောင်ပြီး နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်၍ အမွေပြတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမျိုးမြင့်[၁၂/ဒပန(နိုင်)၀၁၆၂၀၂]
ဒေါ်စန်းစန်းမြင့်[၁၂/ဒပန(နိုင်)၀၁၆၀၇၆]
အမှတ်(၃)၊ ကျောင်းတော်ရာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျင်ထွေး အသက်(၈၇)နှစ်

ပါမောက္ခဒေါက်တာမြတ်သူ-ဒေါ်ဆွေမာလွင်တို့၏ဖခင်ကြီး၊ တစ်ချိန်က နိုင်ငံတော်အတွက် မုံရွာတစ်ဖက်ကမ်း၊ ညောင်ကြီးမှ ပုလဲ ဆားလင်းကြီးဒေသ တစ်ခွင် စစ်ဆင်ရေးများတွင် မိမိနှင့် အတူ လက်တွဲခဲ့သောမိတ်ဆွေကြီး ဦးကျင်ထွေး ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်လွင်-ဒေါ်ညွန့်တင်
ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြင်
အသက်(၇၈)နှစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းဒေသကြီးမန်နေဂျာ ဦးမြင့်နိုင်၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီးသည် ၂၆-၅-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစု ဆွေမျိုးများနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါကြောင်း။

ဦးနိုင်ကိုကို-ဒေါ်သီတာအောင်
တိုင်းဒေသကြီးမန်နေဂျာ
ပဲခူးတိုင်းဒေသကြီး(အရှေ့)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးဇော်သီဟ
အသက်(၄၀)
(၃၁-၅-၂၀၁၃ မှ ၃၁-၅-၂၀၁၄)

၃၁-၅-၂၀၁၄ရက်တွင် ကွယ်လွန်သည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပါပြီ၊ သားကြီးအတွက် ရည်စူး၍ သံဃာတော်များအား လှူဖွယ်ဝတ္ထု အစုစုနှင့်ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဦးလှဝင်းနှင့် ဇော်ဗလအား ပဠွင်းခံပေးခြင်းနှင့် နေ့စဉ်၊ လစဉ်လှူဒါန်းမှု ကုသိုလ်အစုစုတို့ကို သာဓုခေါ်ဆိုနိုင်ပါစေ၊ မိတ်ဆွေ၊ သူငယ်ချင်းများအပေါ် ကူညီခဲ့သော သားကြီး၊ စိတ်ကောင်းရှိသောသားကြီး၊ မြင့်မြတ်သောဘုံဘဝသို့ရောက်ရှိပြီး ရည်စူး၍ လှူဒါန်းခဲ့သောအလှူဒါနများအား ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး သာဓု ခေါ်ဆိုနိုင်ပါစေ။

အမေကြီး၊ အန်တီကူး၊ ဦးလှဝင်း၊ အန်တီကြူး၊ ဇော်ဗလ၊
ဒေါက်တာကျော်သူရ-အိဖြိုးဦး

တစ်နှစ်ပြည့်အလွမ်း
မောင်စည်သူအောင်(ခ)မောင်ဇော်ဇော်အောင်
အသက်(၂၉)နှစ်
2nd Mate(F-G)
I.M.T(CD-30)
(၃၁-၅-၂၀၁၃ မှ ၃၁-၅-၂၀၁၄)

သားငယ်လေးရေ-

မမြဲတဲ့ သင်္ခါရသဘောကို နားလည်သဘောပေါက်၊ သတိတရား နှလုံးသွင်းပေမယ့် ကိုယ့်ပေါင်ပေါ် ကျခဲ့တဲ့မီးကြောင့် ဒီနေ့အထိ တငွေ့ငွေ့လောင်ကျွမ်းခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီ သားရယ်။

သားရှာဖွေခဲ့တဲ့ လုပ်အားခလေးနဲ့ သားအတွက် ရည်စူးပြီး မော်ဘီအောင်ဇမ္ဗူတောရ ဓမ္မရိပ်သာမှာ ဝိပဿနာအဆောင်ဆောက်လုပ်ဖို့ ဒီနေ့ထပ်မံလှူဒါန်းခဲ့တယ်။ အမေတို့ပြုခဲ့တဲ့ ပျဉ်းမနားမြို့ မင်းဝင်တောင် ဓမ္မရိပ်သာ၊ ပွင့်ဖြူမြို့ ရွှေစေတီကျောင်းတိုက်၊ ကျောက်မဲမြို့ အောင်မြေသာယာသီလရှင်ကျောင်းတိုက်စတဲ့ သာသနာပြု နေရာဌာနအသီးသီးမှာ လှူဒါန်းမှု အစုစုတို့ရဲ့ ကုသိုလ်အဖို့ဘာဂကို သားငယ်လေးနဲ့တကွ ၃၁-ဘုံရှိ အားလုံးသော ဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှ-အမျှ- အမျှ ပေးဝေပါတယ်။

ဤကောင်းမှုကုသိုလ်ကံအစုစုတို့ကြောင့် သားငယ်လေး တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတဲ့ ဘုံဘဝရရှိခံစား၊ စံစားနိုင်ပါစေ။

ကျန်ရစ်သူမိသားစု
ဖေဖေ၊ မေမေနှင့်မောင်နှမတစ်စု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်ကြည်အေး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ်(၁၅)နေ ဦးမြင့်စိုး (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်မာလာဇော်ဝင်း (ဦးစီးအရာရှိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)တို့၏ မိခင် ဒေါ်ကြည်ကြည်အေး အသက်(၈၃)နှစ်သည် ၂၉-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်
အရာထမ်း၊ အမှုထမ်း
မိသားစုများ
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘိုကြည် (၇၃)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကျဉ်းဦးစီးဌာန

အမှတ်(၄၆၃)၊ အခန်း(၅)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကြည်ကြည်ဦး [ဒုတိယညွှန်ကြားရေးမှူး၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန]၏ကျေးဇူးရှင်ဖခင် ဦးဘိုကြည်သည် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တိုက်(၆၀၈)၊ ပိတောက်အိမ်ရာ**
စက်မှုဝန်ကြီးဌာနမှ အရာထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်နွဲ့နွဲ့ (MA)
အငြိမ်းစားဌာနမှူး၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်မြို့
အသက်(၉၀)

ဦးကျော်မျိုး (CEO-မန်းရတနာပုံလေကြောင်းလိုင်း)-ဒေါ်သီသီတို့၏ အဒေါ် ဒေါ်နွဲ့နွဲ့ အသက်(၉၀)သည် ၂၈-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစု
မန်းရတနာပုံလေကြောင်းလိုင်း

ဦးဘသွင်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး(၈၉)လမ်း၊ အမှတ်(၄၂)နေ (ဦးချမ်း-ဒေါ်ညွန့်)တို့၏ သား၊ (ဒေါ်မြကျင်)၊ ဒေါ်ကြင်တီတို့၏ခင်ပွန်း၊ ဦးဝင်းမြင့်-(ဒေါ်မြမြ)တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပါမောက္ခ Dr. ဦးခင်မောင်ကြီး
အသက်(၉၀)
MBBS(RGN)F.R.C.S(Edin)
ပါမောက္ခ-ဌာနမှူး(ငြိမ်း)၊ ခွဲစိတ်ကု ဌာန၊ မန္တလေးဆေးတက္ကသိုလ်
ပါမောက္ခ(ငြိမ်း)၊ ခွဲစိတ်ကုဌာန ဆေး(၁)၊ ဆေး(၂)
အကြံပေးပုဂ္ဂိုလ်(ငြိမ်း)
တပ်မတော်ဆေးတက္ကသိုလ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ [ဗိုလ်မှူးလှမောင် (အငြိမ်းစားစက်ရှင်မင်းကြီး)-ဒေါ်လေးမေ]တို့၏သားကြီး၊ (ဦးဘဘ-ဒေါ်ချိန်ကင်း)တို့၏ သားသမက်၊ (ဒေါ်ခင်မွှေး)၏ခင်ပွန်း၊ ဦးဝင်းဟန်-ဒေါ်ကြည်ကြည်လှ၊ (ဦးဝင်းထိန်)၊ ဒေါက်တာအေးအေးကြီး-ဗိုလ်မှူးလှရွှေ(ငြိမ်း)တို့၏ဖခင်၊ Angela Gyi ၏ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၁၂၀)၊ အခန်း(၄) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်အေး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ်(၁၅)နေ (ဦးပု-ဒေါ်ကြင်)တို့၏ သမီး၊ (ဦးဇော်ဝင်း)၏ဇနီး၊ ဦးစိန်အောင်- ဒေါ်စမ်းစမ်းကြွယ် (အမက-၂၀၊ တ/၃)၊ ဦးမြင့်လွင် (M.M.M Co.,Ltd.)-ဒေါ်သီတာဇော်ဝင်း(MSTRD)၊ ဒေါ်နီလာဇော်ဝင်း (အထက-၃၊ မရမ်းကုန်း)၊ ဒေါ်စန္ဒာဇော်ဝင်း (အထက-၂၊ မရမ်းကုန်း)၊ ဦးမြင့်စိုး (ပတ်ဝန်းကျင်/သန့်ရှင်းရေးဌာန)-ဒေါ်မာလာဇော်ဝင်း (ပထသ)၊ (ဦးသူရိန်ဇော်ဝင်း)-ဒေါ်မော်မော်ဝေ (CB-Bank) တို့၏မိခင်၊ ဦးစိုးဝဏ္ဏထွန်း (SAE-YESB)-ဒေါ်အေးမိုမိုလွင် (SAE-YESB)၊ ဒေါ်နှင်းယုယုအောင်(ပ-ထ-သ)၊ ဒေါ်ဝေဝေနှင်းလွင် (MPF)၊ မဆုမြတ်မြင့်လွင်၊ မရွှန်းလဲ့ဝင်း၊ မအေးမဥ္ဇူကိုကို၊ မောင်ဟိန်းသူရဝင်း၊ မောင်ဟိန်းသီဟဝင်းတို့၏အဘွား၊ မောင်ပြည့်မှူးဝဏ္ဏ၏ ဘွားဘွားကြီးသည် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးသန့် (၆၄)နှစ်
တပ်ကြပ်ကြီး(ငြိမ်း)
BC-341872
မြိတ်-တောင်ကြီးရှမ်းခေါက်ဆွဲဆိုင်

